www.burmeseclassic.com

# ပိမိုးနှင်း

## ဘုန်းမောင့်တွက်သော



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် – ၅၀၁၁၇၇၀၉၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၉၃၅၀၇၀၈

မျက်နှာဖုံးဒီဇိုင်း ◆ အံ့ဘွယ်
အတွင်းစာစီ ◆ မြစ်ခွဲဇူစင်းကွန်ပျူတာ
ထုတ်ဝေသည့်လ ◆ ၂၀၀၈ ခုနှစ်၊ ဩဂုတ် လ
အကြိမ် ◆ ဒုတိယအကြိမ်
အုပ်ရေ ◆ ၅၀၀
ထုတ်ဝေသူ ◆ ဦးသန်းမြင့်(၀၁၀၄၀)၊ လင်းလင်းစာပေ၊
အမှတ်(၄/၂၉)၊ မြဝတီမင်းကြီးလမ်း၊
၁၀–မိုင်ကုန်း၊ အင်းစိန်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ်သူ ◆ ဦးဇော်မင်း (W!zard)၊
အမှတ်(၁၉၈)၊ ၃၃–လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပုံနှိပ် ◆ ဦးတိုးဝင်း(၀၂၄၃၁)၊
နေလရောင်အော့ဖ်ဆက်၊ (၉၆/ခ)၊
၁၁–လမ်း၊ ရန်ကုန်မြို့။
စာအုပ်ချုပ် ◆ ပပမိုးနှင့်အဖွဲ့
တန်ဖိုး ◆ ၁၂၀၀ ကျပ်


BURMESE CLASSIC .com

ပိုးမိုးနှင်း

# ဘုန်းမောင့်တွက်တာ

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
★ ပြည်တွင်းပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

## အခန်း(၁)

မောင်မြဒင်၏ အားလပ်ရက်များသည် အဆုံးသို့ရောက်ခဲ့လေ၏။

ထိုအားလပ်ရက်များသည် မြဒင်၏စိတ်၌ တစ်ကြိမ်တစ်ခါမျှ မကြုံဖူးခဲ့သော ပျော်ရွှင်ခြင်းကိုပေးသော အားလပ်ရက်များ ဖြစ်လေ၏။

အကြောင်းမူကား ထိုအားလပ်သော ရက်များ၏ အစ၌ မဝင်းကြည်နှင့် စ၍တွေ့ပြီး ထိုအားလပ်သော ရက်များအတွင်း မဝင်းကြည်နှင့်အတူ ပျော်ရွှင်စွာ သာယာသော တောမြို့၌နေခဲ့၍ ထိုအားလပ်သော ရက်များအဆုံး၌ မဝင်းကြည်ကို အပါခေါ်ငင်ယူကာ ရန်ကုန်သို့ ပြန်၍လာခဲ့လေ၏။

※ ※ ※

www.burmeseclassic.com

www.burmeseclassic.com


လွန်ခဲ့သော တစ်လလောက်မှာ ဝင်းကြည်သည် အဖော်များနှင့် အလည်အပတ် ရောက်၍လာခဲ့ရာ မြဒင်၏ အခန်း၌ ဝင်းကြည်သည် အဖော်များနှင့် တည်းခိုရလေ၏။

မြဒင်က ထိုအခါက တစ်ကိုယ်တည်းနေသော်လည်း သူ တစ်ပါးအိမ်၌ ထမင်းလခပေး၍ မစား။ မိမိပိုင် အခန်းကလေးတွင် လွတ်လပ်စွာနေ၏။

မဝင်းကြည်နှင့်အတူ ရေဝတီမြစ်ကမ်း ထောင်ကြီးမြို့ ကလေးမှ ရန်ကုန်သို့ ဘုရားဖူးလာကြသူများအနက် ခေါင်းဆောင် ဖြစ်သူ မသင်းထုံးမှာ မြဒင်နှင့် အထက်ထက်က ချစ်ကျွမ်းဝင်ခဲ့ သဖြင့် မြဒင်၏အိမ်ကိုမေး၍ လာခဲ့ခြင်းဖြစ်လေ၏။

မြဒင်သည် ထိုအခါ၌ အားလပ်ခွင့်ယူစဖြစ်လေရာ အဘယ် ကိုသွားရမည်ဟု စိတ်ဆုံးဖြတ်ချက် မချသေးသဖြင့် ဧည့်သည်များ ကို အရပ်ရပ်လှည့်လည်ကာ ပြ၍နေလေ၏။

သို့ဖြစ်လေရာ ၎င်း၏နတ်ပြည်သည် ထိုအခါကပင် အစ ပြုသည်ဟု ဆိုရပေမည်။

တည်းခိုဧည့်သည်များ ပြန်ကြသောအခါ မိမိနှင့်တကွ မိမိ၏အခန်းမှာ သေ့ချောက်ကာ ဟာလာဟင်းလင်း ဖြစ်တော့မည့် အခြေသို့ ရောက်လေ၏။

ဝင်းကြည်၏ မျက်နှာကလေးကို မြင်ရတော့မည်မဟုတ်။ ဝင်းကြည်၏ အသံကလေးကို ကြားရတော့မည် မဟုတ်။

ရွှေတိဂုံဘုရား၊ တိရစ္ဆာန်ရုံ၊ ကိုးထပ်ကြီး၊ ငါးထပ်ကြီး၊ အင်းယား စသည့် နေရာများကို အလည်အပတ်သွားသည့်အခါ ဝင်းကြည်နှင့် မိမိမှာ တစ်တွဲသတ်သတ် လွတ်လပ်ခြင်း ရခဲ့ကြ သဖြင့် တစ်ယောက်နှင့်တစ်ယောက် နီးကပ်စွာငြိခဲ့လေရာ ဝင်းကြည် ပြန်ရတော့မည်ရှိသည့်အခါ၌ မခွဲနိုင်မခွာရက် ဖြစ်၍နေလေ၏။

သို့ဖြစ်လေရာ ၎င်းတို့ပြန်မည့်ဖြစ်သော ညကျမှ လတ်တလော ဆုံးဖြတ်ချက်ကိုပြုကာ လိုက်ပါ၍သွားခဲ့လေ၏။

ထိုအခါ၌ ဝင်းကြည်သည် ၎င်းမိဘများရှိစဉ်က ပဋ္ဌာရး ဝိယယ်နီ အဆိုအကတို့နှင့် ဇာတ်ကြီးဘွဲ့ကြီးများကို သင်၍ပေးသော ဦးကြီးဖြစ်သူ ဇာတ်ဆရာဟောင်းကြီး ဦးရွှေတင်၊ ဒေါ်အောင်တို့နှင့် အတူ နေထိုင်လေရာ ၎င်းဇာတ်ဆရာကြီးနှင့် ဆရာကတော်ကြီးက ခွေမျိုးဉာတိနည်းပါးသော ဝင်းကြည်ကို သမီးပမာ ချစ်ခင်၍ နေကြလေ၏။

ဝင်းကြည်ကို ချစ်သလို မြဒင်ကိုလည်း ချစ်ကြလေ၏။

သို့ဖြစ်သောကြောင့် မြဒင်၏ အလုပ်အကိုင် အခြေအနေ စိတ်သဘောကို စိတ်ချယုံကြည်လောက်သည်ဟု အယူရှိစရာ အကြောင်းခိုင်လုံသောကြောင့် အားလပ်ရက်များ အဆုံးသို့ရောက် သဖြင့် မြဒင် ရန်ကုန်သို့ပြန်သောအခါ တစ်နည်းနည်းအားဖြင့် ဝင်းကြည် လိုက်ပါ၍လာခဲ့လေရာ ပထမတွေ့သောအခါကစ၍ ယခု မြင်းရထားပေါ်၌ နှစ်ယောက်သား တစ်ယောက်ကိုတစ် ယောက်ကိုင်ကာ ယှဉ်တွဲ၍ ထိုင်လာရသည့်အချိန်သို့တိုင်အောင် အချစ်၏လမ်းသည် ချောမော၍လာခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



မြဒင်သည် ကမ္ဘာပေါ်၌ မိမိထက် ကုသိုလ်ကံထူးသူ မိမိထက် ပျော်သူမရှိဟု အောက်မေ့လေ၏။

အတန်ကြာ ဝေး၍နေသော ရန်ကုန်မြို့မှာ အသစ်ဖြစ်၍ နေ၏။

ရှုရှိုက်ရသောလေမှာ လတ်ဆတ်စင်ကြယ်၏။

ရန်ကုန်မြို့မှ အခြား ဒိစတြိတ်နယ်သို့ အတန်ကြာ ထွက်ခွာ၍နေပြီးနောက် တစ်ကိုယ်တည်း ပြန်ရောက်လာရသူများမှာပင် မြို့ကိုမြင်ရလျှင် မြင်ချင်း အဘယ်မျှ စိတ်အားတက်ကြွခြင်းဖြစ်သည်ကို ထောက်လိုက်သော် အသစ်လတ်လတ်ဆတ်ဆတ် ပူပူနွေးနွေး တွေ့၍လာသော ချစ်သူနှင့် ယှဉ်တွဲကာ ပြန်၍ရောက်လာသော မြဒင်မှာ အဘယ်ပြောဖွယ်ရာ ရှိတော့မှာနည်း။

မကြာမီ မြဒင်၏အခန်းသို့ ရောက်သွားကြပြီးနောက် မြဒင်သည် ဝင်းကြည်ကို အခန်း၌ထားခဲ့၍ နံဘေးခန်းရှိ အသိမိတ်ဆွေ အိမ်နီးချင်းများအား ကြည့်ရှုကြဖို့ရန် မှာကြားပြီး တောက ပါလာသော လက်ဆောင်ကလေးများနှင့် အလုပ်တိုက်သို့ တန်း၍ သွားလေ၏။

ဝင်းကြည်သည်ကား အိမ်ကိုလှဖို့ သုတ်သင်ပြုပြင် ခင်းကျင်းလျက် နေရစ်လေ၏။

သို့ရာတွင် ဝင်းကြည်မှာ သေးငယ်သော အခန်းကလေးကို တုသိတာနတ်ဗိမာန်ကြီးလို့ မှတ်ထင်လေ၏။

အချစ်နှင့် ဖျော်စပ်အပ်သော သုခချမ်းသာခြင်း အမြိုက်ရည်ကို သောက်မျိုရသကဲ့သို့ဖြစ်ကာ တစ်ကိုယ်လုံးမှာ အချစ်နှင့် သုခအဟုန်ဖြင့် တရှိန်ရှိန်ဖြစ်၍နေလေ၏။



သို့ဖြစ်သောကြောင့် သိလို မြင်လို ကူညီဝမ်းမြောက်လိုသော အိမ်နီးချင်းများနှင့် အခန်းကို ရှင်းလင်းပြီးနောက် တစ်ယောက်တည်းကျန်ရှိသောအခါ မြဒင်၏ ဖြူစင်သန့်ရှင်းသော အိပ်ရာပေါ်၌ မိမိကိုယ်ကို ပစ်လှဲချကာ ချမ်းသာခြင်း၏ ရသာရှိန်ကို ငြိမ်ငြိမ်ကလေး ခံစားလျက် တကယ်မှ ဟုတ်ပါ့မလား။

တစ်လကျော်ကျော်ကလေးအတွင်း တွေ့ကြုံဖြစ်ပျက် အချစ်၏ ရဟတ်စက်မှာ ဝဲခေါ်အောင် လည်ခဲ့ရသည်မှာ အဟုတ် တကယ်ပဲလား။

ငါဟာ လူ့ပြည်မှာမှ ရှိသေးရဲ့လား။

သို့တည်းမဟုတ် အိပ်မက်၍နေခြင်း ဖြစ်လေသလား စသည်ဖြင့် တွေးတောကာ နေမိလေ၏။

✲ ✲ ✲

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

မြဒင်သည် ငြိမ်းငြိမ်းကုမ္ပဏီ တိုက်ကြီး၏ရှေ့သို့ ရောက်သွားရာ မြင်းရထားမှဆင်းပြီးလျှင် တိုက်ထဲသို့ဝင်၍သွားလေ၏။

အလုပ်သမားအားလုံးတို့သည် ၄င်းကိုမြင်လျှင် အားရဝမ်းသာ နှုတ်ဆက်ကြလေ၏။ အကြောင်းမူကား မြဒင်သည် ထိုအလုပ်တိုက်ပိုင်ရှင် သူဌေးမကြီး၏ မြှောက်စားခြင်းကို အထူးခံရသူ ဖြစ်လေ၏။

မကြာမီ သူဌေးမကြီး၏ အခန်းထဲသို့ ရောက်၍သွားလေရာ အသက်လေးဆယ်ကျော်ခန့်ရှိသော သူဌေးမကြီး ငြိမ်းငြိမ်းသည် ၄င်းကိုမြင်လျှင် မြင်ချင်း ဝမ်းမြောက်ဝမ်းသာ ကြည်ဖြူချစ်ခင်သော မျက်နှာနှင့်...

'ဩော်... မောင်မြဒင်၊ အခုမှ ရောက်လာသလား၊ ဘာဖြစ်လို့ စာများမရေးသလဲ၊ ထိုင်... ထိုင်... တောမှာ တော်တော်ပျော်ခဲ့ရဲ့လား'

ဟု အလုပ်ကိုရပ်ကာ စားပွဲပေါ်တွင် လက်နှစ်ဖက်နှင့် မေးကိုစုံထောက်လျက် မေးလေ၏။

၄င်း၏ကိုယ်မှာ ပြတင်းပေါက်မှ သက်ဆင်းဝင်ရောက်သော နံနက်ခင်းအလင်းရောင်တွင် တစ်သိန်းကျော်ဖိုးမျှ တန်လောက်သော စိန်တို့သည် မီးတောက်မီးလျှံ ပျံ၍နေကြလေ၏။

'ဘာဖြစ်လို့ စာမရေးသလဲ'

ဟူသော မေးခွန်းကို မြဒင် ကြားသောအခါ အံ့အားသင့်၍နေလေ၏။

အံ့အားသင့်၍နေသည်ကို ဒေါ်ငြိမ်း သိလေ၏။

'ဘာဖြစ်လို့ စာမရေးရသလဲ၊ မင်းကို ဒေါ်ဒေါ် ဂရုစိုက်တယ်ဆိုတာ မသိဘူးလား'

'ကျွန်တော် မသိဘူး၊ ကျွန်တော် တခြားအလုပ်သမားများထက် တစ်စုံတစ်ရာထူးတဲ့လူလည်း မဟုတ်တော့ ဂရုစိုက်လိမ့်မယ်လို့လည်း မတွေးမိဘူး'

'ထူးတာ မထူးတာ အပထားလိုက်၊ မင်းဦးကြီးနဲ့ပတ်သက်တော့ ဒေါ်ဒေါ်နဲ့ အများကြီးနီးစပ်တာပဲ၊ ဒေါ်ဒေါ်က ရှေးဦးပထမ မင်းကို တယ်ပြီးတော်လိမ့်မယ် မထင်ဘူး၊ မင်းဦးကြီးက ပြောလို့သာ အလုပ်ထဲ သွင်းလိုက်ရတာပဲ၊ နောက် တဖြည်းဖြည်းမှ သိတယ်၊ ဒေါ်ဒေါ် ပေါ့ပေါ့ဆဆနေတယ် မှတ်လို့လား၊ ဒေါ်ဒေါ်က ခရစ်ယာန်၊ မင်းက ဗုဒ္ဓဘာသာ၊ သို့သော် အရေးကြီးတာ သွေးနီးရာဆိုတာလိုပဲ၊ ဘာသာဆိုတာ စိတ်၏ အထင်အမြင်မျှရယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဆွေမျိုးဆိုတာက သွေးပါတာ၊ ယနေ့ ခရစ်ယာန်၊ နက်ဖြန် မူဆလင် ဖြစ်နိုင်တာမျိုး၊ အမျိုးအရိုးက ပြောင်းလဲလို့ရတာမျိုး မဟုတ်ဘူး။ ယခု နေရာတစ်ခု လပ်နေတယ်၊ ဒါကြောင့် မင်းကို ဒေါ်ဒေါ် မျှော်နေတာပဲ၊ မောင်သာဒင် ဆုံးသွားရှာပြီ’

‘သြော်… ကိုသာဒင် ဆုံးသွားပြီလား၊ ဘာရောဂါနဲ့လဲ ဒေါ်ဒေါ်’

‘ရုတ်တရက် အပြင်းဖျားပြီး သုံးရက်သာ ခံရတယ်၊ ဆရာဝန်ကတော့ အူရောင်တယ် ပြောတာပဲ၊ ဒေါ်ဒေါ်လည်း တတ်နိုင်သမျှ ကြိုးစားပြီး ဆေးဆရာဝန်ကြီးများနဲ့ ကုတာပဲ၊ မရဘူး’

‘နှမြောစရာ သိပ်ကောင်းတာပဲ ဒေါ်ဒေါ်၊ အင်မတန်တော်တဲ့ မန်နေဂျာတစ်ယောက်ပဲ’

‘တော်ပါတယ်၊ သို့သော်လည်း လူကြီးများက တစ်ခါတစ်ခါ ဒီလို ဖယ်ပေးမှ လူငယ်များ တက်လမ်းရှိတာပဲ၊ မင်း သူ့နေရာကို ယနေ့ စဝင်ရမယ်’

‘ကျွန်တော် လုပ်နိုင်ပါ့မလား ဒေါ်ဒေါ်၊ အတက်မြန်လှချည်လား’

‘နိုင်အောင် လုပ်ရမယ်၊ ဒေါ်ဒေါ်အခန်းထဲမှာ လုပ်ရမယ်၊ အခက်အခဲတွေ့ရင် မေးတာပေါ့၊ မင်းမှပဲ စိတ်ချရမယ်၊ မင်းဦးကြီး မရှိကတည်းက စိတ်ချရဖို့ လူကို မမြင်ဘူး၊ သာဒင်တစ်ယောက် တော်သလိုလို ရှိပါရဲ့’



မြဒင်၏ ဝမ်းမြောက်ခြင်းမှာ အတိုင်းအရှည်မရှိအောင် ကြီးမားလေ၏။

ယခုလက်ရှိ ရနေသောလခမှာ လွန်စွာနည်းလေရာ ‘နောင်ခါလာ နောင်ခါချေး၊ ကံပေးလျှင် ကြီးပွားမှာပဲ’ဟု အားကိုးကာ စွန့်စား၍ မိန်းမကို ယူခဲ့ခြင်းဖြစ်လေ၏။

ယခုသည်ကား အချစ်ဆုံးသော မိန်းမကို ရသည်နှင့် တစ်ပြိုင်တည်း အလုပ်အကိုင် လခတိုးတက်ဖို့ရန် အသင့်ကြိုတင် စီမံ၍ထားသလို ဖြစ်လေ၏။

အရှည်သဖြင့် ချမ်းချမ်းသာသာ ပျော်ပျော်ရွှင်ရွှင်နေရဖို့ရန် နိမိတ်ကောင်းပဲ။

မဝင်းကြည်များသိရင် သိပ်ဝမ်းသာမှာပဲ စသဖြင့် ဆင်ခြင်ကာ ဝမ်းသာအားရနှင့် ကျေးဇူးတင်အားကြီးသဖြင့် စကားမပြောနိုင်ဘဲ နေလေ၏။

‘ယခုလုပ်ရမယ့် တာဝန်ဟာ သာဒင် လုပ်စဉ်အခါကထက် အများကြီးပိုကြီးလိမ့်မယ်၊ အားလုံး ကိုယ့်ပစ္စည်းလို သဘောထားမှ ဖြစ်မယ်၊ မင်းအလုပ်ကို နားလည်လို့ စိတ်ချရရင် အဒေါ်လည်း အနားယူမယ်လို့ စိတ်ကူးတယ်၊ အဒေါ်ကို ကူညီပါဦး’

မြဒင်သည် ဒေါ်ငြိမ်းနှင့် ဆွေမျိုးနီးစပ်တော်သော်လည်း သွေးမစပ်၊ မိမိ၏ ဦးကြီးနှစ်ဝမ်းကွဲနှင့်ပတ်သက်၍သာ တော်စပ်သည်ကို သိသဖြင့် မိမိအပေါ် အဘယ်မျှပင် ကောင်းစေကာမူ ရောင့်တက်ခြင်းမရှိ။ အခြားစာရေးများကဲ့သို့ပင် အလုပ်ကို လုပ်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



မိမိကို ဤမျှလောက် ချီးမြှင့်လိမ့်မယ်ဟု အဘယ်အခါကမှ တွေးထင်ခြင်း မရှိခဲ့ချေ။

ယခုမှ သိရသဖြင့် မြဒင်မှာ လွန်စွာ အံ့အားသင့်၍နေလေ၏။

ဒေါ်ငြိမ်းသည် အသက်ပင် အတော်ကြီးသော်လည်း ဝတ်ဆင်၍ထားသည့်အခါ ထိုမျှလောက်ကြီးသည်ဟု မထင်ရချေ။

ငယ်ရွယ်စဉ်အခါက မိန်းမချောတစ်ယောက် ဖြစ်ခဲ့ဖူး၏။

အမှတ်လက္ခဏာများသည်လည်း လုံးလုံးကြီး မကွယ်ပျောက်သေးချေ။

ဒေါ်ငြိမ်းသည် မြဒင်ကို စိုက်၍ကြည့်ပြီး…

'ယနေ့ကို ဘယ်မှမသွားနဲ့၊ ဒေါ်ဒေါ်နဲ့ ထမင်းစားရမယ်'

ဟု ပြောလေ၏။

မြဒင်သည် မျက်နှာကို မော်ကာကြည့်၍နေလေ၏။

'ဘာဖြစ်သလဲ၊ အဒေါ်နဲ့ ထမင်းမစားချင်ဘူးလား'

မြဒင်သည် ရှက်ကိုးရှက်ကန်း အမူအရာနှင့်ကြည့်ကာ…

'ဘယ်မှသွားစရာ မရှိပါဘူး၊ ကျွန်တော့်မိန်းမ မျှော်နေမှာကြောင့်ပါ'

'ဟင်… ဘယ်တုန်းက မိန်းမရသလဲ'ဟု မျက်နှာထားပြောင်းလဲကာ မျက်လုံးပြူးလျက် မေးလေ၏။

မြဒင်မှာ ဒေါ်ငြိမ်း၏ မျက်လုံးအရှိန် မခံမရပ်နိုင်အောင်ရှိလေ၏။



'ယခု တောကိုသွားရင်း ရလာတယ် ဒေါ်ဒေါ်ရဲ့'

ဒေါ်ငြိမ်းသည် မင်နှိပ်စက္ကူကို ခဲတံနှင့်ထိုးကာ ခြစ်ကာစဉ်းစား၍နေလေ၏။

၎င်း၏မျက်နှာမှာ ကြည်လင်၍နေရာမှ မိုးအုံ့သလိုဖြစ်၍သွားလေ၏။

ထို့နောက် မော်ကြည့်ကာ…

'ဘာပြုလို့ အဒေါ်ကို မတိုင်ပင်သလဲ၊ မင်းအသက် နှစ်ဆယ်ကျော်ရုံ ရှိသေးတယ်၊ လွတ်လွတ်လပ်လပ် မနေနိုင်ဘူးလား၊ ငါကြီးပွားအောင် ကြည့်မလို့ ကြံနေတဲ့အထဲမှာ မိန်းမကို ယူဖြစ်အောင်သွားယူတာ အထင်နဲ့ အမြင်နဲ့ လွဲအောင်လုပ်တာပဲ၊ အရင်က ဘာပြုလို့ ဒီအကြောင်းကို မပြောသလဲ'

'ပြောဖို့မလိုဘူးထင်တာနဲ့ မပြောဘဲနေတာပဲ'

'အလုပ်အကိုင် ကြီးပွားဖို့ကို အရင်မကြံ၊ မိန်းမယူဖို့ကို အရင်ကြံတာ အင်မတန်မိုက်တယ်လို့ ဆိုရမှာပဲ'

'ကျွန်တော်တို့ ချစ်လို့ယူတာ၊ လိမ္မာတာ မိုက်တာကို မတွေးမိဘူး'

'ဘာမဆို စဉ်းစားပြီးမှ လုပ်ရတယ်၊ အခုလို အလောသုံးဆယ် မလုပ်ရဘူး'

'လောကမှာ လုပ်သမျှအလုပ်ကို စဉ်းစားနေရရင်ဘယ်အလုပ်မှ ပြီးမှာမဟုတ်ဘူး၊ ဘယ်သူမဆို ကိုယ်ကြိုက်ရာ ကိုယ်လုပ်ဖို့ လွတ်လပ်ခြင်းရှိတယ်လို့ ကျွန်တော် သဘောရတာပဲ'

www.burmeseclassic.com

www.burmeseclassic.com

'လွတ်လပ်ခြင်းကို မင်း အင်မတန်လိုချင်ကြောင်း အခုမှ သိရတယ်၊ မင်း ပြန်လွတ်လပ်စေမယ်၊ မင်းအကြောင်းကို အခုလို စောစောသိရတာ ကံကောင်းတာပဲ'

ဟုပြောပြီး ချက်စာအုပ်ကိုယူ၍ နှစ်တစ်ဝက်၏ လခငွေ ခြောက်ရာကိုရေးပြီး…

'ရော့… ဒါ မင်္ဂလာဆောင်အတွက် လက်ဖွဲ့လိုက်တာပဲ၊ မင်း အင်မတန်မှလိုလားတဲ့ လွတ်လပ်ခြင်းကိုလည်း သဘောရှိ ယူသွားပေတော့၊ မင်းကို အခေါ် အသုံးမပြုလိုဘူး'

ဟု ပြော၍ ပေးလိုက်လေ၏။

မြဒင်သည် ချက်ကို ဆုတ်ပစ်ချင်၏။

သို့သော်လည်း ထိုချက်မှမရှိရင် အဘယ်ပုံ နေကြရမည်ကို စဉ်းစားမိလေ၏။

အထူးသဖြင့် ဝင်းကြည်ကို ဒုက္ခခံရဖို့ ရန်ကုန်သို့ခေါ်၍ လာသလို ဖြစ်တော့မည်ဟု အောက်မေ့လေ၏။

သို့ဖြစ်သောကြောင့် ချက်ကို လက်ထဲ၌ဆုပ်ကိုင်ပြီး ဒေါ်ငြိမ်း၏မျက်နှာကို မကြည့်ဘဲ ထိုင်ရာမှထ၍လာလေ၏။

မြဒင်သည် အဖြစ်အပျက်ကို ဝင်းကြည်အား ပြော၍မပြဟု စိတ်အကြံပြုလေ၏။

သို့သော်လည်း အိမ်သို့ရောက်ပြီးနောက် ငါးမိနစ်လောက်ကြာသောအခါ အကုန်ပြောမိလေ၏။

ထိုအခါ ဝင်းကြည်သည် မြဒင်၏လည်ကိုဖက်ကာ…



'ဘယ့်နှယ်လဲ ကိုမြဒင်၊ ကျွန်မအတွက် ချက်ချင်းဒုက္ခတွေ့ရတော့တာပဲ'

ဟု အားငယ်စွာ ပြောလေ၏။

'မကြောက်ပါနဲ့ ကြည်ရယ်၊ ဒီအလုပ်ပြုတ်ရင် အခြားအလုပ်တွေ ရှိပါသေးတယ်၊ အားငယ်စရာ မရှိပါဘူး၊ ကိုယ့်အစွမ်းနဲ့ ကိုယ့်ဘာသာ ကြီးပွားဖြစ်ထွန်းနိုင်တယ်ဆိုတာ မကြာမီ သိကြရပါစေမယ်'

ဟု အားပေးလေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

ဝင်းကြည်သည် ပွဲရမှန်း မသိ၊ တေးဆို မပျက်ချေ။

နေထွက်မှ နေဝင်တိုင် ချက်ပြုတ်လုပ်ကိုင် လျှော်ဖွပ်လျက် အမြဲ တေးဆိုလေ့ရှိသဖြင့် အိမ်မှာ လွန်စွာသာယာလေ၏။

မြဒင်သည် ငွေကလေး ခြောက်ရာမကုန်မီ အလုပ်ရအောင် နေ့စဉ်သွားလာ၍ အလုပ်အကိုင် ရှာဖွေလေ၏။

ဝင်းကြည်သည် ချွေတာသုံးစွဲလျက် ချက်ပြုတ်လုပ်ကိုင်၍ အိမ်အလုပ်များကို ကျေပွန်အောင် အမြဲတေးဆိုလျက် လုပ်လေ၏။

မြဒင် အိမ်သို့ပြန်လာသည့်အခါ ကောင်းမွန်စွာ စားရအောင် ကြံ့ကြံ့စည်စည် ဖွယ်ဖွယ်ရာရာကလေးများကို လုပ်ကိုင်ချက်ပြုတ်၍ ထားလေ့ရှိ၏။

မြဒင်ကလည်း အလုပ်ရှာ၍မရသဖြင့် စိတ်လက် မချမ်းမသာဖြစ်ခြင်းကို မပြဘဲ အားရဝမ်းသာ အမူအရာအမျိုးမျိုးနှင့် ပြန်၍လာပြီး…



'ဘာချက်သလဲ ဝင်းရေ၊ ဘာများ အဆန်းစီမံသေးသလဲ ကြည်ရဲ့'

ဟု နှာခေါင်းဖြင့် ဟင်းလျာပွဲရံရနံ့ကိုခံရင်း ပျာယီးပျာယာ စားချင်သော အမူအရာမျိုးနှင့် မေးလေ့ရှိ၏။

မောပန်းစွာ အိမ်သို့ပြန်လာတိုင်း ဝင်းကြည်၏ တေးဆိုသံကို ကြားရသဖြင့် အမောပြေခဲ့၏။

မြဒင်မှာ အလုပ်မရသဖြင့် စိတ်မကောင်းသော်လည်း လက်ရှိငွေကလေး မကုန်သေးသဖြင့် အနည်းငယ် ပျော်ရွှင်ဟန်ဆောင်၍ နေနိုင်၏။

ဝင်းကြည်အား စိတ်ပူစရာ တစ်စုံတစ်ရာမရှိရအောင်ပြော၍ထားသဖြင့် လင်ယောကျ်ားကို လုံးလုံးကြီးအားကိုးသူကလေးမှာ အပူကိုမသိရှာဘဲ ငှက်မကလေးပမာ တေးသံဖြင့် လင်ယောကျ်ားနှင့်တကွ အိမ်နီးချင်းများကိုပါ ဖြေဖျော်၍နေလေ၏။

သို့နေလေရာ တဖြည်းဖြည်း လက်ရှိငွေကလေးသည် အဘယ်မျှပင် ချွေတာသုံးစွဲစေကာမူ သိသိသာသာလျော့လာလေ၏။

မြဒင်သည် အလုပ်ကို ဆက်လက်ရှာလေ၏။ သို့သော်လည်း တစ်စုံတစ်ယောက်က အလုပ်မရအောင် လုပ်၍ထားသလိုဖြစ်သဖြင့် ရခါနီးမှ လွဲခဲ့၏။ တစ်ခါ၊ နှစ်ခါမှာ စကားသေချာပြီးမှ လွဲခဲ့၏။

သို့ဖြစ်လေရာ မြဒင်မှာ ရွှင်ဟန်ဆောင်၍ မရတော့ချေ။ ရွှင်ပျစိုပြည်ခြင်းလည်း ခန်းခြောက်စပြုလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝင်းကြည်၏ သာယာသော အသံကလေးသည်လည်း တဖြည်းဖြည်း ဆုတ်ယုတ်ခဲ့၏။

အခါများစွာ မြဒင်သည် စကားမပြောဘဲနေလေ၏။ ဝင်းကြည်သည် အကဲကိုသာ ခတ်ရရှာလေ၏။

မြဒင်မှာ အလုပ်ကြမ်းကိုသော်မှ လုပ်ချင်ပါလျက် ရှာ၍ မရချေ။

ထိုအခါသည်ကား တိုင်းပြည်၌ ငွေကြေးရှားပါး၊ ကုန်သည် ဈေးများကလည်း တိုးတက်၊ လွန်စွာ အသက်မွေးကျပ်၍နေသော အခါသမယကြီး ဖြစ်လေ၏။

တစ်နေ့သ၌ ဝင်းကြည်သည် သူငယ်ချင်းဟောင်း ဓာတ် ဆရာကတော်တစ်ယောက်နှင့် သိမ်ကြီးဈေးမှာ တွေ့လေ၏။

အုန်းစိန်နှင့် ဝင်းကြည်မှာ ရပ်ခွေရပ်မျိုး ငယ်သူငယ်ချင်း ဖြစ်ခဲ့၏။

သို့ဖြစ်သောကြောင့် အားရပါးရ နှုတ်ဆက်စကားပြော ကြရာတွင် အုန်းစိန်က ဝင်းကြည်အပေါ် များစွာအထင်ကြီးလျက် အခြေအနေကို မေးလေရာ တင့်တင့်တယ်တယ် မြို့လယ်မှာ အခန်း နှင့် လင်မယားနှစ်ယောက်တည်းနေကြောင်း ကြားသိရသဖြင့် အုန်းစိန်မှာ များစွာအားကျလျက်…

'ဝမ်းသာတယ် ကောင်မရယ်၊ ညည်းယောက်ျားက လခ စားမို့ ငါတို့ထက် အများကြီးပိုပြီး ချမ်းသာမှာပဲ၊ ငါတို့မှာတော့ ခါရာသီလိုက်လို့ အလုပ်လုပ်ရတာပဲ၊ အကျိုးမရှိလှပါဘူး၊ အပြို



ကလည်း အင်မတန်များတာပဲ၊ ဓာတ်သမားတွေကိုလည်း အင်မတန် ကညှုရ ချော့ရတာပဲ၊ ငါ့ယောက်ျားကတော့ ဓာတ်ဆရာပေမယ့် ကိုယ်တိုင်အတီးအမှုတ်ဘက်က နာမည်ရတာမို့ နည်းနည်းတော့ တော်ပါသေးရဲ့၊ စီးပွားဥစ္စာ တိုးတက်ချမ်းသာဖို့တော့ မရှိပါဘူး၊ ထမင်းကလေး မှန်မှန်စားရရုံရှိတာပါပဲ'

ဟု ပြောလေ၏။

ဝင်းကြည်သည် ၎င်းကို ကျိတ်ကာ အားကျလေ၏။

အာဖဲဖြစ်ဖြစ် ကိုယ်ပိုင်အလုပ်ကို လုပ်စားရသူများမှာ ပြုတ်လပ်ဖို့တော့ မရှိဘူး။

လခစားလုပ်ရသူမှာသာ အလုပ်မရှိရင် ကျပ်တာပဲဟု အောက်မေ့လေ၏။

'ယခုလိုပုံဖြင့် ညည်းမှာ စာရေးကြီးကတော် ဖြစ်နေလေ တော့ သင်ထားတဲ့ ပညာတွေလည်း အသုံးမပြုရတော့ဘူးပေါ့လေ၊ ရှိမှရှိသေးရဲ့လား၊ ညည်းလိုများ ငါတတ်ရင် သိပ်ဟန်ကျမှာပဲ၊ ညည်းလိုတော်တာ ရန်ကုန်မှာ တစ်ယောက်မှ မတွေ့ရသေးဘူး'

ဟု ပြောလေ၏။

ဝင်းကြည်သည် ၎င်းစကားများကို ကြားသောအခါ နဂို က ဝါသနာပါပြီးဖြစ်သဖြင့် အဆိုအကအလုပ်ကို လွန်စွာလုပ်ချင် လေ၏။

သို့သော်လည်း အဘယ်မျှပင် ဆင်းရဲစေကာမူ မြဒင်က လုပ်ဖို့ အခွင့်ပေးမည်မဟုတ်သည်ကို သိရသောကြောင့် တစ်စုံ

www.burmeseclassic.com

www.burmeseclassic.com



တစ်ရာ မပြောဘဲနေလေ၏။

'ညည်းမှာ အသံလည်းကောင်း၊ ရုပ်လည်း ဆိုစရာမရှိ အတီးလည်းတတ်၊ အကတော့ ငါတို့ မျက်မြင်ပဲ၊ ညည်း စာရေးကြီးကတော်ဖြစ်နေလို့ပေါ့အေ၊ နို့မဟုတ်ရင် ကျော်တစ်လုံးရလောက်ပါတယ်'

ဟု အုန်းစိန်က ဆက်၍ပြောလေ၏။

ဝင်းကြည်မှာ အူအသည်းယား၍နေလေ၏။ အကြောင်းမူကား မိမိ၏ အစွမ်းသတ္တိ၊ အရည်အချင်း အဘယ်မျှရှိသည်ကို ကောင်းစွာသိလေ၏။

စကားပြောပြီးကြသောအခါ အုန်းစိန်က နေရပ်ကိုပြောပြီး လာ၍လည်ရန် မှာကြား၍ ခွဲခွာကြလေ၏။

ဝင်းကြည်သည် မြဒင်၏ ကိုယ်စိတ်နှစ်ပါး ပင်ပန်းခြင်းကို ကောင်းစွာသိရသဖြင့် သနားလျက် အဘယ်နည်းဖြင့် တစ်ဖက်တစ်လမ်းက ကူညီရမည်ကို စိတ်ကူးကြံစည်ရင်း အိမ်သို့ပြန်၍သွားလေ၏။

သို့သော် မိမိလည်း မိမိတတ်သောပညာမှာ အဘယ်နည်းနှင့်မျှ မြဒင် ခွင့်ပြုမည့် အတတ်ပညာ မဟုတ်သည်ကို သိလေ၏။

အခြားအရောင်းအဝယ် အချုပ်အလုပ်များကိုမျှ အခွင့်မပေးလိုသော လင်ယောကျ်ားသည် ထိုကဲ့သို့ အလုပ်မျိုးကို အဘယ်နည်းဖြင့် အားပေးပါမည်နည်း။

သို့သော်လည်း တစ်နည်းနည်းဖြင့် အလုပ်လုပ်ရဖို့ရန်



မြဒင်အား ပြောမည်ဟု ကြံစည်ရင်း အိမ်သို့ရောက်၍သွားသောအခါ ပက်လက်ကုလားထိုင်၌ ပက်လက်လှန်ကာ ညှိုးငယ်စွာနေသော မြဒင်ကို မြင်ရလေ၏။

ဝင်းကြည်ကို မြင်သောအခါ မြဒင်သည် ပက်လက်နေရာမှ ထိုင်ပြီး…

'ဝင်းရေ… ငါတို့တော့ ချောင်ဖို့နီးပြီလို့ ထင်တာပဲ'

ဟု အားရှိဟန်ဆောင်လျက် ပြုံးကာပြောလေ၏။

ဝင်းကြည်သည် ၎င်း၏မျက်နှာကို မြင်သောအခါ မချိသွားဖြုံးရကြောင်းကို ကောင်းစွာသိရသဖြင့် ရင်ထဲမှာ ဆို့၍သွားလေ၏။

သို့သော်လည်း အားရှိဟန်ဆောင်လျက် ကုလားထိုင်နံဘေး၌ ပုဆစ်တုပ်ကာ လည်ပင်း၌တင်၍ထားသော ဇဝါလေးကို ကျောထက်သို့ လျှော၍ချပြီး မြဒင် ရင်ဘတ်ပေါ်၌ လက်ဝါးကို အုပ်တင်ကာ…

'ဘယ်မှာနေရာကျသလဲ ကိုမြဒင်'

ဟု မေးလေ၏။

'ဝတ်လုံတစ်ယောက်ဆီမှာ နေရာကျလိမ့်မယ် ထင်တာပဲ၊ ငါ့မိတ်ဆွေ ကိုကျော်နဲ့ ဒီဝတ်လုံကြီးက အသိမို့ ပြောပေးတယ်၊ သူ့မှာ စာရေးလိုနေသတဲ့'

'ဘာ… ရှင် ရုံးစာအိတ်ကလေး ချိုင်းကြားမှာညှပ်ပြီး ရှုနေနောက်က လိုက်မလို့လား၊ အောင်မယ်လေး… မလုပ်ပါနဲ့

www.burmeseclassic.com

www.burmeseclassic.com



ကိုမြဒင်ရယ်၊ ကိုမြဒင် ဒီလိုလုပ်တာကို ကျွန်မ မကြည့်နိုင်ပါဘူး၊ ကိုမြဒင် ဒီလိုအလုပ်ကိုလုပ်ရင် ကျွန်မလည်း တယောတစ်လက်နဲ့ ညှို့ခံပွဲတွေ ဘာတွေမှာ လိုက်ပြီးတေးဆိုမှာပေါ့၊ ကျွန်မသူငယ်ချင်းတစ်ယောက်က အငြိမ့်ထဲဝင်ဖို့တောင် ပြောနေတယ်'

'မတော်တာပဲ အဝင်းရယ်၊ နှစ်ယောက်စလုံး အတူတူ ဝတ်ရင် ငါအရင်သေမယ်၊ ငါသေပြီးတော့မှ မင်း လုပ်ချင်ရာ အလုပ်ကို လုပ်ပါ၊ ငါမသေသေးသမျှတော့ ဟောဒီမယားကို မျက်လုံးတွေဝိုင်းပြီး လွှမ်းပူနဲ့ဖောက်သလို ကြည့်တာကို အခံမခိုင်းဘူး၊ အောင်မယ်လေး··· ဝင်းရယ်၊ ဒီစကားမျိုးကို နောက်တစ်ခါ မပြောစမ်းပါနဲ့၊ ငါရုပ်ပုံတစ်ခုကို မြင်ရဖူးတယ် ဝင်းရေ၊ မင်းများ ကချေသည် ဇာတ်မင်းသမီးလုပ်လို့ လူမော်တွေ ဝိုင်းကြည့်တာကို ခံရရင် အဲဒီရုပ်ပုံထဲက မိန်းမထက် ငါ့မှာ ဆိုးမှာပဲ'

ဟု ပြင်းထန်စွာ ညည်းညူသောအသံနှင့် တုန်လှုပ်စွာ ပြောလေ၏။

'ဘယ်လို ရုပ်ပုံလဲ ကိုမြဒင်၊ ဝင်း နားမထောင်ရဘူးလား'

'ဒီလို ဝင်းရဲ့၊ ဟိုး ရှေးရောမလူမျိုးများလက်ထက်ဟာ အင်မတန်ယဉ်ကျေးတဲ့ခေတ်တဲ့၊ သို့ပေမဲ့ အင်မတန် ရက်စက်ကြ တယ်၊ အခုကာလ ငါတို့ လက်ဝှေ့ပွဲဆိုတာ သွေးထွက်ရုံ၊ ကွဲရုံ လူချင်းထိုးကြရရုံပဲ၊

အင်္ဂလိပ်လက်ဝှေ့ဟာလည်း ဟို ရောမသတ်ပွဲများ စာရင် ကစားတာလိုပဲ၊ အဲဒီ ရောမသတ်ပွဲများမှာတော့ ခြင်္သေ့



လူနဲ့ တိုက်ရတာကွယ့်၊ လူလူချင်းဆိုရင်လည်း ဓားနဲ့ အသေသတ်ကြရတာပဲ၊ ဒါကြောင့် သတ္တိပွဲလို့ ပြောတာ၊

ရောမသူဌေး အရာရှိကြီးတစ်ယောက်မှာ သိုး၊ ဆိတ်၊ နွားများကို ပိုင်သလို သတ်ပိုင် ဖြတ်ပိုင် ကျွန်တွေ ရာထောင်မက ပိုင်ကြတာပဲ၊ အဲဒီ ကျွန်များထဲက ဓားကစားကောင်းတဲ့ ကျွန်များကို သူတို့သခင်များက ဘာမှမခိုင်းဘဲ လက်သပ်မွေးပြီး စားကောင်း သောက်ဖွယ်နဲ့ အလိုလိုက်ပြီး ထားကြတယ်ကွယ့်၊

'ပွဲလမ်းသဘင် အကြီးအကျယ် ကျင်းပြီဆိုမှဖြင့် သူ့ကျွန်နဲ့ ငါ့ကျွန် နာမည်ကျော် ကျွန်တွေကို 'အဓီလီယေတာ' ခေါ်တဲ့ ကစားရုံ တလင်းကြီးထဲမှာ အသေဓားကစားပွဲ ကျင်းပကြတာကလား ကွယ့်၊ ကြည့်သူတွေကတော့ မိန်းမရော၊ ယောကျ်ားရော၊ ကလေးရော၊ လူကြီးရောပေါ့ကွယ်၊ တစ်ယောက်ယောက်သေမှ သွေးကို မြင်ရမှ အားရပါးရ လက်ခုပ်တီးကြတာပဲ၊

သူတို့မှာ ကြက်နှစ်ကောင်ခွပ်တာကို ကြည့်ရသလောက် အရေးမကြီးဘူး၊ ဒါမှ သွေးရဲတယ် ခေါ်ရမှာပဲ၊ ကျွန်တစ်ယောက် ယောက် ဓားဒဏ်ရာနဲ့ မောဟိုက်ပြီး သွေးကွက်ထဲမှာ လက်ထောက်ရင်း ခေါင်းငိုက်စိုက်နဲ့ အသက်မှမရှုနိုင်အောင် မချိမဆံ့ ဖြစ်နေတဲ့အခါများကျပြီဆိုမှဖြင့် ကြည့်တဲ့လူတွေဟာ ရှင်ဘုရင် ကစပြီး သူတောင်းစားအထိ မိန်းမ၊ ယောကျ်ား၊ ကလေး လူကြီး တအုန်းအုန်း တကျွက်ကျွက် အားရဝမ်းသာ အော်ဟစ်ဆူညံ လက်ခုပ်လက်ဝါးတွေ တဖျောင်းဖျောင်းတီးကြတာပဲ၊

www.burmeseclassic.com

www.burmeseclassic.com

အဲဒီလိုအနေမှာ နိုင်တဲ့ဓားသမားက အပြီးသတ် မစီရင်သေးဘဲ ကြည့်တဲ့ ပရိသတ်တွေကို မော်အကြည့်လိုက်မှာ ပရိသတ်တွေက လက်မျှားကိုဆန့်၊ လက်သီးမျှားဆုပ်ပြီး လက်မကိုမထောင်ဘဲ စိုက်ချလိုက်ရင် မချိမဆံ့လဲနေတဲ့ ဓားသမားကို အပြီးသတ် စီရင်လိုက်တာပဲ'

ဟု ပြောလေ၏။

'နို့… ရှင်မြင်တဲ့ ရုပ်ပုံကရော'

'အေး… ငါမြင်တဲ့ ရုပ်ပုံက အဲဒီလို တိုက်ပွဲကြီးကို ကြည့်နေတဲ့ လူတွေက အားရဝမ်းသာ လက်ခုပ်လက်ဝါးတီးနေခိုက်မှာ ရှုံးတဲ့ ကျွန်မိန်းမက မကြည့်ဝံ့ရှာလို့ တိုက်ပွဲအပြင်ဘက်မှာ ရင်ဘတ်ကလေးကို လက်တစ်ဖက်နဲ့နှိပ်ရင်း လက်တစ်ဖက်က သားကလေးကိုဆွဲပြီး လင့်အတွက် ပူရှာလွန်းလို့ ခေါင်းချလည်နေတဲ့ပုံပေါ့ကွယ်၊ သနားစရာကောင်းလိုက်တာ ဝင်းရယ်၊ ငါ့စိတ်ထဲမှာ ဘယ်လိုဖြစ်သွားမှန်းတောင် မသိဘူး'

ဟု ပြောကာ ဝင်းကြည်၏ မျက်နှာကို စိုက်ကြည့်၍ နေလေ၏။

'ဝင်းကြည်က ရယ်မောလျက် သနားစရာပဲနော်၊ နို့ ကျွန်မ ဇာတ်ကတာနဲ့ ဒါနဲ့ ဘာဆိုင်သလဲ'

'အေး… မင်း ကနေတာကို မှုးယစ်သောက်စား ပျော်ပါးပြီး စတိုင်လ်ထွားထွားနဲ့ လူတွေဝိုင်းကြည့်နေတာ ငါမြင်ရရင် အဲဒီပုံထဲက ကျွန်မိန်းမထက် ငါ့မှာ ပိုဆိုးမှာပဲ'ဟု ပြောကာ



ဝင်းကြည်ကို ပွေ့ယူလျက် 'ဟောဒီမယားကို ဘယ်သူစေ့စေ့ကြည့်တာမှ မခံနိုင်ဘူး'

ဟု အံကြိတ်ကာပြောပြီး မိမိ၏ရင်ခွင်ထဲသို့ တင်းစွာဆွဲသွင်းပွေ့ကပ်၍ထားလိုက်လေ၏။

'နို့… ကိုမြဒင် ရမယ့်အလုပ်က အောက်ကျလှတယ်ကိုမြဒင်ရယ်… တခြားမှာ ရှာပါဦး'

'သစ်မရှိခင်စပ်ကြား ဝါးပေါင်းကွပ်'ဆိုတာလိုပေါ့ ဝင်းရယ်၊ အောက်ကျတယ်လို့လည်း ဘယ်ဟုတ်မလဲ၊ ဝတ်လုံစာရေးအလုပ်ဆိုတာ ဒီလောက် အောက်မကျပါဘူးကွယ့်၊ ရှေ့နေခန်းမှာ ထိုင်ပြီး လုပ်ရတာပါ၊ တိုက်ရိုက်ရတာက များမှာပါပဲ၊ နောင်အလုပ်နားလည်သွားရင် ကြီးပွားနိုင်တာပဲ'

'တချို့ ရှေ့နေစာရေးများ သူတို့ကို လခပေးခိုင်းတဲ့ ဝတ်လုံကို သူတို့က အမှုစီစဉ်ပေးပြီး ဘယ်အမှုကိုလိုက်၊ ဘယ်အမှုက အရေးကြီးတယ်၊ ဘယ်အမှုကို ဘယ်လောက်ယူလို့ပြောပြီး သူတို့ဆရာ ဝတ်လုံက တပည့်လိုဖြစ်နေတာပဲ၊ နောင် တတိယတန်း စာမေးပွဲကလေး ဝင်ခွင့်ရရင်လည်း အချောင်ရှေ့နေဖြစ်တာပေါ့ကွယ့်၊

နာမည်ကောင်းသွားရင် ရှေ့နေကပေမယ့် တရားသူကြီးဖြစ်ချင် ဖြစ်တာပဲ၊ မဖြစ်ရင်လည်း ဒုတိယတန်းစာမေးပွဲ ဆောင်ဝင်၊ နောက် ပထမတန်းစာမေးပွဲ ဆက်ဝင်၊ ကံကောင်းရင် ဆိုးရရှေ့နေဖြစ်၊ အဲဒီအဆင့်ကိုရောက်ရင် ဟိုက်ကုတ်တရားသူကြီး ဖြစ်ချင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှာကွယ့်၊ အဲဒီက နေရာလစ်ရင် ဟုမ်းမင်းဘားတို့ ဘာတို့ ဖြစ်နိုင်တာကွယ့်၊ ဟိုအခါကျတော့ အမှုထမ်းသက်အတိုင်း ဖြစ်ရတာကွယ့်၊ လာဘ်ပေးလို့ မျက်နှာလိုက်လို့ ရတာမျိုးမဟုတ်ဘူး'

ဟု ပြောပြီး ရယ်မောလေ၏။

မြဒင်သည် အဘယ်မျှပင် စိတ်လက်မှုပင် ညစ်ညူးစေကာမူ မိမိကဲ့သို့ ဝင်းကြည် စိတ်မညစ်ရအောင် အမျိုးမျိုး ဟန်ဆောင်ကာ ရယ်စရာများကိုပြောတတ်သူ ဖြစ်ပေသည်။

ဝင်းကြည်က…

'အောင်မယ်လေး… လေထဲတိုက် အိမ်ဆောက်နေလိုက်တာ၊ အိမ်လခဖြင့် သုံးလခနီးနေပြီ၊ ဘယ်ကိုပြောင်းမလဲ'

'အို… ဒီလိုကြည့်ပြီး ပြောင်းသင့်လည်း ပြောင်းရတာပေါ့၊ အိမ်တွေ မရှားပါဘူး၊ ရန်ကုန်မြို့ထဲရှိတဲ့ တိုက်တွေ အိမ်တွေဟာ တို့အိမ်ချည်းပဲပေါ့ကွယ့်၊ 'ဂိုးစမစ်'ခေါ်တဲ့ အင်္ဂလိပ်စာရေးဆရာကြီးပြောသလို လောကကြီးတစ်ခုလုံးဟာ ငါ့ဟာ ငါ့အမွေဆိုင်ပစ္စည်း၊ ဘာကြောင့်လဲဆိုတော့ ထာဝရဘုရား ဖန်ဆင်းတဲ့လောက ငါက ဘုရားဖန်ဆင်းတဲ့ ဘုရားကမွေးတဲ့ သားကိုးကွယ့်၊ ခရစ်ယာန်အယူအဆအတိုင်းဆိုရင်လေ နက်ဖြန်အတွက် နက်ဖြန်ခါ ပူလိမ့်မယ်၊ ဟုတ်လား'

ဟု ပြုံးရယ်ကာ ပြောလေ၏။ သို့ပင် မယားဖြစ်သူ စိတ်ပျော်ရွှင်အောင် ပြောရသော်လည်း မြဒင်၏ ရင်ထဲ၌ကား မီးတောက်၍နေလေ၏။



နောက်များမကြာမီ မြို့အစွန်အဖျား ဓနိမိုးအိမ်ငယ်ကလေးတစ်ခု၏ အခန်းကလေးတစ်ခုသို့ ပြောင်းရွှေ့ကြရလေ၏။

ဝင်းကြည်သည် လင်ဖြစ်သူ၏မျက်နှာ အဘယ်ပုံရှိနေသည်ကို အမြဲသတိထား၍နေလေ၏။

အဘယ်မျှပင် စိတ်လက်ငြိုငြင် မှုပင်သော်လည်း အိမ်ကလေးကို သန့်ရှင်းသပ်ရပ်စွာ ပြင်ဆင်ပြုပြင်လျက် အိမ်အလုပ်ကို ကျေပွန်အောင်လုပ်လေ၏။

ဆင်းရဲခြင်းနှင့် သန့်ရှင်းသပ်ရပ်ခြင်းသည် ဖီလာဆန့်ကျင်သော အခြေအနေများမဟုတ်ဟူသောအကြောင်းကို ဝင်းကြည် ကောင်းစွာသိလေ၏။

ဆင်းရဲသောကြောင့် ညစ်ညစ်စုတ်စုတ် နေရမည်မဟုတ်ချေ။

မြဒင်သည် ဝတ်လုံထဲတွင် တနင်္ဂနွေတစ်ပတ်မျှ မကြာမီ စိတ်ပျက်လေ၏။

အကြောင်းမူကား ဝတ်လုံမှာ အရက်သမားကြီးဖြစ်သောကြောင့် မည်သူမျှအသုံးမပြုသော ဝတ်လုံကြီးဖြစ်လေ၏။

၄င်းမှာ အလုပ်ခန်းမရှိ။ ဆိပ်ကမ်းသာလမ်းရှိ ၄င်း၏အိမ်သို့ နံနက်တိုင်း မြဒင် သွားရလေ၏။

သွားရောက်သည့်အခါ ပက်လက်ကုလားထိုင်၌လှန်ကာ မျက်နှာထွတ်ထွတ်နှင့် ဆေးပေါ့လိပ်အပေါ်စားကိုကိုက်ကာ ဝမ်းနည်းစွာပြုံးလျက် 'နတ်သင်းဖယူတဒေ'ယနေ့ လုပ်စရာ ဘာမှ မရှိဘူးဟူသော စကားကို ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ အကြိမ်ကြိမ်သွားတိုင်း ထိုစကားကို ကြားရသောအခါ အခြားသို့ လှည့်လည်ကာ အလုပ်ကိုရှာလေ၏။

မြဒင်၏စိတ်သည် သဲကန္တာရ၌ နေ့ရောညရော ဖန်ကို့တင်၍ထားသော ကုလားအုတ်လိုဖြစ်၍နေသော်လည်း အိမ်သို့ရောက်သည့်အခါတိုင်း အားရှိစရာ စကားများကိုသာ ပြောလေ၏။

ထိုကဲ့သို့နေရာ တစ်လကြာ၍သွားလေ၏။

မြဒင် ပြန်လာတိုင်း လခကလေးများ ပါ၍လာလေသလားဟု အကဲခတ်ကာ ကြည့်လေ၏။

ဖွင့်၍ကား မမေးချေ။ ကုလားဆိုင်ကလေး၏ ကြွေးများ၊ ဈေးကြွေးများ ဝိုင်းစပြုကြလေ၏။

သို့နေလေရာ အဝတ်အစားများကို အပေါင်ဆိုင်သို့ ပို့စပြုကြရလေ၏။

သို့နေခိုက်တွင် တစ်နေ့သ၌ စာထဲတွင် ဒေါ်ငြိမ်း သေဆုံးသည်ဆိုသော စာခေါင်းကို တွေ့ရလေ၏။

ထိုသတင်းစာကို ဖတ်၍ကြည့်သောအခါ အစေခံများမှစ၍ ဒေါ်ငြိမ်း ချစ်ခင်ရင်းနှီးသော အခိုင်းအစေများနှင့် ဆွေမျိုးဉာတိများအား ဘယ်သူ့အတွက် ဘယ်မျှလောက် ပေးခဲ့သည်ဟူသော စာရင်းကို တွေ့ရှိရလေ၏။

မိမိ၏နာမည်ကား မပါမရှိချေ။ ထိုအခါ မြဒင်သည် သက်မကြီးချကာ သတင်းစာကို လက်မှလွှတ်၍ ပစ်ချပြီး ကုလားထိုင်မှာ ထိုင်လျက် မှိုင်တွေချ၍နေလေ၏။



ထိုအခိုက်တွင် စာတစ်စောင်ရောက်၍လာသဖြင့် ထိုစာကိုဖောက်၍ကြည့်သောအခါ ဒေါ်ငြိမ်းသည် အခြားသူများကိုပေးပြီး၍ ကျန်ကြွင်းသည့် မြောက်မြားစွာသော မရွှေ့မပြောင်းနိုင်သော ပစ္စည်း၊ လယ်၊ ယာ၊ ခြံ၊ မြေ၊ အိမ်ခြေအဆောက်အအုံများ၊ ဘဏ်၌ထားသော ပစ္စည်းများ၊ စိန်များ၊ ရွှေများနှင့် ကားသုံးစီးရော အကုန်အစင် မြဒင်သို့ လွှဲခဲ့သည်ဆိုသော စာဖြစ်လေ၏။

ထိုစာမှာ ဒေါ်ငြိမ်း၏ ပစ္စည်းများကိုထိန်းသော ဒေါ်ငြိမ်း၏ရှေ့နေ ကိုသာဒင်ထံမှ ပေးပို့သောစာ ဖြစ်လေ၏။

ဒေါ်ငြိမ်းသည် လွန်စွာထူးဆန်းသောမိန်းမ ဖြစ်လေ၏။ ရင်းနှီးသော ဆွေမျိုးဟူ၍ များစွာမရှိချေ။ ရှိလျှင်လည်း ခင်မင်ရစိုက်ပုံမရ၊ မြဒင်ကိုသာ အဘယ်ကဲ့သို့သော အငြိုးနှင့် လွှဲအပ်ခဲ့သည်ဟု မည်သူမျှ မတွေးနိုင်အောင် ရှိလေ၏။

မသေမီအခါကလည်း ၎င်း၏အကြောင်းကို သိသူဟူသမျှမှာစိတ်၌ ထူးဆန်းတဲ့ မိန်းမကြီးတစ်ယောက်ပဲဟု ပြောလောက်အောင် စိတ်နေသဘော လုပ်ပုံကိုင်ပုံ စီမံပုံ ထူးခြားခဲ့လေ၏။

မိန်းမတန်မဲ့နှင့် ဤမျှလောက် ကြီးကျယ်စွာ ဖြစ်ထွန်းကြီးပွားအောင်လုပ်နိုင်သော အစွမ်းကြောင့်တစ်ကြောင်း၊ ငွေအရှိန်ကြောင့်လည်းကောင်း၊ စိတ်တစ်မျိုးများ ဖောက်ပြန်လေရော့သလားဟူ၍ ကျိတ်ကာတွေးတော ပြောနေကြရလေ၏။

သို့ မြဒင်အား ထူးခြားစွာ လွှဲအပ်ခြင်း၌ မြဒင်ထက်ရင်းနှီးသော ဆွေမျိုးများမှာ မခံမရပ်နိုင် ဖြစ်ကြလေ၏။ သို့

www.burmeseclassic.com

www.burmeseclassic.com

လွှဲအပ်ခြင်း၌ စကားအခံတစ်ခု ရှိလေ၏။

ထိုစကားအခံမှာ ဝင်းကြည်ခေါ်သော ၎င်း၏မယားကို ကွာ၍ပစ်မှသာ ထိုပစ္စည်းများကို ယူရမည်၊ မကွာရှင်းလျှင် မယူရ၊ မကွာဘဲနေသမျှ ကာလပတ်လုံး ထိုပစ္စည်းများနှင့်မဆိုင်ဟူသော စကားအခံဖြစ်လေ၏။

ထိုအချက် မဖတ်ရမီ မြဒင်မှာ ဝမ်းသာလုံးပင် မြောက်သဖြင့် ဝမ်းသာခြင်းစိတ်ဓာတ်ကြောင့် မီးပုံးပျံလို ဖောင်းကြွကာ ဟိမဝန္တာတောင်ထိပ်လောက် မြင့်တက်၍သွားလေ၏။

ထို့နောက် ထိုစကားများကို ဖတ်ရသောအခါ မီးပုံးပျံ ပေါက်ကွဲသလိုဖြစ်ပြီး အောက်သို့ကျ၍ သွားသကဲ့သို့ ဖြစ်လေ၏။

ထိုစာကို ဖတ်ရသော တစ်ခဏ၌ အတိုင်းမသိ ကြီးသော ဝမ်းမြောက်ခြင်းဖြင့် မြင့်မြောက်ခြင်းခံရပြီး အတိုင်းမသိသော ဝမ်းနည်းခြင်းဖြင့် ကိုင်ဆောင့်၍ အချခံရသလိုဖြစ်လေရာ နှလုံးသွေးကြောတွေ ကွဲပြတ်၊ ဦးနှောက်ကြောတွေ ပေါက်ကွဲကာ တစ်ထိုင်တည်း ရူးသွပ်၍မသွား၊ နှလုံးအိမ်ကွဲ၍ မသေသည်မှာ အံ့ဖွယ်ရာတစ်ပါး ဖြစ်လေ၏။

အကြောင်းမူကား ခေါ်ငြိမ်း၏ပစ္စည်းများမှာ သုံး၍မကုန် ဖြုန်း၍မကုန်နိုင်အောင် များပြားသော ပစ္စည်းများ ဖြစ်ကြလေ၏။

ဝင်းကြည်သည် စိတ်အားထက်သန်စွာနှင့် ဘာအကြောင်းလဲဟု သိရအောင် ကြည့်၍နေလေ၏။

မြဒင်သည် စာကိုခေါက်ပြီး အိတ်ထဲသို့ထည့်ကာ ပုက်





လက်လှန်ပြီး မျက်လုံးများကို မှိတ်၍နေလေ၏။

'ဘာလဲ ကိုမြဒင် အလုပ်လား'

'ဟာ… ဒီဝတ်လုံဟာ အသုံးမကျပါဘူး ဝင်းရယ်၊ အခုလုပ်တာ တစ်လကျော်မှ ဖွင့်ပြောတယ်၊ ငါ့ကို အားနာလို့ ထားရတာတဲ့ကွယ့်၊ သူ့မှာ ရတဲ့ငွေမလောက်လို့ ငါ့ကို လခပေးနိုင်ရှိ နေနေသာသာ ထမင်းတောင် နပ်စေ့အောင် စားရဖို့ မနည်းကြိုးစားနေရသတဲ့၊ ကောင်းသေးလား ဝင်းရယ်၊ စောစောကပြောရင် တခြားမှာ မရှာရပါလားကွယ့်'

'ကုသိုလ်ကံများဆိုးချင်တော့ ဝတ်တဲ့အထဲမှာ အခမဲ့ကျန်သွားခံလိုက်ရသေးတယ်၊ သို့ပေမဲ့ ကိစ္စမရှိပါဘူး ဝင်းရယ်၊ မိတ်ဆွေတစ်ယောက်နဲ့ ငါတွေ့ပြန်ပြီ၊ နေရာကျပါ့လိမ့်မယ်လို့ ပြောတာပဲ၊ သွားလိုက်ဦးမယ်လေ'

ဟု ပြောပြီး အိမ်ပေါ်မှ ဆင်း၍သွားလေ၏။

မြဒင်သည် ရှေ့နေထံသို့သွားပြီး…

'မိမိမယားကို တစ်သက်လုံးပစ်မည်မဟုတ်ကြောင်း၊ ဤညည်းစိမ်ထက် အဆတစ်ရာပို၍များသော်လည်း စွန့်ပစ်မည်မဟုတ်ကြောင်းပြောပြီး မကွာဘဲနဲ့ နည်းနည်းပါးပါးများ မရနိုင်ဘူးလား'

ဟု မေးလေ၏။

'ရှေ့နေက မကွာလျှင် တစ်ပြားတစ်ပိုင်မှ မရနိုင်ကြောင်း' နှင့် ပြောလိုက်လေရာ…

မြဒင်မှာ အရူးလိုဖြစ်လျက် ပြန်၍ လာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်လည်း ရှေ့နေထံ အတန်တန်သွားလေ၏။

ရှေ့နေသည် မြဒင်အား အရှုံးအပေါ်၊ အမိုက်မယားတစ် ယောက်ကို ဤမျှလောက် မက်ရသလား စသဖြင့် ပြောဆိုကာ ကရုဏာဒေါသဖြင့် အပြစ်တင်လေ၏။

မြဒင်သည်ကား ပြစ်တင်ပြောသမျှကို ခေါင်းငုံ့၍သာခံပြီး ညိုးငယ်စွာ ပြန်၍လာရလေ၏။

ဝတ်လုံက နောက်ဆုံး ဆုံးဖြတ်ချက်ကို ပေးဖို့ရန် မြဒင် အား အချိန်ကိုသတ်မှတ်၍ ပေးထားလေ၏။

ထိုအချိန်မှာ တိုတောင်းသောအချိန် ဖြစ်လေ၏။

ထိုကိစ္စကို မြန်နိုင်သမျှမြန်စွာ အပြီးသတ်ရန်ရှိလေ၏

သို့နေလေရာ စိတ်ထောင်း၍ ကိုယ်ကြေ၊ ကိုယ်နေ လည်း မကောင်း၊ စားမကောင်း အိပ်မပျော်သဖြင့် မြဒင်မှ တစ်စတစ်စ အားအင်ဆုတ်ယုတ် ရုပ်အဆင်းမှေးမှိန်ပြီးလျှင် ရ အနည်းငယ်အတွင်းမှာ နှစ်ပေါင်းများစွာ အိုမင်း၍သွားသလို မှ ထင်ရလေ၏။

အခါများစွာ မြဒင် အနည်းငယ် အိပ်၍ပျော်သည့်အ ဝင်းကြည်သည် အနားဦးထိုင်ကာ ခြင်ခတ်ရင်း များစွာကြုံ ပါးလျသော လူမမာနှင့်တူနေသော ဖြူဖျော့ဖျော့မျက်နှာကိုကြ ကာ လူသေကိုကြည့်၍ ငိုသလို မျက်ရည်များကို သုတ်၍သာ ရှာလေ၏။

တစ်ခါတစ်ခါ ပါးချင်းထိလုမတတ်ကပ်ကာ မျက်တော



မခတ်ဘဲ ကြောင်တောင်ငေးရင်း ကြီးမားသော မျက်ရည်ပေါက် ကြီးများသည် ကျယ်ဝန်းလှပသော မျက်လုံးကြီးများ၏ထောင့်၌ တွဲ၍နေကြလေ၏။ တစ်ခါတစ်ခါ ရင်ဝမှ လှိုက်ဖိုကာ သက်မကြီး ချရလေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

မြဒင်သည် ယခုအခါ ရှေးကနှင့် မတူတော့ချေ။ တစ်ခါ တစ်ခါ အလိုလိုစိတ်တိုလျက် ဝင်းကြည်အား စကားမပြောဘဲ နေလေ၏။

တစ်ခါတစ်ခါ တိုတိုတုတ်တုတ် စကားပြော၏။ တစ်ရံ တစ်ခါ စိတ်တို၏။ မငြိမ်မသက် မကြာမကြာ ထွက်၍သွားပြီး မကြာမကြာ ပြန်၍လာ၏။

ဝင်းကြည်သည် အင်မတန် စိတ်ညစ်လို့ အခုလိုဖြစ်တာ ပါပဲဟုတွေးကာ ငြိမ်သက်စွာနေလေ၏။

ဝင်းကြည်အား ရှေးကနှင့်မတူ။ တစ်ခါတစ်ခါ ဒေါသနှင့် ပြော၏။

တစ်နေ့သ၌ မြဒင်မရှိခိုက်မှာ မြဒင်၏ အဝတ်အစားများ ကို လျှော်ရာတွင် ရှပ်အင်္ကျီတစ်ထည်၏ အိတ်ထဲမှ စာကလေး တစ်စောင် အခေါက်လိုက် ကျ၍လာသည်ကို တွေ့ရလေ၏။



ထိုစာကလေးကို ကောက်၍ဖတ်လိုက်သောအခါ ရှေ့နေ ထံမှ ပေးသောစာဖြစ်၍ အံ့အားသင့်ပြီး တွေဝေငေးမော၍ နေလေ ၏။

သို့ ငေးမောနေခိုက်တွင် မျက်လုံးများမှာ ဝေ၍လာလေ၏။

မျက်ရည်တွေဝိုင်း၍ လာလေ၏။

ကိုမြဒင်မှာ ငါ့အတွက် ဤမျှလောက် ဆင်းရဲ၍နေပါ ကလားဟု သိရလေ၏။

ထိုအခါ စိတ်ထဲ၌ အရူးလိုဖြစ်ပြီးလျှင် ဤမျှလောက် မြောက်မြားစွာသော စည်းစိမ်ဥစ္စာတွေကို ငါ့အတွက် စွန့်ပယ်၍ နေရှာပါကလား။

ငါ့အတွက် တမင် အဆင်းရဲခံနေရပါကလား။ ငါ ဒီလို နေလို့ တော်ပါ့မလား။ ငါ၏ယောကျ်ား ငါ့အတွက် ဆင်းရဲနေတာ ကို ငါ ကြည့်နေမလား။

ကိုမြဒင်ကို ငါချစ်သည်၊ ထိုအချစ်သည် အသည်းနှလုံး အတွင်းမှ ချစ်သောအချစ်ဖြစ်၏။

အခြား လူချမ်းသာများလို လုပတင့်တယ် ခမ်းနားစွာ ကိုမြဒင် နေရတာကို ငါမြင်ရရင် သာ၍မကောင်းပေဘူးလား။

ငါ အခုလို သူနဲ့နေရင် သူတစ်သက်လုံး ဆင်းရဲဖို့သာ ရှိတာပဲ။ ငါ ဘယ်ပုံလုပ်ရပါလိမ့်မလဲ။ သူ စိတ်တိုတာ၊ စကား မပြောဘဲနေတာတွေဟာ ဒါကြောင့်ပါကလား စသည်ဖြင့် စဉ်းစား လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ယခုကဲ့သို့ မိမိ၏အတွက်ကြောင့် မိမိ၏ယောကျ်ား ဆင်းရဲခံ၍နေသည်ကို အခုလို ကြည့်၍နေလျှင် တော်ပါ့မလား စသည်ဖြင့် ဆင်ခြင်ကာ ကြံရာမရ ဖြစ်၍နေရှာလေသတည်း။

တို့နောက် မြဒင်အား မေးမြန်းခြင်းမပြု၊ မြဒင်ကလည်း မပြောချေ။ စာကလေးကို ဝင်းကြည် ဖတ်ကာ မစားနိုင် မအိပ်နိုင် ထိုစာကလေး၌ပါသော စကားတွေကိုသာ တွေး၍နေလေ၏။

ငါ့ကိုကွာမှ ကိုမြဒင် သူ့ပစ္စည်းတွေ သူယူရမတဲ့၊ ငါ့ကို ဘာဖြစ်လို့ ဒီမိန်းမကြီး ဒီလောက် မုန်းရပါလိမ့်မလဲ။ ငါနဲ့လည်း တစ်ခါမှ မတွေ့ခဲ့ဘူး။

ကိုမြဒင်ကို သူကြိုက်နေဆဲမှာ ငါနဲ့ ကိုမြဒင် တွေ့တာကို သူမခံနိုင်လို့ပဲ။ ကိုမြဒင်ကိုလည်း ငါ့အတွက် သူ အလုပ်က ထုတ်ပစ်တာပဲ။

ကိုမြဒင် ငါ့အတွက် ဆင်းရဲနေတာကို ငါ အခုလို ကြည့်၍နေမလား။ သူလည်း ငါ့အပေါ်မှာ ပြောပုံဆိုပုံ အရင်ကနဲ့မတူဘူး၊ ငါ့ကိုညာပြီး မကွာဘဲ အဆင်းရဲခံနေပါကလား။

ငါကပဲ သူ့ကိုညာပြီး တော်ရာကို သွားရောက်ရှောင်ရှားနေရင် ကောင်းလိမ့်မလား စသဖြင့် တွေးလေ၏။

သို့ တွေးသည့်အခါ၌ ခွဲရမည့်အရေးကိုသာတွေးကာ အသည်းကို ဆွဲ၍ဖွဲ့သလို နာရှာလေသတည်း။

သို့ တွေးတောဖန်များသောအခါ အုန်းစိန်၏ အားပေးစကားများကို သတိရလေ၏။



ဝင်းကြည်၏စိတ်၌ မိမိဝါသနာပါသောအလုပ်ကို လွန်စွာ ...နေ၏။ မိမိ နာမည်ကျော်ကြားမည်ကို သိလေ၏။

သို့ဖြစ်လေရာ ရွှေနေ၏ ချိန်းဆိုရက်မှာ မြဒင်သည် ရွှေနေထံသို့ ရောက်၍သွားလေ၏။

ရွှေနေသည် ၎င်းကိုမြင်လျှင် များစွာ အံ့အားသင့်၍နေ ...လေ၏။

ယနေ့လာပုံ ထူးခြားသည်ဟု ရွှေနေ၏စိတ်၌ အောက်မေ့ ...လေ၏။

အကြောင်းမူကား မြဒင်မှာ ခါတိုင်းနှင့်မတူ။ မကျန်းမမာ ...ဖြင့် ရုပ်ရည်အဆင်း ညှိုးကြုံ၍နေသောကြောင့်တစ်ကြောင်း၊ ...တ်ထောင်း၍ကိုယ်ကြေ အနေမပြောင် အရောင်ညှိုးနွမ်း ကိုယ် ...တ်ပင်ပန်းခြင်းကြောင့်တစ်ကြောင်း၊ မြင်ရလျှင် စိတ်ပျက်ဖွယ်ရာ ...စ်လောက်အောင် ပြောင်းလဲ၍နေလေ၏။

'ဘယ့်နှယ်လဲ မောင်၊ စိတ်အတည်ကျပြီလား၊ ယောကျ်ား ...ကွယ်၊ ကိုယ်စိတ်နှစ်ပါး မဆင်းရဲတန်ဘဲနဲ့ တမင်ဆင်းရဲခံရတာ ...င်မတန် အံ့ဩစရာကောင်းတာပဲ၊ လောကမှာ မင်းလိုလူကို တစ်ခါမှ မတွေ့ခဲ့ရဘူး'

ဟု ဝတ်လုံက ပြောလေ၏။

မြဒင်သည် ဝတ်လုံ၏စကားများကို ဂရုမစိုက်ဘဲ ...ပေါ်၌ လက်နှစ်ဖက်ကို တင်ထောက်ကာ ဆံပင်များကို ...က်နှစ် ...က်နှင့် ဆုပ်ကိုင်ပြီး မငြိမ်မသက် ဖြစ်၍နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝတ်လုံသည် ၄င်းကိုသေချာစွာကြည့်ပြီး စဉ်းစား၍နေလေ၏။

'ဘယ့်နှယ်လဲ၊ အကြောင်းကိုဆိုစမ်းပါဦးကွယ့်၊ ဘယ့်နှယ်ဖြစ်လာတာလဲ' ဟု ရှေ့နေက မေးလေ၏။

'ကျွန်တော့်မိန်းမ မရှိတော့ဘူး၊ ဝတ်လုံတော်ရမင်း ဟိုအကြောင်းတွေကို သွားပြောလို့ ထွက်သွားတယ်ထင်တာပဲ၊ ဝတ်လုံတော်ရမင်းကလွဲလို့ ဘယ်သူမှ မသိဘူး၊ ဟောဒီစာကိုဖတ်ပြီး စာကိုသာ ကြည့်ပါတော့ ခင်ဗျာ'

ဟု ပြော၍ စာကိုပေးလေ၏။

ဝတ်လုံတော်ရမင်းသည် စာကိုဖတ်ပြီး သဘောကျလျက်ရယ်မောလေ၏။ ထို့နောက်····

'မောင့်မိန်းမကို တစ်ခါမှ မတွေ့ရဖူးပါဘူး၊ ဒီအကြောင်းနဲ့သွားတာ မဟုတ်ပါဘူး၊ မောင်တို့ ရန်ဖြစ်လို့လား၊ သို့မဟုတ်ဆင်းရဲပြီး စိတ်ပျက်လို့လားပဲ၊ သို့သော်လည်း ဘာကြောင့်ပဲသွားသည်ဖြစ်စေ၊ မောင့်ကိစ္စ ချောမောဖို့ဖြစ်တာပဲ၊ သွားရင် ကောင်းတာပေါ့၊ ဘာဖြစ်သလဲ၊ မောင့်လိုရုပ်ရည်မျိုး မောင့်လို ချမ်းသာကြွယ်ဝတဲ့ လူမျိုးဆိုရင် ရန်ကုန်မြို့မှာ ဒင်ဆိုတဲ့မိန်းမ ဆန်ရင်းသားလက်ရွေးစင်တွေကို ကြိုက်တာရွေးယူနိုင်ပါတယ် မောင်ရယ်၊ အောင်မယ်မင်း··· ဒါအတွက် ပူနေတာကိုး၊ ပူစရာမဟုတ်တာပူနေတာကိုး'

ဟုပြောကာ အားရပါးရ ရယ်မောလေ၏။



မြဒင်သည် ဒေါသမီးတောက်လျှံသော မျက်လုံးများနှင့်ဝတ်လုံ၏မျက်နှာကိုကြည့်ပြီး···

'ဝတ်လုံတော်ရမင်း ဒီစကားမျိုးကို ဒီတစ်ခါပဲ ပြောပါ၊ ကျွန်တော့်မိန်းမကို အလကားမိန်းမထင်လို့ အခုလို ပြောတာလား၊ ဝတ်လုံတော်ရမင်း မတော်တဆများ သွားပြောမိသလားလို့ လာမေးတာ၊ ဝတ်လုံတော်ရမင်းကို မယားရှာပေးဖို့ လာပြီးပြောတာမဟုတ်ဘူး'

ဟု ပြောပြီး ထိုင်ရာမှထ၍ ဒေါသနှင့် ယိမ်းထိုးခါသွားလေရာ ဝတ်လုံတော်ရမင်းသည်လည်း အံ့အားသင့်လျက် ထပြီး···

'ဟော့··· မောင်ရင် နေပါဦးကွယ့်၊ ဘယ့်နှယ်သူငယ်လဲ၊ မင်းစိတ် တယ်ပြီးမဟုတ်ပါဘူး ထင်တယ်'

ဟု ပြောပြီး မြဒင်၏နောက်သို့ လိုက်လေ၏။

ဝတ်လုံတော်ရမင်းမှာ ထိုကိစ္စချောမောလျှင် မိမိမှာလည်းအကျိုးများဖို့ရှိလေရာ မြဒင်၏ ရူးမိုက်ခြင်းအတွက် မခံချိနိုင်အောင်ဖြစ်၍နေလေ၏။

အကြောင်းမူကား မိမိ၏စိတ်၌ မြဒင်သည် လူရူးတစ်ယောက် ဖြစ်၍နေလေ၏။

တံခါးဝသို့ရောက်သောအခါ ရှေ့သို့ထိုးစိုက် လဲကျ၍သွားပြီး အုတ်လှေကားပေါ်တွင် မြဒင် ခွေ၍နေလေ၏။

ဝတ်လုံတော်ရမင်းနှင့် စာရေးများ၊ အခြားသူများသည်ပြေး၍ထူကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မြဒင်မှာ မြောမေ့၍နေလေ၏။

ဝတ်လုံသည် ဆေးဆရာဝန်ကို တယ်လီဖုန်းနှင့် ခေါ်လိုက်လေ၏။ ဆရာဝန် ရောက်၍လာပြီး စမ်းသပ်ကြည့်လေ၏။

မြဒင်မှာ စားပွဲကြီးတစ်ခုပေါ်၌ အခန့်သားနေလေ၏။

ဝတ်လုံတော်ရမင်းက ဆရာဝန်အား အထူးဂရုစိုက်ဖို့ရန်နှင့် အဘာယ်မျှပင် ကုန်ကျစေကာမူ အရေးမကြီး၊ ချမ်းသာအောင် ကုဖို့သာအရေးကြီးကြောင်း၊ အလွန်အဖိုးတန်သော လူတစ်ယောက်ဖြစ်ကြောင်း စသည်ဖြင့် ပြော၍ပြလေ၏။

မြဒင်က ကယောင်ကတမ်း ပြော၍နေလေ၏။

'ဝင်းရေ… ဝင်းရေ… ကြည်ရေ'

ဟု ခေါ်ပြီး ပက်လက်နေရာမှထပြီး ဆရာဝန်ကို ကြည့်ကာ ရယ်လေ၏။

'ဘယ်သွားနေတာလဲ၊ ဟင်… စံဘော်ကြီးပါလား၊ ငါ့မိန်းမ မတွေ့လိုက်ဘူးလား၊ ဟား… ဟား… အောက်မေ့သေးကွယ်၊ ဘောင်းဘီနဲ့ ဘာနဲ့'

ဟု ဆရာဝန်ကိုကြည့်ကာ လက်ခုပ်လက်ဝါးတီး၍ ရယ်လေ၏။

ဆရာဝန်က…

'ရက်စ်…ရက်စ်… မိန်းမလာမည်၊ ကိစ္စမရှိဘူး အိပ်ပါ'

ဟု ပြောပြီး ကိုင်၍ ညင်သာစွာလှဲလေ၏။

ဝတ်လုံနှင့် ဆရာဝန် တိုင်ပင်ကြလေ၏။ မြဒင်ကိုလည်း



ငြိမ်ငြိမ်နေအောင် ချော့မော့ပြောဆိုကြ၏။

ထို့နောက် ဆေးရုံသို့ ပို့လိုက်ကြရလေ၏။

ဆရာဝန်က ၎င်း၏ရောဂါမှာ အင်ဖလူအင်ဇာရောဂါဖြစ်ကြောင်း၊ ထိုရောဂါထဲမှာ စိတ်ရောဂါနှင့် ရောထွေးပြီး အစာအာဟာရကလည်း ညံ့သည့်အတွက် သွေးသားအားနည်း၍ ဦးနှောက်ကို ထိခိုက်ကြောင်းနှင့် ဆုံးဖြတ်ချက်ချလေ၏။

ဆေးရုံက ဆရာဝန်ကြီး၊ ငယ်နှင့် ဆရာမများသည် ၎င်းကို များစွာဂရုစိုက်ကြလေ၏။

မူလခေါ်သော ဆရာဝန်နှင့် ဝတ်လုံတော်ရမင်းကလည်း နေ့စဉ်နေ့တိုင်း ဆေးရုံသို့သွားပြီး မြဒင်ကို ကြည့်ကြလေ၏။

မြဒင်မှာ ပျို့ရွယ်သူဖြစ်၍ နဂိုက ရောဂါဘယကင်းရှင်းသဖြင့် ရှုပ်ရှုပ်ထွေးထွေး မရှိသောကြောင့် အသက်မသေ ချမ်းသာရကြောင်း၊ ဝေဒနာမှာ လွန်စွာပြင်းထန်၍ သေမင်းလက်မှ မနည်းကြီး အတိုက်အခံလုပ်၍ လုယက်ယူရကြောင်းနှင့် ဆရာဝန်များက ပြောကြလေ၏။

တစ်နေ့သော နံနက်တွင် မြဒင် အိပ်ရာမှနိုးသောအခါ မိမိ၏ ပတ်ဝန်းကျင်၌ အလွန် ခမ်းနားသန့်ရှင်းစွာ ပြင်ဆင်ထားသည့်နေရာကို မြင်ရသဖြင့် အံ့အားသင့်ကာ ထိုင်လျက် တောင်ကြည့်မြောက်ကြည့်နေလေ၏။

အနီး၌ လူတစ်ယောက် ကုလားထိုင်ပေါ်မှာ ထိုင်နေသည်ကို မြင်ရလေ၏။ ထိုသူအား မြဒင်က…

www.burmeseclassic.com

www.burmeseclassic.com



'ဒါ ဆေးရုံမဟုတ်ဘူးလား'

ဟု မေးလေ၏။

'ဟုတ်ပါတယ် ဆရာ၊ စပါယ်ရှယ်အခန်းပါ'

ဟု အလွန်ဝမ်းသာသော မျက်နှာနှင့် ပြောလေ၏။

'ကျုပ် ဘာဖြစ်လို့လဲ'

ဟု မြဒင်က မေးလေ၏။

'ဆရာ ဝတ်လုံတော်ရမင်း ဦးသာဒင်တိုက်မှာ မူးလဲပြီး ဖျားတာပဲ ဆရာ၊ အခုမှ သတိရတာပဲ၊ နိုးရိမ်လိုက်တာ ဆရာရယ်၊ ရမှ ရပါတော့မလားလို့'

'ဘယ်လောက်ကြာသလဲ'

'တစ်လကျော်ပြီ ဆရာ၊ သတိလစ်ပြီး ပတောက်ပရစ် တွေချည်း ပြောနေခဲ့တာပဲ'

မြဒင်သည် လွန်စွာအံ့ဩ၍နေလေ၏။

'အခု ဆရာ နေကောင်းပါပြီနော်'

ဟု အစေခံက ပြော၏။

'အင်း… အကောင်းသားပဲ၊ အိပ်ရာက နိုးသလိုလို ကျုပ် ဘာမှ သတိမရဘူး၊ အင်း… ဟုတ်တယ် ဟုတ်တယ်၊ ကျုပ် ဝတ်လုံဆီကို သွားခဲ့တယ်၊ ကျုပ်မိန်းမ မလာဘူးလား'

'ဆရာ့မိန်းမ… အင်း… ဟုတ်ကဲ့၊ မသိလို့ထင်ပါရဲ့ မလာဘူး၊ ရှိတယ်လို့တော့ ဝတ်လုံတော်ရမင်းက ပြောတာပဲ'

'ဘယ်မှာရှိသလဲ၊ ဘာပြုလို့ မလာသလဲ'



'ဒါ ဝတ်လုံတော်ရမင်းလာမှ သိရမှာပဲ'

'ခင်ဗျား ဘယ်သူလဲ'

'ကျွန်တော် ဆရာ့အစေခံပါ'

'ဟင်… ကျုပ်မှာ ဘယ်တုန်းက အစေခံရှိလို့လဲ၊ ကျုပ် ကို ဒီကို ဘယ်သူယူလာတာလဲ'

'ဆရာဝန်နဲ့ ဝတ်လုံတော်ရမင်း ယူလာတာပဲ'

'ဟင်… ခက်နေပါပြီ၊ ဒီအခန်းဟာ အဖိုးအခမတန်ကြီး မယ့်အခန်းပါကလား၊ ကျုပ် ဘယ့်နှယ်လုပ်ပြီး ပေးနိုင်မလဲ'

ထိုအခိုက်တွင် ဆရာဝန်နှင့် ဝတ်လုံ ရောက်လာလေ၏။

'ကျွန်တော့်မိန်းမ မတွေ့ဘူးလား ဝတ်လုံတော်ရမင်းရဲ့'

'တွေ့ပါတယ် တွေ့ပါတယ်၊ မိန်းမအတွက် ဘာမှမပူပါနဲ့၊ စိတ်သာ အေးအေးထားပါ၊ ကိုယ် ကျန်းမာဖို့သာ စိတ်ကောင်း ကောင်းထားပါ'

'နို့ ဒီစရိတ်တွေ ကျုပ် ဘယ့်နှယ်လုပ်ပေးမလဲ'

'ဒါအတွက်လည်း မပူပါနဲ့ အေးအေးနေပါ၊ မောင့်တာဝန် မဟုတ်ပါဘူး'

ဟု ပြောလေ၏။

ဆရာဝန်လည်း စမ်းသပ်ကြည့်ရှုပြီး ကျေနပ်သောလက္ခဏာ နှင့် ထွက်၍သွားလေ၏။ ဝတ်လုံတော်ရလည်း ပါ၍သွားလေ၏။

ဝတ်လုံတော်ရမင်းက ဆရာဝန်အား မြဒင်၏ အဖြစ် အပျက်အကြောင်းကို အကုန်အစင် ပြော၍ပြရာတွင် ယခုမှ

www.burmeseclassic.com

www.burmeseclassic.com



သေတမ်းစာအရ အလိုလိုချောမောသွားကြောင်း၊ မိန်းမထွက်မပြေးလျှင် ပစ္စည်းများကို ယခုလိုရဖို့ နည်းလမ်းမရှိကြောင်း၊ ယခုသူ့မိန်းမ ထွက်သွားသည့်အတွက် သူဌေးဖြစ်ရကြောင်း စသည်များကို ပြော၍ပြလေ၏။

ဝတ်လုံတော်ရမင်းသည် ဝင်းကြည်ကို လိုက်၍ရှာခဲ့၏။ စုံထောက်ခဲ့၏။

သို့သော်လည်း အဘယ်မှာမျှ မတွေ့၊ သတင်းကို မကြားရချေ။

သို့သော်လည်း မြဒင် စိတ်အေးစေဖို့ သဘောထားကာ မိမိရှာ၍တွေ့သလို ပြော၍ထားလေ၏။

နောက် ရက်များမကြာမီ ဆေးရုံမှဆင်းရသောအခါ မြဒင်မှာ သာလွန်၍အံ့ဩခြင်း ဖြစ်လေ၏။

အကြောင်းမူကား ဆေးရုံမှထွက်လျှင် အလွန်တရာသားနားခံ့ညားသော ရိုးရှိုက်ကားကြီးပေါ်သို့ ရောက်၍သွားလေ၏။

ကားပေါ်သို့ ရောက်သောအခါ မြဒင်က…

'ဒါ ဝတ်လုံတော်ရမင်း ကားလား'

ဟု မေးလေ၏။

ဝတ်လုံတော်ရမင်းက ပြုံးပြီး…

'ဘယ်စီးနိုင်မလဲ မောင်၊ ကျုပ်တို့ ဆင်းရဲသားကပဲ၊ ကုန်သည် သူဌေးများသာ စီးနိုင်တာကလား'



ဟု ပြန်ပြောလေ၏။

မြဒင်သည် ဆိတ်ငြိမ်စွာ စဉ်းစား၍နေလေ၏။

'နို့ ဘယ်သူ့ကားလဲ ဝတ်လုံတော်ရမင်းရဲ့'

'မောင့်ကားလေ မမှတ်မိဘူးလား၊ မောင့်အဒေါ် မသေခင်က စီးတဲ့ကားပေါ့၊ ဩော်… မောင်ထွက်သွားပြီးမှ ဝယ်တဲ့ကားထင်ပါရဲ့'

ဟု ပြောလေ၏။

မြဒင်သည် စကားပြန်၍မပြောဘဲ နေလေ၏။

အတန်ငယ်ကြာစွာ ဆိတ်ငြိမ်၍နေပြီးနောက် ဝတ်လုံ၏ မျက်နှာကို မော်၍ကြည့်လေ၏။

ဝတ်လုံသည် ကားရှေ့တည့်တည့်ကို ငေး၍နေလေ၏။

'နေပါဦး ဝတ်လုံတော်ရမင်းရဲ့၊ ဘယ့်နှယ်လုပ်တာလဲ၊ ကျုပ်မိန်းမကို ကျုပ်မကွာဘူး'

'ကွဲနေတယ် မဟုတ်လား'

'ကွဲတာတစ်မျိုး ကွာတာတစ်မျိုးပါ၊ ကျွန်တော့်မိန်းမကို တွေ့ရင် ကျွန်တော် ပြန်ခေါ်မှာ၊ ဒီတော့မှ နန်းကျဘုရင်လိုဖြစ်ပြီး ခွေးပြေးပြေးနေရမှာ စိုးတယ်၊ ကျွန်တော် ဒီကားတွေ ဘာတွေ မယူချင်ဘူး၊ အဒေါ်မှာ ကျွန်တော့်ထက်ရင်းတဲ့ ဆွေမျိုးတွေ ရှိပါတယ်'

'သူ့ဆွေမျိုးတွေ သူစိတ်နာလို့ မောင့်ကို ပေးတာပေါ့၊ မင်းအဒေါ်လည်း အရင်က ဆင်းရဲခဲ့ဖူးတယ်၊ ဆင်းရဲတုန်းက

www.burmeseclassic.com

www.burmeseclassic.com

သူ့ဆွေမျိုးတွေက သူ့ကို မကောင်းတဲ့မိန်းမဆိုပြီး ပစ်ပယ်ခဲ့ကြတယ်၊ မကောင်းတာ ကောင်းတာတော့ ထားလိုက်တော့၊ မခံနိုင်လို့ ထင်ပါရဲ့၊ အလုပ်ကို ကြိုးစားပြီး အခုအခြေကို ဖြစ်အောင်ကြံလာတာ၊ နဂိုက အကြံဉာဏ် အင်မတန်ကောင်း၊ အင်မတန်ဇွဲစပ်တဲ့အတွက် အခုလိုဖြစ်လာတာပဲ။

'ပထမဦးစွာ ကလေးအင်္ကျီ၊ ဦးထုပ်၊ ဖိနပ်၊ ဘောင်းဘီကလေးများကို သေတ္တာနဲ့ နောက်က ကုလီအထမ်းခိုင်းပြီး လည်ရောင်းတာပဲ၊ နောက် ကုလားတစ်ယောက်က နှစ်ယောက်ဖြစ်ပြီး ကုလားများကလည်း သူ့ကို ခင်မင်တာနဲ့ မခွာကြဘဲ ရိုးရိုးသားသား လုပ်ခဲ့ကြတော့ သူကိုယ်တိုင်မလိုက်ဘဲ ရောင်းဖို့ပစ္စည်းများကိုသာ တွင်တွင်ကြီးရှာကြံပြီး ကုလားနှစ်ယောက်က၊ သုံးယောက်၊ သေတ္တာသုံးလုံးက လေးလုံးဆိုသလိုဖြစ်ပြီး တဖြည်းဖြည်း ကြီးပွား၊

နောက်တော့ မဟာဗန္ဓုလလမ်းမှာ ဆိုင်ကလေးဖြစ်ရာက တစ်စတစ်စ ကြီးပွားလာပြီး ဂျာမန်ကုမ္ပဏီလည်း ကိုယ်စားလှယ်ကြီးတစ်ယောက် ပစ္စည်းလေး၊ ငါးမျိုး တစ်ဦးတည်းကိုယ်စားလှယ် ပေးတာနဲ့ အခုလို ကြီးပွားတာပဲ၊ ပြင်ဦးလွင်မှာ အိမ်တစ်လုံးခြံနဲ့၊ ကလောမှာ အိမ်တစ်လုံးခြံနဲ့၊ တောင်တွင်းကြီးမှာ လယ်ဧက သုံးထောင်ကျော်၊ မြောင်းမြမှာ ဘာညင်းခြံ၊ မော်လမြိုင်မှာ ဒူးရင်းမင်းကွတ်ခြံ၊ ရန်ကုန်မှာ ချည်တိုက်ကိုးလုံး၊ ဆွဲသင်္ဘောကလေးသုံးစင်း၊ မော်တော်ဘုတ်နှစ်ခု၊ ဒီပြင်ဆိုင်ခွဲတွေ အရပ်ရပ်မှာ အမြောက်အမြားပဲ။



သူ့ကုသိုလ် ထင်ပါရဲ့၊ လွှဲအပ်ခန့်ထားတဲ့ အရပ်ရပ်မန်နေဂျာတွေကလည်း ရိုးသားဖြောင့်မှန်တာချည်း တွေ့ရတာပဲ'

စသဖြင့် စိတ်အားထက်သန်စွာ မြိန်ရေရှက်ရေ ပြောလေ၏။

မြဒင်သည် စကားကို မကြားရ။ ငေးလျက် ဝင်းကြည်ကိုသာ တွေး၍နေလေ၏။

ဝတ်လုံတော်ရ စကားများဆုံးပြီးနောက် အတန်ငယ်ဆက်လက်ငေးမော၍ နေလေ၏။ သို့ ငေးမောပြီးနောက် ဝတ်လုံကို လှည့်ကြည့်ကာ…

'ဝတ်လုံတော်ရမင်း တကယ်တွေ့သလား'

'ဟင်… ဘာလဲ… ဩော်… ဩော်… မောင့်မိန်းမလား'

ဝတ်လုံတော်ရမင်းသည် အသက်ကို ပြင်းစွာရှူလေ၏။

'တကယ်တွေ့ပါ့မှတယ်၊ စိတ်မပူပါနဲ့လို့ ကျုပ်ပြောပြီမဟုတ်လား မောင်ရဲ့'

'စိတ်မပူဘဲနေလို့ ဘယ့်နှယ်ဖြစ်နိုင်ပါ့မတုံး ဝတ်လုံတော်ရမင်းရယ်၊ ပြောမှ ပြောရက်ပလေ၊ ကျွန်တော့်မိန်းမကို ကျွန်တော် မတွေ့ရဘူးလား ခင်ဗျာ'

'မောင် စိတ်သာချနေပါ၊ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာပါ၊ ကျုပ် ပေါ့မနေပါဘူး'

မြဒင်သည် ဆိတ်ငြိမ်စွာ တွေးတောငေးမော၍နေပြန်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



မိမိ၏ အခြေအနေကို မြဒင် ကောင်းစွာသိ၏။ အဘယ် အတွက် ဝတ်လုံတော်ရမင်းသည် မိမိကို မိန်းမနှင့် မတွေ့စေချင် သည်ကို စဉ်းစားမိ၏။

သို့သော်လည်း မြဒင်၏ စိတ်၌ရှိသမျှ ပစ္စည်းတို့သည် ဝင်းကြည်လောက် အဖိုးမတန်ဟု အောက်မေ့လေ၏။

မြဒင်သည် ခြံကြီးတစ်ခုအတွင်း ခမ်းနားသောအိမ်ကြီး သို့ ရောက်၍သွားလေ၏။

၄င်းအိမ်သို့ ရောက်သောအခါ မာလီကုလားများ၊ အစေခံ များသည် ခရီးဦးကြို ပြုကြလေ၏။

မော်တော်ကားတံခါးများကို သူထက်ငါ ပြေးလာ၍ ဖွင့် ပေးကြ၏။

အိမ်ပေါ်သို့ ရောက်သောအခါ မြဒင်သည် မိမိကိုယ်ကိုယ် နန်းတော်သို့ ရောက်နေသည်ဟု မှတ်ထင်လေ၏။

ဝတ်လုံတော်ရမင်းက အစေခံများအား…

‘သူဌေးမင်း အခု နာလန်ထစရှိသေးတယ်၊ တစ်ယောက် တည်း ပစ်မထားကြနဲ့၊ အပါးမှာ နေကြရမယ်၊ ကောင်းကောင်း ဂရုစိုက်ကြရမယ်၊ မပေါ့ကြနဲ့’

ဟု ပြောလေ၏။

မြဒင်သည် အခန်းတစ်ခုထဲသို့ ရောက်သွားလျှင် ခမ်းနား သော အိပ်ရာပေါ်၌ လဲလှယ်ဝတ်ဆင်ရန် သစ်လွင်သော အဝတ် များကို အသင့်တွေ့ရလေ၏။

၄င်းအခန်းမှာ ယောက်ျားအသုံးအဆောင်များဖြင့် ခင်း င်းထားလေ၏။

ဝတ်လုံတော်ရမင်းသည် မြဒင်၏ မူလအခန်းကလေးမှ ည်းအနည်းငယ်မျှနှင့် ဓာတ်ပုံများ၊ ကားများကို ယူလာ၍ ၄င်း ကြီး၌ ခင်းကျင်းတပ်ဆင် ပြင်ဆင်၍ထားလေ၏။

မြဒင်သည် အခန်းထဲ၌လည်းကောင်း၊ အပြင်၌လည်း ာင်း ကြည့်လိုက်တိုင်း စည်းစိမ်ဥစ္စာ၏ ခမ်းနားသော အထိမ်း တ်များကို မြင်ရလေ၏။

အစေခံများသည်လည်း မြဒင် တစ်စုံတစ်ရာကို အလိုရှိ ျှင် မပြောဘဲနှင့်သိပြီး လုပ်ကိုင်၍ပေးဖို့ရန် အရိပ်အကဲကိုသာ ည့်၍နေကြသဖြင့် မြဒင်မှာ မိနစ်စက္ကန့်မနား အမြဲဂရုစိုက်၍ သော အစေခံတို့၏ မျက်လုံးအရှိန်တည်းဟူသော ပိုးမျှင်ကြိုး ချစ်တို့ဖြင့် ရစ်ပတ်ခြင်းခံ၍နေရသလို မလွတ်လပ် အနေရ ထိုင်ရကျပ်သကဲ့သို့ ဖြစ်၍နေလေ၏။

ဝတ်လုံတော်ရမင်း ပြန်၍သွားသောအခါ ကုလားထိုင်၌ ိုင်ကာ စဉ်းစား၍နေလေ၏။

ဝင်းကြည် ဘယ်အတွက် ပြေးရပါလိမ့်မလဲ။ သူ ဘယ် နေတယ်ဆိုတာကို သိရအောင် ငါ အဘယ်ပုံ လုပ်ရမလဲ။ ဒီစည်းစိမ်တွေကို အလိုမရှိ၊ ဝင်းကြည်ကိုသာ အလိုရှိ၏။

ဒီဝတ်လုံတော်ရကြီးဟာ ငါ့ကို ဝင်းကြည်နဲ့ခွဲပြီး ဥစ္စာ တွေနဲ့ ဖို့သတ်မလို့ကြံတဲ့ကောင်ကြီးပဲ၊ ငါ မနေဘူး၊ ငါမနေဘူး၊

www.burmeseclassic.com

www.burmeseclassic.com

သူလုပ်တိုင်း ငါမခံဘူးဟူ၍ စိတ်ထဲ၌ အကြံပြုကာ တင်းလေ၏။

ထိုအခိုက်တွင် ဝတ်လုံတော်ရမင်းသည် ဝင်းကြည်ကို တိတ်တဆိတ် စုံထောက်ရှာဖွေ၍ နေလေ၏။

မြဒင် စိတ်အာရုံ ပြေရုံသာမျှ သဘောထားကာ တွေ့ပြီ ဟု ပြော၍ထားခြင်း ဖြစ်လေ၏။

* * *

## အခန်း(၅)

လွန်ခဲ့သော တစ်လကျော် နှစ်လခန့်အခါက မိန်းမပျို အလေးတစ်ယောက်သည် အထုပ်ငယ်ကလေးကို ပိုက်လျက် ရန်ကုန်မြို့အနောက်ပိုင်း အငြိမ့်သမား၊ ဇာတ်သမားများနေသော အိမ်တစ်အိမ်သို့ မွန်းလွဲအချိန်တွင် ရောက်၍သွားလေ၏။

အိမ်သားများသည် ၎င်းကိုမြင်လျှင် လှပသော ရုပ်အသွင်ကိုကြည့်ကာ အံ့သြ၍နေကြလေ၏။

၎င်း မိန်းမကလေးက…

'မအုန်းစိန်ဆိုတာ ဒီမှာနေသလားရှင်'

ဟု မေးရာ မိန်းမကြီးတစ်ယောက်က…

'မအုန်းစိန်တို့ တောကိုပြန်သွားကြပြီ၊ အရင်က ကြည့်မြင်တိုင်မှာ နေတယ်၊ နောက် ဒီကိုပြောင်းလာပြီး သူ့ယောက်ျား မမာတာနဲ့ ပြန်သွားကြတယ်၊ ထိုင်ပါဦးလား တူမရဲ့၊ ဘာကိစ္စလဲ'

အိမ်ပေါ်၌ရှိသော ကျိုကာတွဲ၍နေကြသော မိန်းမ၊ ယောက်ျား များသည် ၎င်းကို လှမ်း၍ကြည့်ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကစားဝိုင်းမှာ အငြိုးသတ်ထော့မည့်အခါ
ကြုံကြိုက်လေ၏။ အချို့လည်း ထ၍လာကြ၏။

တစ်ယောက်၊ နှစ်ယောက်သော ဖဲများကို ကုလားဖန်
ရင်း ကျန်ရစ်ကြလေ၏။

ဝင်းကြည်မှာ မိမိသူငယ်ချင်း မရှိတော့သည်ကို ကြ
သောအခါ များစွာအားငယ်လျက် အဘယ်ကိုသွားရမှန်းမ
အခက်ကြုံ၍နေလေ၏။

အိမ်ကိုလည်း မပြန်ဝံ့ချေ။ အကြောင်းမူကား မြဒင်
ရေး၍ထားခဲ့သောစာမှာ လွန်၍နေလေ၏။

ထိုစာ၌ မြဒင်မှာ မိမိအတွက် ဝန်လေးကြောင်း၊
အတွက် မိမိဝမ်းကို မိမိကျောင်းဖို့ရန် ကြံစည်ကြောင်း၊ မိမိ အ
တစ်စုံတစ်ရာ ပူပန်ဖို့မရှိကြောင်းများ ပါရှိလေ၏။

ထို့ပြင် ထွက်၍မလာမီကလည်း သေသေချာချာ စဉ်းစ
ခဲ့လေ၏။

ဝင်းကြည်၏စိတ်သည် မူလကပင် သဘင်ဘက်
ဝါသနာရှူး၍နေခဲ့လေရာ ထိုအလုပ်ကိုလုပ်လျှင် မြဒင်သော်
ပင်ပန်းစွာ အလုပ်လုပ်ဖို့ မလို။ မိမိ၏လုပ်စာနှင့် အေးအေးနေနိ
မည်၊ ပူစရာ ပင်စရာရှိမည်မဟုတ်။

ပျော်ပျော်ပါးပါး ငွေများပိုလျှံစွာ နေရမည်ဟု အောက်
ကာ စိတ်ထဲ၌ မိမိလုပ်ကိုင်သော အလုပ်ကိုသာ ထင်မြင်စွဲလမ်း
နေခဲ့လေ၏။



သို့နေခိုက်မှာ ဆင်းရဲဒုက္ခဖြစ်သောအခါ စိတ်သည် ပိုမို
ပြင်းထန်၍ လာခဲ့၏။

သို့ ပြင်းထန်ရာမှာ အုန်းစိန်၏ အားပေးစကားများကို
ကြားရသောအခါ သာလွန်၍ အားတက်ပြန်လေ၏။

သို့ အားတက်၍နေဆဲမှာ ဝတ်လုံ၏စာကို တွေ့ရသော
အခါ အထပ်ထပ် စဉ်းစားပြီးလျှင် ဆုံးဖြတ်ချက်ကို ချခဲ့လေ၏။

ယခုသည်ကား မျှော်လင့်ချက်သည် အထမမြောက်၊
လောကကြီးဟာ ကြံစည်စိတ်ကူးတိုင်း မဖြစ်တဲ့လောကကြီးပေဟု
အောက်မေ့ဖွယ်ရာ ဖြစ်လေတော့သတည်း။

ဝင်းကြည်သည် မောမောနှင့် ထိုင်လေ၏။

၎င်း၏ အသွင်အပြင် ထူးခြားခြင်းသည် ထိုအိမ်မှာသာ
မဟုတ်၊ အနီးအပါး အိမ်များ၌လည်း လှုပ်ရှားခြင်းကို ဖြစ်စေလေ
၏။

ဝင်းကြည်သည် မောပန်းသဖြင့် ထိုအိမ်၌ထိုင်လေရာ
အိမ်ရှင်မိန်းမ မမြစ်က ဝင်းကြည်၏မျက်နှာ၌ ရေးရေးထင်သည့်
သောကအမှုကို သိမြင်ကာ အကျိုးအကြောင်းကို မေးလေ၏။

'ဘာကိစ္စရှိသလဲ၊ မအုန်းစိန်နဲ့ ဘာတော်သလဲ'

'ဘာမှတော့ မတော်ပါဘူး၊ သူငယ်ချင်းပါပဲ'

'တူမ ဘယ်က လာသလဲ'

'ကျွန်မ တောကပါပဲ၊ ရွှေတောင်မြို့ကပါ'

မမြစ်၏ ယောက်ျားဖြစ်သူ ပတ္တလားဆရာ ကိုနီသည်

www.burmeseclassic.com

www.burmeseclassic.com



ဝင်းကြည်ကို များစွာအကဲခတ်ကာ ကြည့်၍နေလေ၏။

ထို့နောက် ဝင်းကြည်အား…

'ဘာမှ ကြောက်လား ရှက်လား ဖြစ်မနေနဲ့ ကလေးမ၊ မအုန်းစိန် သူငယ်ချင်းဆိုတာနဲ့ ဦးလေး သိပြီ၊ မအုန်းစိန် ပြောဖူးတယ်၊ ဦးလေး ဘယ်လိုမှန်း မသိဘူး၊ မင်းကိုမြင်မြင်ချင်း အုန်းစိန် ဆီလာတယ်ဆိုတာ သိရတာပဲ၊ နာမည်တော့ ဦးလေး မမှတ်မိဘူး၊ အုန်းစိန်တော့ ပြောဖူးတာပဲ၊ မကြည်ဆိုတာ မဟုတ်လား'

'ဟုတ်ပါတယ်၊ ကျွန်မနာမည် မမြကြည်ပါ'

'အေး… အေး… ဟုတ်တယ်၊ မြကြည်ပဲ မြကြည်ပဲ၊ အုန်းစိန် ပြောဖူးတယ်၊ ယောကျ်ားနဲ့ မဟုတ်လား'

'ကျွန်မယောကျ်ား တခြားမိန်းမယူလို့ ကျွန်မကို ပြန်မကြည့်တာနဲ့ ထွက်လာခဲ့ပါတယ်'

'ဟဲ့… ကလေးမ တယ်မိုက်ပါကလား၊ ယောကျ်ားဆိုတာ ဒီလို ယူတတ်ကြတာပဲ၊ ထွက်လာရသလား၊ မင်းယောကျ်ား စိတ်ပူမနေပေဘူးလား၊ ဘယ်မှာ နေသလဲ၊ ဘာလုပ်သလဲ'

'ကျွန်မယောကျ်ား ကျွန်မကို ပြန်မကြည့်လို့ ထွက်လာတာပဲ၊ စိတ်မပူပါဘူး'

'ဟင်… နင့်ဟာ မဟုတ်သေးပါဘူးလဟယ်'

ဟု ပြောကာ မိမိ၏မိန်းမကို ကြည့်လေ၏။

မမြစ်က…

'ရှင်ကလည်း ယောကျ်ားက ပြန်မကြည့်ပါဘူးလို့ ပြော



နေတာပဲ၊ အခုကာလ ယောကျ်ားများဟာ ဒီလိုချည်းပဲ၊ သားမယားကို ကြင်ကြင်နာနာ လုပ်ကျွေးဖို့ သဘောမထားဘူး၊ သူတို့ ပျော်ပါးဖို့သာ သဘောထားတာပဲ'

ဝင်းကြည်သည် မြဒင်အပေါ်၌ ထိုကဲ့သို့ အပြစ်ပုံ၍ချရသည့်အတွက် စိတ်ထဲ၌ မကောင်းဖြစ်သော်လည်း ထိုစကားမှာ ယုတ္တိအရှိဆုံးဖြစ်သဖြင့် အသုံးပြုရခြင်း ဖြစ်လေ၏။

ထို့ပြင် ထိုကဲ့သို့ ပြောခြင်းအတွက် မြဒင်မှာ တစ်စုံတစ်ရာဖြစ်ဖို့ မရှိသည်ကိုလည်း စဉ်းစားမိလေ၏။

သို့ဖြစ်၍ ဝင်းကြည်သည် အဖြစ်အပျက်ကို မိမိဉာဏ်ရှိသလောက် ဇာတ်ဆင်၍ပြောလေ၏။

မမြစ်က…

'ဒီလိုဖြင့်ရင် တူမကြီး ဘာမှမပူနဲ့၊ မအုန်းစိန်ရဲ့ သူငယ်ချင်းဆိုရင် အဒေါ်တို့နဲ့လည်း ရင်းနှီးပြီးသားပါ၊ မအုန်းစိန်ကို တူမလို သဘောထားတာပါ၊ ဒီတော့ မအုန်းစိန် သူငယ်ချင်းဆိုရင် မအုန်းစိန်လိုပေါ့၊ ဘာမှ အားမငယ်နဲ့၊ မအုန်းစိန်ရှိသလို သဘောထား၊ တူမရဲ့ယောကျ်ားဆီ ပြန်ချင်တယ်ဆိုရင်လည်း ပြန်တာပေါ့၊ သူလာရှာလို့ တွေ့ရင်လည်း သူကောင်းရင်လည်း ကောင်းတာပေါ့၊ အဒေါ်တို့မှာတော့ ဝန်မလေးပါဘူး'

စသည်ဖြင့် ပြောလေ၏။

ဝင်းကြည်သည် ၎င်းတို့၏ အမူအရာကို ကောက်ချင့်ကာ သဘောရှိအတိုင်း ပြောသည်ဟု ယုံကြည်စိတ်ချလျက် တစ်နေ့

www.burmeseclassic.com

www.burmeseclassic.com



သဥ္စ နာမည်ကျော်ကြားသူတစ်ယောက် ဖြစ်ဖို့ရန် အစဟု အယူရှိကာ ထိုအိမ်၌နေလေ၏။

သို့နေလေရာ ဓာတ်ဆရာကိုနီနှင့် ၄င်း၏ဇနီးဖြစ်သူသည် ဝင်းကြည်၏ အစွမ်းသတ္တိကို သိကြသဖြင့် မိမိတို့မှာ အဖိုးမဖြတ်နိုင်သော လာဘ်ကြီးတစ်ပါး ဝင်သည်ဟု မှတ်ယူကာ ဝင်းကြည်ကို ဂရုစိုက်၍ လေ့ကျင့်သင်ပြကြလေ၏။

၄င်းတို့မှာ စိန်လယ်ဂျာပွဲအတွက် မြင်းကောင်းကို ရဘိသကဲ့သို့ ဖြစ်၍နေလေ၏။

ဝင်းကြည်သည် အစဦး၌ အားရှိသလိုလိုဖြစ်သော်လည်း မြဒင်၏စိတ်ကို ဖျောက်ဖျက်၍မရချေ။ ဓာတ်ဆရာနှင့် ၄င်း၏ဆရာကတော်တို့က များစွာပင် ဂရုစိုက်ကြသော်လည်း လင်ဖြစ်သူနှင့် ခွဲခွာ၍နေရခြင်းသည် လွယ်ကူသော အလုပ်မဟုတ်ကြောင်း သိစပြုလေ၏။

သို့သော်လည်း အဘယ်နည်းနှင့်မဆို မြဒင်သည် မိမိကိုလိုက်၍ စုံစမ်းရှာဖွေမှာပဲ၊ သတင်းစာထဲမှာ ကြော်ငြာမှာပဲဟု အောက်မေ့လေ၏။ သို့ အောက်မေ့သော်လည်း မြဒင်သည် စုံစမ်းရှာဖွေခြင်းကို ပြုဟန်မရှိ၊ ငြိမ်သက်လှသည်ကို သိရလေ၏။

သို့ သိရသောအခါ မြဒင်သည် မိမိကို အဟုတ်တကယ်မချစ်၊ စည်းစိမ်ဥစ္စာနှင့် ကျေနပ်ကာ မိမိကို မေ့၍နေလေပြီ။ ငါခုလို ထွက်လာခဲ့သည့်အတွက် သူ့စိတ်ထဲမှာ အများကြီး ဝမ်းသာလို့သာ အခုလိုနေတာပဲ စသည်ဖြင့် တွေးတောစပြုလေ၏။



သို့ တွေးတောသည့်အခါ မိမိ၏စိတ်ဓာတ်ကို အတော်အတန် ဖျော်ဖြေ၍ရလေ၏။

သို့ပင် ဖျော်ဖြေ၍ရသော်လည်း အဘယ်နည်းနှင့်မျှ လုံးလုံးကြီး ဖျောက်ဖျက်၍မရ။ မြစ်ထဲ၌ ညအခါ လသာသာတွင် မည်သူမျှမရှိသော လှေကြီးပေါ်၌ နှစ်ယောက်သား ဘယ်ပုံတွေကြုံ စကားပြောခဲ့ကြရသည်၊ ရန်ကုန်၌ စ၍တွေ့သောအခါ၌ အဘယ်ပုံလည်ပတ်သွားလာကြသည် စသည်များကို အဟုတ်တကယ် ယခုဖြစ်ပျက်၍နေသလို ပြန်လှန်တွေးတော ထင်မြင်လေ၏။

သို့ ထင်မြင်ရာ ယခုအခါ၌ကား ငါ့ကို လုံးလုံးကြီးမေ့လျော့ကာ စည်းစိမ်တို့၏အလယ်၌ အပျော်အပါးတွေ၏အောက်တွင် နစ်မြုပ်ကာ အဘယ်ပုံ လူးလိမ့်ခံစား၍နေမည်၊ စည်းစိမ်ဥစ္စာပေါများ၍ ရုပ်ရည်သားနားသော မြဒင်မှာ အဘယ်လိုမိန်းမမျိုးတွေ ခြံရံလျက် စည်းစိမ်တွင် အဘယ်မျှလောက် ပက်လက်မျော၍နေမည်ဟူသော အကြောင်းများကို တွေးလိုက်သောအခါ ရင်ကျိုးလုမတတ် နာကျင်လေ၏။

မြဒင်သည် မိမိကို လုံးလုံးမေ့နေဟန်ရှိသော်လည်း မြဒင်အပေါ်၌ စိတ်မနာ၊ သူက ပစ်တာမဟုတ်၊ ငါကပစ်လို့သာ ငါ့ကိုစိတ်နာပြီး အခုလို ဆိတ်ငြိမ်စွာနေတာပါပဲဟူ၍ ဆင်ခြင်ကာ မိမိကိုယ်ကိုယ်သာ အပြစ်တင်လေ၏။ မိမိပြုမူပုံကို နောင်တရပြုလေ၏။

ဓာတ်ဆရာနှင့် ဆရာကတော်မှစ၍ ဝင်းကြည်ကို အကုန်ချစ်ခင်ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ညိုညိုတစ်ယောက်သာလျှင် ဝင်းကြည်ကို မနှစ်မြို့သူ ရှိလေ၏။

သို့သော်လည်း မနှစ်မြို့သည်ကို ဖွင့်၍မပြောချေ။ အကြောင်းမှုကား ဝင်းကြည် ရောက်လာခြင်းသည် မင်းသမီး ညိုညိုကို လင်ပုပ်ဖမ်းသလို ဖြစ်စေလေသောကြောင့်တည်း။

✻ ✻ ✻

## အခန်း(၆)

ယခုအခါ မြဒင်သည် ဝင်းကြည်အကြောင်းကို တွေးသည့်အခါ မုန်းချစ်သနားဟူသော အဖြစ်မျိုးသို့ ရောက်ရလေ၏။

ဝင်းကြည်၏ ပြုမူပုံကို မုန်း၏။ ဝင်းကြည်ကို ချစ်၏။ ဝင်းကြည် အဘယ်ပုံ ဆင်းရဲဒုက္ခဖြစ်၍ နေရှာမည်ကို တွေး၍ သနား၏။

အမိုက်မ၊ အရူးမ၊ ငါ့မှာ ဘာအပြစ်ရှိလို့ သင်း ပစ်သွားရသတုံး။ ငါ သူ့ကိုယ်ကို စိတ်ဆင်းရဲခြင်း အမျိုးမျိုးခံပြီး ရှာကြံ ကျွေးမွေးခဲ့တယ်။ ငါ ဘယ်အခါမှ သူ့အပေါ်မှာ ငြိုငြင်ခြင်းမရှိခဲ့ဘူး။

သူ့အတွက် ငါ့မှာ ဝန်လေးတာကို မမြင်ချင်လို့ သွားသည် ဆိုတဲ့စကားဟာ အနည်းငယ်မျှ လုံလောက်သော အကြောင်း မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်အတွက် သင်း အခုလို လုပ်ရသလဲဟူ၍ တွေးလိုက်သောအခါ အကြောင်းကို ရှာ၍မရ၊ စဉ်းစားရန် လွန်စွာခက်၍နေလေ၏။

ဝင်းကြည်သည် အချောဆုံးသော မိန်းကလေးဖြစ်၏။ အညီကိုသာ ယှင်အုံသည်မဟုတ်၊ အမွှေးအချိုကိုလည်း ယှင်အုံ၏။

ဝင်းကြည်တည်းဟူသော ရှုပါရုံအမွှေးအချို အဆိမ့်ကလေးကို အုံဖို့ရန် တိတ်တဆိတ်ကြံနေသူတွေ ရှိနေကြလေသလား။ ငါကလည်း အလုပ်မရှိ၊ ဝတ်ချင် ဆင်ချင်၊ ပျော်ပျော်ရွှင်ရွှင်နေချင်တုန်းအရွယ်မှာ မပျော်ရ၊ မရွှင်ရ၊ မသုံးရ၊ မစားရ၊ မဝတ်ရ၊ မဆင်ရ။ ဒီတော့ သုံးနိုင်ဖြုန်းနိုင်တဲ့ ယောကျ်ားတစ်ယောက်ယောက်နဲ့ တစ်နေရာရာမှာတွေ့ပြီး မှောက်မှားခြင်းဖြစ်လေသလား။

ဝင်းကြည်ဟာ ဒီလိုမိန်းမမျိုးထဲကလည်း မဟုတ်။ သူ့အမျိုးတစ်မျိုးလုံးမှာ ဒါမျိုးမရှိ၊ အတွေးရခက်ပါဘိတကား စသည်ဖြင့် မကြာမကြာ တွေးမိလေ၏။

ဝင်းကြည် ထွက်၍သွားသည်မှာ ရက်လအတော်ကြာခဲ့၏။

ထိုအတွင်း အခြေအနေတို့၏ ပြောင်းလဲခြင်း၊ မကျန်းမမာခြင်းကြောင့်တစ်ကြောင်း၊ အချစ်ဆုံးသော မယားဖြစ်သောကြောင့်တစ်ကြောင်း နှစ်ပေါင်းများစွာ ကြာလှပြီကဲ့သို့ စိတ်၌ အောက်မေ့ရလေ၏။

ဝတ်လုံတော်ရမင်းကလည်း ယီးတီးယားတားပြော၍



ထားခဲ့လေရာ နောက်ဆုံး၌ ဝင်းကြည်ကို ယခုတိုင် မတွေ့ရကြောင်း ဖွင့်၍ပြောရလေ၏။

နောက်ဆုံး၌ ဝင်းကြည်အပေါ်၌ စိတ်နာခြင်း ပိုမို၍လာလေ၏။

သင်း ကေန့်ဖောက်ပြန်ချင်လို့သာ အခုလို လုပ်တာပဲ။ လင်ယောကျ်ားတို့မည်သည် မိမိတို့၏ သားမယားအပေါ်၌ အမြဲယုံကြည်စိတ်ချတတ်ကြ၏။ ငါလည်း ယုံကြည်စိတ်ချခဲ့သူတစ်ယောက် ဖြစ်၏။

ငါမရှိတဲ့အခါများမှာ ဘယ်လိုဖြစ်သလဲဆိုတာ ငါ ဘာမှသိရ။ ကေန့် သင်း မကောင်းတဲ့အကြံနဲ့သွားတာပဲ၊ တစ်စုံတစ်ယောက်သွေးဆောင်ရာကို ပါလေပြီ စသဖြင့် အယူရှိစပြုလေ၏။

အယူရှိသောအခါ တစ်စတစ်စ ဖြေဖျောက်ရန် လွယ်၍လာလေ၏။ ထို့ပြင် စည်းစိမ်သည် လွန်စွာကောင်းသော အဖော်ဖြစ်၏။

အချစ်ဆုံးဖြစ်သော သူတို့ကိုပင် မေ့လျော့စေသော အကြီးဆုံးသော မေ့ဆေးကြီးပေတည်း။

ရှေးဦးစွာ ပထမ စိတ်ညစ်၍ သောက်ကာဖြေဖျောက်၏။ သောကအပူတို့ကို ဝိုင်အရက်ဖြင့် ဆွတ်ဖျန်းကာ ငြိမ်းချမ်းစေ၏။

အပေါင်းအဖော် ဂုဏ်သရေရှိတို့ကလည်း ထိုနည်းဖြင့် ခကို ရှာဖို့ရန် ညွှန်ကြားသင်ပြကြ၏။

သို့ဖြစ်သောကြောင့် ငွေကို သုံးချင်သလိုသုံးခြင်းအလုပ်

www.burmeseclassic.com

www.burmeseclassic.com



မှတစ်ပါး အခြားအလုပ်မရှိ။ ပျော်ပွဲ၊ ညှော်ခံပွဲတို့ဖြင့် မိမိကိုယ်ကိုယ် အလုပ်ပေးရလေ၏။

မိမိနေသော အိမ်သည်ကား ဆင်လမ်းမှာ ရှိလေ၏။ ဆင်လမ်းခြံကြီး၌ အစေခံများနှင့်ဆွေမျိုးတော်စပ်သူ လူကြီးအနည်းငယ်မျှ ရှိကြ၏။

သို့သော်လည်း အများအားဖြင့် မိမိနေသော နေရာမှာ မြို့တွင်းရှိ 'ဟုတ်ဖူး'ခေါ် မိမိနှင့် မိတ်ဆွေအနည်းငယ်မျှတို့ တည်ထောင်သော ကလပ်ခန်းကလေးတစ်ခု ဖြစ်လေ၏။

ကျန်းမာ၍လာစဉ်၌ စိတ်လက်များစွာ လေလွင့်ညစ်ညူးခဲ့ရာ ဝတ်လုံတော်ရမင်းက မြဒင်ကို မိမိတူနှင့် အခြားမိတ်ဆွေ အနည်းငယ်မျှအား မြဒင်နှင့် အသိဖွဲ့၍ပေးလေ၏။

သို့ ပြုလုပ်သည်မှာ စိတ်လက်ကောင်းစေဖို့ရန် ရည်ရွယ်ခြင်းသက်သက် ဖြစ်လေ၏။ မြဒင်၏ အဖော်များသည် မြဒင်အား မိမိတို့ ဝါသနာရှိရင်းအတိုင်း အပျော်ဓာတ်သွင်း၍ ပေးကြလေ၏။

မြဒင်သည် တစ်စတစ်စ အပျော်ဝင်စား မယားကို လုံးလုံး လိုလိုပင် မေ့လျော့စပြုလေတော့သတည်း။

၎င်းတို့၏ကလပ်မှာ လူသူလွန်စွာရှုပ်၍ ဆူညံသော အနော်ရထာလမ်းနှင့် (၃၇)လမ်းအနီးအနားတွင် ရှိလေရာ ညဦးအခါ များ၌ ကုလားဗုံတွေ၊ သံစုံတွေ ဟိန်းဟောက်ညည်းညူ အူကြ အာကြ၊ ကုလားတေးသီချင်းသံတွေသာ ကြားရသောအရပ် ဖြစ် လေ၏။



ထိုအရပ်၌ မိတ်ဆွေအနည်းငယ်မျှ စုဝေးတည်ထောင် သော ကလပ်ကလေး၏ အသည်းဆုံးသော အသံသည် ထိုအသံတို့ ကို လွှမ်းမိုးခြင်းမပြုနိုင်ချေ။

ထို့ပြင် မြဒင်တို့၏ ပျော်ပွဲမှာ အများအားဖြင့် စောင်းနှင့် အငြိမ့်မင်းသမီးကလေးများကိုငှား၍ အဆိုခိုင်းသော တေးသံဖြစ် လေရာ မိုးတွင်းအခါ ဖားခုံညင်းတွေ ဟိန်းသံထဲမှာ ခရုမျက်ပြဲ အွန်သကဲ့သို့ ဖြစ်လေ၏။

သို့ဖြစ်၍ ထိုနေရာမှာ အပျော်သမားများအတွက် လွန်စွာ သုံးခြုံသောနေရာ ဖြစ်လေ၏။

ရန်ကုန်မြို့၌ ပုန်းရှောင်လိုလျှင် ချောင်ကိုခိုရာ မလွတ်၊ မြို့တွင်း မြို့လယ်မှာသာ လုံခြုံလေရာ မြဒင်က နဂိုက အပျော် သမား၌ လွန်ကဲသူမဟုတ်သဖြင့် အတန်ကြာသောအခါ အပျော် သက်သက်နှင့် နေရခြင်းကို ငြီးငွေ့စပြုလေ၏။

၎င်းတို့၏အပျော်သည် ညစ်ညူးကြမ်းကြုတ်လှသည် မဟုတ်၊ စောင်းအငြိမ့်နှင့် စားခြင်း၊ သောက်ခြင်း၊ ကစားခြင်း၊ စကားပြောခြင်းမျှ ဖြစ်လေရာ ထိုမျှလောက်သော အပျော်ကိုပင် မြဒင်စိတ်ထဲ၌ လွန်ကျူးသည်ဟု မှတ်ထင်ကာ ဘာကိုလုပ်ရမှန်း မသိဘဲ နေလေ၏။

သားမယားယူဖို့ရန်လည်း စိတ်မရှိ၊ ဝင်းကြည်နှင့် ကွဲပြီး သည်းက ဝင်းကြည်ကို မီသောမိန်းမဟူ၍ တစ်ယောက်တလေ သို့မျှ မတွေ့ခဲ့ရချေ။

www.burmeseclassic.com

www.burmeseclassic.com



ဝင်းကြည်ကဲ့သို့သော မိန်းမသော်မှ ယခုလို ဖောက်ပြန် လွင့်ပါးလျှင် ကမ္ဘာပေါ်မှာ အဘယ်မိန်းမမျှ ကောင်းတော့မည် မဟုတ်ဟု စိတ်၌ အောက်မေ့လေ၏။

လောက၌ အလုပ်မလုပ်ဘဲ အပျော်သက်သက်နှင့် နေ ခြင်းသည် အဘယ်မျှလောက် ဆင်းရဲသည်ကို မြဒင်သည် ကိုယ် တွေ့သိရလေ၏။

ထို့ပြင် ယခု မိမိရရှိသော စည်းစိမ်တို့သည် မိမိ၏ တရားသဖြင့် ပိုင်သောပစ္စည်းများ မဟုတ်။ ဒေါ်ငြိမ်း၏ ထူးဆန်း သော စီမံချက်ဖြင့် ရရှိလေရာ သာလွန်ရင်းနှီးသော ၎င်း၏ဆွေမျိုး များစိတ်၌ မိမိသည် မတရား တက်ကစီးလုပ်၍နေသော အသုံး မကျ ပိုးထိုးသလို ထိုး၍နေသော လူကပ်ပါးဟု အယူရှိကြမည်ကို စဉ်းစားကာ ရှက်လေ၏။

သို့ဖြစ်သောကြောင့် ဝတ်လုံတော်ရမင်းနှင့် တိုင်ပင်ကာ ဒေါ်ငြိမ်း၏ ဆွေမျိုးအနည်းငယ်မျှတို့အား ဒေါ်ငြိမ်းပေးသော ငွေ အပြင် ရက်ရောစွာ ထပ်လောင်းဝေငှလေ၏။

တစ်နေ့သ၌ မြဒင်သည် နံနက်စောစော ကန်တော်ကြီး ဘက်မှ ကားနှင့်ပြန်၍အလာတွင် ဆင်းရဲလျက် အလုပ်ရှာစဉ်က သိခဲ့၍ အတော်အတန် အကူအညီရခဲ့သော မိတ်ဆွေတစ်ယောက် နှင့် တွေ့သဖြင့် ကားကို ရပ်လေ၏။

'ဘယ့်နှယ်··· ကိုကျော်၊ ဘယ်က လာသလဲ'

'လမ်းလျှောက်တာပဲ၊ မနက်တိုင်း ကန်တော်ကြီး



တစ်ပတ်လျှောက်ပြီးမှ ရေမိုးချိုးပြီး အလုပ်သွားတာပဲ'

ဟု ပြောရင်း မြဒင်၏ ပုံပန်းနှင့် ကြီးကျယ်သောကားကို ကြည့်လေ၏။

'အခု ဘယ်မှာနေသလဲ၊ အလုပ်အကိုင်များ ဘယ်လို··· နေပါဦး··· အင်း··· ဒါ··· ခင်ဗျား အင်း··· ဘယ်ကလာတာလဲ'

'အင်းယားက ပတ်ပြီး လာတယ်၊ ဆရာဝန်က လေ ကောင်းခံဖို့ပြောလို့'

'ဩော်··· မမာဘူးလား၊ ဟုတ်တယ်၊ ခင်ဗျား တစ်မျိုး ဖြစ်နေတယ်၊ အရင်ကနဲ့ မတူဘူး'

'ခင်ဗျားတော့ အရင်လိုပဲ၊ အရင်အလုပ်ပဲလား၊ တော် တော်များ နေရာကျပါရဲ့လား'

'အရင် အလုပ်ပေါ့ မိတ်ဆွေ၊ ဝတ်လုံတွေ ရှေ့နေတွေ လည်း အခန်းထဲမှာ ငိုက်နေကြရတာပဲ၊ ကျုပ်တို့လို ရှေ့နေစာရေး တော့ ဘယ်ပြောစရာရှိတော့မှာတုံး၊ ခင်ဗျား ရှေ့နေကြီးရော ဘယ့်နှယ်များနေသလဲ၊ အရင်လိုနေမှာပေါ့လေ၊ လာလေ··· အခု မြို့ထဲပြန်မယ် မဟုတ်လား၊ တက်လေ'

ဟု မြဒင်က ပြောလေရာ ရှေ့နေစာရေး ကိုကျော်သည် ကားပေါ်သို့ တက်လေ၏။ ထို့နောက် ဆက်လက်၍မောင်းလေ၏။

'နေပါဦး မိတ်ဆွေ၊ တခြားလူလည်း မဟုတ်ဘူး၊ မေး တာ စိတ်မရှိပါနဲ့၊ မိတ်ဆွေကိုမြင်ရတာ မေးချင်စရာကြီး၊ ဘယ် လိုပြောင်းလဲခြင်းများလဲ၊ ခင်ဗျား မိန်းမရော'

www.burmeseclassic.com

www.burmeseclassic.com



'မိန်းမ မရှိတော့ဘူး'

'ဟင်… ဘယ့်နှယ်မရှိပုံလဲ၊ တယ်တော်တဲ့ မိန်းကလေးလို့ ကြားရတာပဲ၊ နေပါဦး… ဘယ်လိုဖြစ်တာလဲ'

'ဒီလိုပေါ့လေ၊ သူလည်း မပျော်ပိုက်လို့ မိဘရပ်ထံ ပြန်သွားတာပဲ'

'သြော်… ဟုတ်တယ်လေ၊ မိန်းမသားဆိုတော့ အလုပ်အကိုင် အပေါက်အလမ်းမတည့်တဲ့အခါ အားငယ်ရှာပေမှာပဲ၊ နို့… ဘယ်တော့ပြန်လာမလဲ၊ အခု ဘာများလုပ်ကိုင်ကြံစည်သလဲ၊ ကိုယ့်လူ မသက်သာပါဘူး၊ ခင်ဗျား မိန်းမကို တောပြန်ပို့ပြီး သိုက်တူးဖို့ ထင်တယ်၊ ရုပ်ကလေးကလည်း ဟန်တာနဲ့'

'ခင်ဗျား သတင်းမှ မကြားဘူးလား'

'ဘယ်သတင်း ကြားအားမလဲ မိတ်ဆွေ၊ ကလေး (၄) ယောက်နဲ့ အလျဉ်မီအောင် ထမင်းစားရဖို့ကို အမြဲလုံးပန်းနေရတာကလား၊ ပြောစမ်းပါဦး'

မြဒင်သည် မိမိ၌ ပြောင်းလဲခြင်းဖြစ်ကြောင်းကို သိရုံမျှပြော၍ပြလေရာ ကိုကျော်သည် အတိုင်းထက်အလွန် ဝမ်းသာလျက်…

'ဒီလိုဖြင့် ခင်ဗျား အရင်က ကျုပ်တို့တိုင်ပင်ထားတာကလေးများ ဖြစ်မြောက်အောင်လုပ်ရရင် အင်မတန်ကောင်းမှာပဲ၊ အဲလေ… ခင်ဗျားမှာတော့ ဒီလိုအလုပ်အသေးအမွှားမျိုးကို ကြံဖို့မလိုတော့ပါဘူး'



'အလုပ်ဆိုတာ ကြံလုပ်ကောင်းတာချည်းပေါ့၊ အလုပ်မှမလုပ်ရင် ဘာလုပ်နေရမလဲ၊ ခင်ဗျား တကယ်စိတ်ပါရင် လုပ်ပါလား'

ကိုကျော်သည် ရှေ့နေစာရေး လုပ်နေသော်လည်း ရိုးသားသူတစ်ယောက်ဖြစ်လေရာ မိမိ၏အလုပ်ကို အမြဲမုန်းထားလျက် မိမိဝါသနာပါသော ဓာတ်စက်၊ တယော၊ မယ်ဒလင် စသည့် တူရိယာများ လုပ်ကိုင်ရောင်းချသော ဆိုင်ကြီးဖွင့်နိုင်ဖို့ရန် အမြဲကြံစည်ခဲ့လေ၏။

မိမိကိုယ်တိုင်လည်း လက်မြောက်သူဖြစ်လေရာ ပီယာနိုများကိုပင် မိမိလုပ်လျှင် ဖြစ်လိမ့်မည်ဟု ယုံကြည်သူတစ်ယောက်ဖြစ်လေ၏။

သို့ဖြစ်လေရာ ငွေရင်းတစ်ထောင်၊ နှစ်ထောင် အဘယ်ချောင်၌ အဘယ်အမှုသည်ကို အမဲဖျက်၍ယူရမည်ဟု ကြံစည်သော်လည်း ကိုယ်တိုင်က မုဆိုးမဟုတ်၊ ငွေကြေးကလည်း ရှားပါး၊ စည်အပ်သော ရှေ့နေတိုက်များနှင့် ရုံးများမှာ အဟုတ်တကယ်စည်ဘဲနေခဲ့သဖြင့် များစွာ စိတ်အိုက်၍နေခဲ့လေ၏။

ဆင်းရဲစဉ်အခါ၌ တွေ့ကြသော မိတ်ဆွေများသည် လွှမ်းစွာခင်မင်တတ်ကြသည့်နည်းအတိုင်း အထက်ထက်က မြဒင်နှင့်အတူ အခါခါကြံစည်တိုင်ပင်ကြလျက် လေထဲတွင် တိုက်အိမ်တွေ များခဲ့ကြလေ၏။

ယခုသည်ကား တိုက်အိမ်များသည် တကယ့်အိမ်ဖြစ်ရ

www.burmeseclassic.com

www.burmeseclassic.com



တော့မည်ကဲ့သို့ ဖြစ်လေရာ ကိုကျော်မှာ ကားကိုမစီး လေကိုစီး၍ ချာန်ကြွရသကဲ့သို့ ဖြစ်၍နေလေ၏။

အကြောင်းမူကား ငွေငါးထောင်၊ တစ်သောင်းကို အဘ[illegible] အခါမဆို ထုတ်နိုင်ကြောင်း ကိုကျော်က လူစိုက်၊ မြဒင်က ငွေ[illegible] စိုက်၊ ပါတနာအစုစပ်အလုပ်ကို ဖြစ်စေမည်ဟု ကတိထားလိုက်[illegible] လေ၏။ ကိုကျော်သည် မြဒင် စကားမှန်ကြောင်း ကောင်းစွာသိ[illegible] လေ၏။

မကြာမီ မြဒင်၏ခြံသို့ရောက်လေရာ ကိုကျော်မှာ အတိုင်း[illegible] မသိ အံ့သြခြင်းဖြစ်လေ၏။

ထို့နောက် မြဒင်ကိုယ်တိုင် ကိုကျော့်ကို အိမ်အထိ ကား[illegible] နှင့်ပို့လိုက်လေရာ ကိုကျော်သည် မြဒင်ကို အိမ်သို့ ခေတ္တဝင်ရ[illegible] တောင်းပန်လေ၏။

မြဒင်လည်း ခေတ္တဝင်၍ အိမ်သားများနှင့် စကားပြော[illegible] လေရာ တစ်အိမ်လုံးမှာ သုခချမ်းသာခြင်း၏ ရောင်နီဖြင့် သေးယ[illegible] မှေးမှိန်သော အခန်းကလေးမှာပင် ဝမ်းမြောက်ခြင်းဖြင့် ဝင်းဝင်း[illegible] တောက်သလို ဖြစ်၍သွားလေသတည်း။

ကိုကျော်သည်ကား မြဒင် ဆင်းရဲနိုက်မှာ ဝတ်လုံထ[illegible] အလုပ်ရှာ၍ ပေးရုံမက ငွေကြေးနှင့်လည်း မိမိမှာ အားရှိသလော[illegible] ထောက်ပံ့ခဲ့ဖူးသူဖြစ်လေရာ မြဒင်သည် ၎င်း၏အနည်းငယ်မျှသော[illegible] ကူညီခြင်းတို့ကို လုံးလုံးကြီး မမေ့သူတစ်ယောက် ဖြစ်လေသည်[illegible]

နောက်များမကြာမီ ကိုကျော်သည် ကုန်သည်လမ်း[illegible]



ဘူရိယာဆိုင်ကြီးတွင် ကြီးမှူးစည်းကြပ်လျက် မန်နေဂျာကြီးတစ်ယောက် ဖြစ်၍နေလေ၏။

မြဒင်သည်လည်း အပျော်သမားများနှင့် ငြီးငွေ့သည့်အခါ အလုပ်၌ စိတ်ကိုသွင်းခြင်းဖြင့် သောကအပူကို တတ်နိုင်သမျှ ပပျောက်စေလေသတည်း။

ထိုအခါ၌ စိန်မြကြည်ဟူသော နာမည်သည် ရုတ်တရက် ချက်ချင်း လတ်တလောပေါ်ပေါက်၍လာရုံမက ကျော်၍လာလေ၏။

လက်ဖက်ရည်ဆိုင်များ၌လည်း စိန်မြကြည်၊ မော်တော်ဘုတ်ပေါ်၌လည်း စိန်မြကြည်၊ ဓာတ်ရထားပေါ်၌ စိန်မြကြည်၊ ဈေးဟူသမျှ၌ စိန်မြကြည်၏ နာမည်ကို ကြားရလေ၏။

၎င်းနာမည်သည်ကား မိုးပေါ်ကကျလာသလို ရုတ်တရက် ပေါ်လာသော အငြိမ့်မင်းသမီး အသစ်တစ်ယောက်နာမည် ဖြစ်လေ၏။

ထိုအခါသည်ကား အပျော်အပါးတို့ကို မုန်းတီးငြီးငွေ့သဖြင့် ကလပ်၌ အတီးအဆိုကို ရပ်ခဲ့ကာ အလုပ်၌ မြဒင် စိတ်ဝင်စားလျက်နေသောအခါ ဖြစ်လေ၏။

မြဒင်သည် ထိုအခါသမယ၌ အရှုံးပမာ စိတ်ပြောင်းလဲသောအခါ ဖြစ်လေရာ တစ်စုံတစ်ခုကို စိတ်အားထက်သန်စွာ လုပ်၍နေပြီးနောက် အတန်ကြာလျှင် ထိုအလုပ်ကို ငြီးငွေ့၍ အသစ်ကို ရှာကြံချင်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်သောကြောင့် အပျော်အပါး၌ မဝနိုင်သော မိတ်ဆွေများက ဒီလူဟာ တစ်မျိုးလူပဲ၊ အရင်ဖြစ်တဲ့ ရောဂါအငွေ့အသက် မကုန်သေးဘူးထင်တယ် စသည်ဖြင့် ပြောကြလေ၏။

အလုပ်၌ တစ်လကျော်ကျော်လောက်မှာ လွန်စွာ စိတ်အား ထက်သန်ခဲ့၏။

ထို့နောက် ပူနွေးရာမှ အေးပြီး ကိုကျော်ကို လုံးလုံးလွဲကာ အလည်အပတ်ဘက်သို့ စိတ်ရောက်ပြီးလျှင် ကျန်းမာရေးအတွက် ဟုဆို၍ နံနက်တိုင်း ကန်တော်ကြီးကို ခြေကျင်ပတ်စပြုပြန်လေ၏။

ထိုကဲ့သို့ တနင်္ဂနွေတစ်ပတ်ကြာသောအခါ မော်တော်ကားနှင့် ခရီးဝေးသွားခြင်းအလုပ်ကို ကြံစည်ပြန်၏။

ငွေ၏အလိုကို ငွေမို့သာ လိုက်နိုင်လေသတည်း။

နောက်ဆုံး၌ ရန်ကုန်မြို့ကို မျက်မှန်းကျိုးကာ ဒီစတြိတ်နယ်များသို့ ထွက်၍သွားလေ၏။

တစ်လလောက်ကြာခဲ့ပြီးနောက် ရန်ကုန်သို့ ရောက်၍လာလေ၏။

တူရိယာဆိုင်သို့ သွားသောအခါ ဓာတ်စက်တစ်ခု၏ အသံကို ကြားရလေ၏။

ထိုအသံကို ကြားရသောအခါ ရင်ထဲ၌ လှိုက်ဖို၍လာလေ၏။

အကြောင်းမူကား ထိုတေးသံသည် ဝင်းကြည်ဆိုလေ့ရှိသော ယမုန်နာ တေးကြီးဖြစ်လေရာ ဆွဲငင်ပုံ၊ လှည့်ပုံမှာလည်း



ဝင်းကြည်၏အသံနှင့် ထပ်တူဖြစ်နေသည်ကို သိရလေ၏။

မြဒင်က ကိုကျော်အား…

'ဒါ ဘယ်မင်းသမီးလဲ'

ဟု မေးလေရာ နာမည်ကျော် စိန်မြကြည်၏အသံ ဖြစ်ကြောင်း ပြောလေ၏။

မြဒင်လည်း စဉ်းစား၍ အသံသဲကွဲအောင် ဂရုစိုက်နားထောင်လေ၏။

နားထောင်လေလေ ဝင်းကြည်၏ အသံနှင့် တူလေလေဖြစ်ရာ မြဒင်က ကိုကျော်အား 'ဒီလောက်အသံကောင်းရင် ရုပ်လည်း တော်တော်ချောမှာပဲ ထင်ပါရဲ့'

ဟု ပြောလေ၏။

ကျော်က…

'အသံကောင်းတိုင်း ရုပ်မချောဘူး၊ သူ့မှာတော့ အသံကောင်းသလောက် ရုပ်လည်းချောတယ်လို့ ပြောကြတာပဲ၊ ကျုပ်လည်း တစ်ခါမှ မကြည့်ရသေးဘူး'

'ဒီလိုဖြင့် ကျုပ်တို့ကလပ်ကို ခေါ်ရင် ရပါ့မလား'

ဟု မေးလေ၏။

'ငွေပေးရင် ရတာပေါ့လေ၊ ဘာလုပ်ဖို့လဲ၊ အခု နားထောင်ရပြီမဟုတ်လား၊ အငြိမ့်မင်းသမီးများ ယူမလို့ကြံတာလား'

'အငြိမ့်သမဆိုတာ လူတိုင်းရတာမျိုး မဟုတ်ဘူးဗျ'

'ဘာဖြစ်လို့ လူတိုင်းမရသလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ရှားလို့ပေါ့၊ အငြိမ့်သမ မဟုတ်တာတွေက များပြီး တိုင်းပြည်မှာ အငြိမ့်သမက နည်းနေတာကိုး၊ မိန်းမတိုင်း အငြိမ့်သည်ဖြစ်ရင် လူတိုင်း အငြိမ့်သည်ရမှာပေါ့'

'အင်း… ဒါလည်း ဟုတ်ကဲ့'

မြဒင်သည် ထိုတေးသံကို ဆိုင်မှာသာမဟုတ်၊ သွားရာအရပ်၌ ကြားရလေ၏။

၎င်းတေးကို အခြား မိန်းမ၊ ယောက်ျားများ ဆိုသည်ကိုလည်း ကြားရဖူး၏။

မိမိကိုယ်တိုင်လည်း ရ၏။

သို့သော်လည်း ယခု ဓာတ်စက်မှ ကြားရသောအသံကို မမီ။ ဝင်းကြည်လည်း ထိုတေးသွားကို များစွာဆို၏။

လှည့်ပုံ ပတ်ပုံမှာလည်း ဝင်းကြည်နှင့် လွန်စွာတူ၏။

သို့သော်လည်း ဤဓာတ်စက်ထဲမှာလောက် ဝင်းကြည်သည် အဘယ်အခါမျှ ကြည်နူးဖွယ်ကောင်းအောင် မဆိုခဲ့ဖူးချေ။

မြဒင်သည် ထိုတေးကို ဓာတ်စက်များ၌ ကြားကတည်းက စိတ်တွင် တစ်မျိုးဖြစ်၍ နေခဲ့လေသတည်း။

✻ ✻ ✻

## အခန်း(၇)

ဝင်းကြည်မှာ ဝင်းကြည်နာမည်ပျောက်လျက် စိန်မြကြည်ဟူသော နာမည်ဖြင့် ကျော်ကြား၍နေရလေ၏။

နာမည်ကျော်သော်လည်း စိတ်လက်မပျော်ချေ။ အကြောင်းမူကား ကိုယ့်ဝမ်းနာ ကိုယ်သာသိဟူသော အခြေအနေမျိုးသို့ ဝင်းကြည်မှာ စကားနှင့်ညီအောင် ရောက်နေလေ၏။

ထိုအကြောင်းကို မည်သူမျှ မသိရချေ။ ထိုကဲ့သို့သော အခြေအနေသည် ကခုန်ခြင်းနှင့် လွန်စွာဆန့်ကျင်၍ နေလေ၏။

အကြောင်းမူကား ဝင်းကြည်မှာ ပျို့ရွယ်သူမို့ တခြားသူများ မသိကြသော်လည်း လေးလံ၍နေသည်ကို မိမိ ကောင်းစွာသိလေ၏။

ဓာတ်ဆရာ ကိုနီသည် ဝင်းကြည်ကို တွေ့အရင်းပမာ ဂရုစိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကတော်သည်ကား ရှေးကလို မဟုတ်။ ဝင်းကြည်အပေါ်၌ ခပ်အေးအေး သဘောထားလျက် စိတ်တစ်မျိုး ပြောင်းစပြုလေ၏။

ဝင်းကြည်သည် ဆရာကတော်၏ အမူအရာကိုမြင်လျှင် မနေတတ် မထိုင်တတ် ဖြစ်လေ၏။

သို့သော်လည်း တစ်စုံတစ်ရာ မေးမြန်းခြင်းမပြုချေ။

ဆရာကတော်သည်ကား အခြားမင်းသမီး ညှိညှိက ဝင်းကြည်ကို မှာလိုက်တိုသဖြင့် တိုက်၍ထားသောကြောင့် ဝင်းကြည်ကို မာ၏။ ယောက်ျားနှင့် တစ်မျိုးတစ်မည် ထင်နေလေ၏။

ထိုအကြောင်းများကို မသိသော ဝင်းကြည်မှာ ဆရာကတော်၏ အမူအရာပြောင်းခြင်းကြောင့် စိတ်ထဲ၌ ကျိတ်ကာဆင်းရဲ၍သာနေရလေ၏။

ထို့ပြင် နာမည်ကျော်မင်းသမီးတို့မည်သည် အနှောင့်အယှက် လွန်စွာများလေ၏။

ဂုဏ်သရေရှိ လူကြီးလူကောင်းတို့၏ ဘေးရန်အနှောင့်အယှက်ကို ရှောင်နိုင်အောင် လွန်စွာကြိုးစားရလေ၏။

ဇာတ်ဆရာကတော် ဒေါ်မြင့်မှာလည်း ထိုကဲ့သို့ လူကြီးလူကောင်း အသိတွေများသူဖြစ်လေရာ ဝင်းကြည်ကို သွေးဆောင်၍မရ။

'ညည်း အများနဲ့မတူဘူး၊ ညည်းကိုယ်ကို ဘာများထင်နေလို့လဲ'



စသည့် စကားမျိုးကို အသုံးပြုလေ၏။

ဆရာကတော်နှင့် ဆရာသည်လည်း ဝင်းကြည်အတွက် မကြာခဏ ခိုက်ရန်ဖြစ်ကြ၏။

ခိုက်ရန်ဖြစ်သည်ကိုလည်း ဝင်းကြည် သိလေ၏။

သို့ဖြစ်လေရာ များစွာအနေခက်၍ နေရှာလေသတည်း။

ဝင်းကြည်သည် ရှေးဦးပထမ ဘုမသားချင်းလို နေခဲ့လေရာ နဂိုက အားနာတတ်သောကြောင့်တစ်ကြောင်း၊ အခြားအားထားရာ ဆွေမျိုးဉာတိ မရှိသောကြောင့်တစ်ကြောင်း၊ မိမိကို အဟုတ်တကယ် ဘုမသားချင်းလို သဘောထားကြလိမ့်မည်ဟု ယုံကြည်သောကြောင့်တစ်ကြောင်း၊ ရသမျှ ငွေကြေးကို ဆရာကတော်အား အပ်လေ၏။

ဆရာကတော် ဝယ်ခြမ်းပေးမှ ဝတ်ဆင်၏။

ယခုမှာကား ဆရာကတော်၏စိတ်၌ ပြောင်းလဲခြင်းဖြစ်သည်ကို သိရသောအခါ ငါခင်သလိုမခင်၊ ငါကဲ့သို့သဘောထားမဖြူစင်၊ ဤလူပြည်ဟာ အဘယ်နေရာမှာမျှ မကောင်းပါလားဟု စဉ်းစားစပြုလေ၏။

ထိုအခါ၌ လေးလံခြင်းသည် တိုး၍ထင်ရှား သိသာလေ၏။

ထိုမသာယာသောအိမ်၌ မနေလျှင် အဘယ်ကိုသွား၍ ခိုကိုးရမည်ကို ကြံစည်၍မရချေ။

အထက်ထက်က နာမည်ကောင်းသလောက် ရခဲ့သမျှတို့

www.burmeseclassic.com

www.burmeseclassic.com



မှာလည်း ဆရာကတော်အား အကုန်အစင်ပေးအပ်မိသဖြင့် ယခု မိမိ၏ကိုယ်၌ ဝတ်ဆင်၍ထားသော ဥဿဖရား နားကပ်ကလေး များ၊ ဆွဲကြိုး၊ လက်ကောက်ကလေးများသာ ရှိလေ၏။

ထိုပစ္စည်းများမှာလည်း မိမိရသော်ငွေနှင့် ဆရာကတော် က ဝယ်၍ပေးသော ပစ္စည်းများဖြစ်ကြလေရာ မိမိက ပေးအပ် သောငွေများမှာ မထင်မရှား ဆရာကတော် ဝယ်၍ပေးသော ထို ပစ္စည်းများသာ ထင်ရှား၍နေလေ၏။

သို့ဖြစ်၍ ဝင်းကြည်သည် လူဟူသမျှနှင့် လူ့ပြည်ကို မုန်းထားကာ အဘယ်ကိုပြေးရမည်ဟု မကြံတတ်ဘဲ ရှိနေလေ၏။

ညှိုညှိုသည် အပြင်အပအားဖြင့် အဘယ်မျှပင် ဟန် ဆောင်သော်လည်း မိမိထက်သာသောသူအပေါ်၌ မနာလိုမုန်းထား သောစိတ်ကို ထိမ်ဝှက်၍မရချေ။ ဝင်းကြည်သည် ထိုအကြောင်းကို ကောင်းစွာသိလေ၏။

သို့ဖြစ်လေရာ နာမည်ကလေး ကျော်ကြားစအခါ၌ ပျော် သလိုလိုရှိခဲ့ပြီးနောက် မကြာမီ မိမိအလုပ်ကို မုန်းထားစပြုလေ၏။

ဝင်းကြည်၏ တေးများကို အများကြိုက်ကြသည်မှာ တခြားကြောင့်မဟုတ်၊ သောကအပူသည်တစ်ယောက် ဖြစ်လေရာ ထိုအပူသည် ဆွေးမြည့်ကျွမ်းလောင်ခြင်းကို တေး၌ ထင်ရှားစေ သောကြောင့် ဖြစ်လေ၏။

၎င်းဆိုသော တေးများသည် စိတ်နှလုံး၏ ထက်သန် သော လှုပ်ရှားခြင်းတည်းဟူသော ဆားဖြင့် လေးနက်ပိုင်နိုင်



အသည်းစိုင်အကြိုအကြားမှ ထွက်ပေါ်လာသော တေးများဖြစ်ကြ လေ၏။

အဟုတ်တကယ် ခံစားရသော အဓွေးဓာတ်သည် ကိုယ် ဟန်မျက်နှာ၌ ထင်ပေါ်သဖြင့် အပူတိုက် ရည်းစားကွဲခန်း ဓာတ် ကွက်ဓာတ်လမ်းကလေးများတွင် ပရိသတ်တို့မှာ ကြက်သီးတဖြန်း ဖြန်းထစေသဖြင့် သရုပ်သဏ္ဍာန်မှာ ပရိသတ်တို့စိတ်၌ ကိုယ်တွေ့ အဖြစ်အပျက်တို့ကို ပြန်၍နှိုးဖော်သကဲ့သို့ ဖြစ်လေရာ ကပြ၊ ဆို ငိုသူ၏ လိုက်လှဲခြင်းသည် ပရိသတ်၏ ဘဝင်ကို တိုးဝှေ့ကူးစက် လျက် ဝင်းကြည်၏ စိတ်ဓာတ်ဆွဲဆောင်ရာသို့ အလုံးစုံလိုက်ပါကြ ရလေ၏။

သို့ဖြစ်လေရာ နာမည်သတင်း တိုးတက်ခြင်း၏ အား အရှိန် မရပ်သေးမီအတွင်းမှာ စိတ်ပျက်စရာ အခြေအနေနှင့် တွေ့ရ ခြင်း ဖြစ်လေ၏။

ဝင်းကြည်သည် သဘင်အလုပ်ကို လွန်စွာဝါသနာ အားကြီးသူဖြစ်လေရာ မြဒင်နှင့်အတူနေစဉ်ကပင် မြဒင် အခွင့်ပေး လျှင် ကမည်ဟု အမြဲအကြံပြုခဲ့၏။

သို့ အကြံပြုဆဲမှာ မြဒင်နှင့် ခွဲရဖို့ရန် အကြောင်းဖြစ်ပေါ် လေရာ အုန်းစိန်၏ အားပေးစကားများကို သတိရပြီး ရေထဲသို့ လူးလိမ့်ဆင်းသော ငါးပမာ ထိုအလုပ်ထဲသို့ရောက်အောင်ကြံခဲ့ လေ၏။

ထိုမျှလောက် စိတ်ထက်သန်သော အလုပ်မှာ ယခုလိုဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ရသောအခါ အသည်းမှာ လွန်စွာနာသော်လည်း ကံကြမ္မာ၏စီမံခြင်းကို ခေါင်းငုံ့ကာ သည်းညည်းခံ၍နေလေ၏။

ထိုကဲ့သို့ဖြစ်ရာတွင် မမာမချာ ဝန်လေး၍လာလေရာ ခက်ခဲခြင်းသည် ပိုမိုကြီးလေး၍ လာလေ၏။

ဆရာကတော်ကို ပြောလျှင် ဆရာနှင့် ကေန်သမုတ်တော့မှာပဲဟု တွေးမိသဖြင့် မပြောဝံ့ဘဲနေလေ၏။

အဘယ်ကို ပြေးရမည်နည်း၊ မည်သူ့ကို အားကိုးရပါမည်နည်း၊ မြဒင်ထံသို့ ပြန်ဖို့ရန်မှာ တွေးကြံ၍မျှ မရချေ။

မိမိမှာ ထိုမျှလောက် ထင်ရှားနေပါလျက် မြဒင်က ဂရုမစိုက်ဘဲနေသည်မှာ ကေန် မိမိကို မုန်းထားစွန့်ပစ်တဲ့ အမူအရာပဲဟု စိတ်ချလေ၏။

မြဒင်မှာကား အပျော်အပါး၌ ငြီးငွေ့လျက် မည်သည့်ပွဲလမ်းသဘင်ကိုမှ မသွားဘဲနေကြောင်းကိုကား မသိရှာချေ။

ထို့ပြင် ဝင်းကြည်သည် နာမည်စ၍ကျော်ကတည်းက ရန်ကုန်မြို့မှာသာ ကခဲ့ရလေရာ ထိုအခါများ၌ မြဒင်မှာ ရန်ကုန်၌မရှိ လည်ပတ်၍နေခဲ့သည့်အကြောင်းကိုလည်း ဝင်းကြည်မသိ၊ မိမိကိုစွန့်လေပြီဟုသာ အားလျှော့၍ နေရှာလေတော့သတည်း။

တစ်နေ့သ၌ ပွဲစားကြီးတစ်ဦး၏ အိမ်က စောင်းနှင့် ဆိုရန် ဝင်းကြည်ကို လာ၍ခေါ်လေရာ ဝင်းကြည်မှာ များစွာစိတ်လက်မကောင်းသောအခါနှင့် ကြုံကြိုက်သဖြင့်တစ်ကြောင်း၊ နေ၍မကောင်းသောကြောင့်တစ်ကြောင်း၊ မလိုက်လို ငြင်းပယ်လေရာ



ဆရာကတော်က စိတ်ဆိုးသဖြင့် အိပ်ရာထဲသို့ဝင်၍ တစ်ကိုယ်တည်းကျိတ်ကာ ငို၍နေလေ၏။

ထိုအခိုက်တွင် အိမ်ရှေ့၌ ကားတစ်စီးရပ်သံကို ကြားရလေ၏။

ဝင်းကြည်သည် များစွာထိတ်လန့်၍သွားလေ၏။

အကြောင်းမူကား မိမိအား ဂုဏ်သရေရှိ လူကြီးထံမှ အခေါ်လာတိုင်း ဆရာကတော်နှင့် စကားများရလေရာ အဘယ်လိုများ ဖြစ်ဦးမည်နည်းဟု တွေးတောကြောက်ရွံ့၍ နေလေ၏။

'ဘာအလိုရှိပါသလဲ မောင်ရင်'

ဟု ဆရာကတော်က မေးလေ၏။ မြဒင်၏ အစေခံ ထမင်းချက်သမားဖြစ်သူ ညွှန့်သည်(ရာဘော်)က…

'သူဌေးဦးမြဒင်က လွှတ်လိုက်လို့ လာတာ၊ စိန်မြကြည်နဲ့ မယ်ဒလင်သမားတစ်ယောက် အလိုရှိလို့ပါ၊ မကြာရပါဘူး၊ တစ်နာရီလောက်ပါပဲ'

ဟု ပြောလေ၏။

'သူဌေး ကိုမြဒင်ဆိုတာ အဒေါ်တို့ မကြားဖူးပါကလား'

ဆရာက…

'မင်း မကြားဖူးဘူးလားကွယ့်၊ သေသွားတဲ့ အဒေါ်ငြိမ်းကုမ္ပဏီရဲ့ တူဆိုတာ ဖြစ်တော့မပေါ့၊ ဟုတ်ရဲ့လား မောင်ရင်'

'ဟုတ်ပါတယ်… စိန်မြကြည် နာမည်ကျော်လွန်းလို့ ခေါ်ပေးပါလို့ လွှတ်လိုက်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com

'ဘယ်ကိုလာရမှာလဲ၊ အခုချက်ချင်းလား မောင်ရင်'

'အခုချက်ချင်း ဟောဒီဓားနဲ့ အပါခေါ်ခဲ့ရမတဲ့ အဒေါ်ရဲ့၊ ၃၇ လမ်း ကလပ်ကို'

'ဟင်… ကလပ်ဆိုပါကလား၊ ပြီးတော့ ၃၇ လမ်းတဲ့၊ ဖြစ်ပါ့မလား မောင်ရင်ရဲ့'

'စိတ်ချပါ အဒေါ်၊ အင်မတန်ရိုးတဲ့ သူဌေးပါ၊ သူဌေးဖြစ်ကာစမို့ မပျက်စီးသေးပါဘူး၊ အပျော်အပါး ဝါသနာပါတဲ့လူ မဟုတ်ဘူး၊ ဟိုအရင်က အပေါင်းအသင်းများနဲ့ ကလပ်မှာ နည်းနည်းပါးပါး ပျော်ခဲ့ပါးခဲ့ပါရဲ့၊ သို့သော်လည်း ရမ်းကားတာတော့ မဟုတ်ပါဘူး'

'အခုတော့ အဖော်များကလည်း ပဲခူးကို ကားနဲ့ ပျော်ပွဲစားသွားခိုက် သူကလည်း တောက ပြန်ရောက်တာ၊ တစ်ယောက်တည်းပျင်းလို့ ထင်ပါရဲ့၊ ချက်ချင်းခေါ်ပြီး ကားနဲ့ လွှတ်လိုက်တာပဲ၊ ပွဲလမ်းသဘင် အထက်ထက်က ဂရုမစိုက်ခဲ့ပါဘူး၊ အခု ဘာဖြစ်သလဲ မသိပါဘူး အဒေါ်ရယ်၊ ငွေတော့ဖြင့် တော်တော်ဖြုန်းတာပဲ'

ဝင်းကြည်သည် ထိုစကားများကို ကြားရသောအခါ ကတုန်ကယင်ဖြစ်၍နေလေ၏။ ဆရာကတော် ခေါ်မှာကိုလည်း လွန်စွာကြောက်လေ၏။

'မောင့်သူဌေး စိန်မြကြည်ကို ကြည့်ဖူးသလား'

ဟု ဆရာကတော်က မေးလေ၏။

သို့မေးရင်း မိမိအနားဌှိရှိသော ညိုညိုကို လက်ကုတ်လေ၏။



ဆရာကတော်၏စိတ်၌ ဝင်းကြည်ကို အတော်မုန်း၍နေပြီ…ဖြစ်သောကြောင့် ရစရာရှိလျှင် ဝင်းကြည်အစား ညိုညိုကို ရစေချင်…သာစိတ် ဖြစ်ပေါ်၍နေလေ၏။

'မကြည့်ဖူးလို့ သေသေချာချာ ကြည့်ချင်သတဲ့ခင်ဗျာ၊ …င်မတန်ဆန်းတဲ့လူ၊ တစ်ခုခုကိုလုပ်ရင် ချက်ချင်းပဲ၊ အဒေါ်တို့…ာမှ စိတ်ထဲမှာ စနောင့်စနင်းဖြစ်စရာ မရှိဘူး၊ တစ်နာရီလောက်…ပြီး တစ်ရာ၊ ကိုးဆယ် အချောင်ရမှာ၊ ငွေပေး အင်မတန်ရက်ရော…တဲ့သူဌေးပါ'

ဟု ညွှန့်သည်က ပြောလေ၏။ ထိုအတွင်း ဆရာက…

'ဟော့… ကလေးမ၊ အိပ်နေသလား၊ အပြင်များထွက်ပါ…ဟဲ့'

ဟု အတွင်းကို လှမ်း၍ခေါ်လိုက်ရာ ဆရာကတော်က…က်စောင်းထိုးပြီး တော်ရာသို့လှည့်ကာ ညွှန့်သည်မမြင်အောင်…

'တကတဲ… သူ့မယားကလေးကို'

ဟု ညိုညိုကြားရုံမျှ ပြောလိုက်လေ၏။ ဆရာသည်ကား…ို့အမူအရာကို မမြင်မသိသဖြင့် ဝင်းကြည်ကို ထပ်၍ခေါ်လေရာ…င်းကြည်က…

'ကျွန်မ နေမကောင်းဘူး ဦးလေးရဲ့'

ဟု ပြန်၍ပြောလေ၏။

ညွှန့်သည်သည် ဆရာကတော်၏ မျက်နှာကို အံ့သြသော…အမူအရာနှင့် ကြည့်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမူကား ထိုကဲ့သို့ ငြင်းပယ်လိမ့်မည်ဟု မှ
ထင်ခြင်း မရှိခဲ့ချေ။

သူဌေးက ဘယ်လောက်ပေးရပေးရ အပါခေါ်ခဲ့ရမည်
ပြောလိုက်သဖြင့် အငြိမ့်သမများထံမှ မိမိမှာ အဘယ်မျှလော
အကျိုးခံစားရမည်ကို တင်ကြိုမှန်းထား၍ လာခဲ့လေ၏။

ဆရာကတော်နှင့် ဆရာသည် ဝင်းကြည်အား တစ်
တစ်ရာမျှ ထပ်၍မပြောတော့ချေ။

ဆရာကတော်သည် ဧည့်သည်၏ အပါးသို့ကပ်ကာ တ
တိုးပြောလေ၏။

'ဒီလို မောင်ရင်၊ စိန်မြကြည်တော့ မမာဘူး၊ ဟော
ကလေးမနဲ့ မယ်ဒလင်ဆရာတစ်ယောက်ရရင် မဖြစ်ဘူးလာ
မောင့်သူဌေးအပြင် ကလပ်မှာ ဘယ်သူရှိသလဲ'

ဟုမေးလေ၏။

မြဒင်၏ အစေခံသည် စဉ်းစား၍နေလေ၏။

'ဘာဖြစ်လို့လဲ အဒေါ်၊ တော်တော်မမာနေလို့လာ
တကယ့်ကို မလိုက်နိုင်ဘူးလား'

'မပြောပါနဲ့ မောင်ရယ်၊ နေရာမကျပါဘူး၊ သေနာ
နေလို့ ဖြစ်တော့မပေါ့၊ ဘာနာမှန်းလည်း မသိပါဘူး၊ မောင့်သူဌေ
က ဘယ်သူဘယ်ဝါလို့ မသိရင် သူ့ကို စိန်မြကြည်လို့ပြော
မဖြစ်ဘူးလား'

'ဒီကလည်း မညာပါဘူး၊ ဟိုကလိုပါပဲ၊ တခြားသိတဲ့



တွေ့ရှိရင်တော့ မဖြစ်နိုင်ဘူးပေါ့ မောင်ရယ်'

'တခြားလူတော့ ဘယ်သူမှ ရှိမယ်မထင်ဘူး၊ သူဌေးကို
ရောတဝင် ဘယ်သူဘယ်ဝါရယ်လို့ ပြောပြမယ့်သူလည်း
ဘယ်သူမှမရှိပါဘူး၊ ယခုအနေတော့ တစ်ယောက်တည်းပဲ'

'နို့... ဒီလိုဖြင့် သူနဲ့ပဲ မပြီးဘူးလား မောင်'

ရာဘော်သည် စဉ်းစားလျက်နေလေ၏။

ထို့နောက် ပြုံးလျက် ဆရာကတော်၏ မျက်နှာကို မော်
ကြည့်ကာ...

'ဒီလို အဒေါ်ရဲ့၊ သူဌေးကတော့ ဘာမှသိမှာ မဟုတ်ဘူး၊
အိုးကပ်ဆိုတော့ ကျွန်တော်တို့တောင် ဘယ်သူဘယ်ဝါလို့ ခွဲမရ
ဘူး၊ ဆင်တူယိုးမှားဆိုတာက်ရင် ပြီးမှာပဲ၊ သို့သော်လည်း ကျုပ်ပါ
ရောလိမ်ရမှာနော်၊ မတော်တဆ သိသွားရင် ကျုပ် ခွကျမှာ၊
ကျုပ်ကို အလုပ်ကထုတ်ပစ်လိမ့်မယ်။

ကျုပ်က သူဌေးကိုယ်စားလှယ်ပါပဲ၊ အားလုံး ကျွန်တော့်
လက်ခြေချည်းပါပဲ၊ ကျွန်တော်ပြီးရင် ပြီးတာ၊ ကျွန်တော်စီမံသလို
ဖြစ်တာပဲ၊ အခု လခတစ်ရာ့ရှစ်ဆယ် ပေးထားတယ်၊ ဒီနှစ်ကုန်
ရင် တိုးဦးမှာ၊ ဒီတော့ အဒေါ်တို့အတွက် ရောလိမ်တဲ့အမှုနဲ့ မရိုး
မဖြောင့်ဘူးဆိုပြီး အလုပ်က အထုတ်ခံရမယ့်ဘေးကြီးက အင်မတန်
ကြီးနေပါတယ်'

ဟု ညို့ညို့ကို မျက်စမျက်နှာနှင့်ကြည့်ကာ ပြောလေ၏။

ညို့...

www.burmeseclassic.com

www.burmeseclassic.com



'ရှင်က ဘာလုပ်ရသလဲ'

ဆရာကတော်…

'သြော်… သူဌေးကိုယ်စားလှယ်ကြီးပါလို့ဆိုမှ ညည်းကလည်း'

ဟု ညိုညိုကိုပြောပြီး ရာဘော်ဘက်လှည့်ကာ…

'မောင်ပြောတဲ့အတိုင်းဖြင့် သူဌေး ဘာမှသိမှာမဟုတ်ဘူးပေါ့'

'မသိတာတော့ အမှန်ပဲ၊ တစ်နေ့ကတောင် စိန့်မြကြည်ဆိုတာ ဘာလဲတဲ့၊ ကျာမန့်တော်နစ်လားတဲ့၊ ကျွန်တော် ရယ်လိုက်ရတာ အူများနာလို့၊ ကိုင်းလေ… ကိစ္စမရှိပါဘူး၊ နို့… မင်းက ဘယ်သူတဲ့လဲ'

'ကျွန်မနာမည် ညိုညိုခေါ်ပါတယ်'

'နို့… မညိုညိုက ဖြစ်ပါ့မလား'

'ဘာပြုလို့ မဖြစ်ရမှာတုံးရှင့်၊ သူဖြစ်ရင် ကျွန်မလည်းဖြစ်တာပေါ့၊ သူက ကုသိုလ်သာတယ်၊ ဒါပါပဲ'

'အဟုတ် မင်းဖြစ်ရဲ့နော်'

'ဆယ်ခါတောင်ဖြစ်ရဲ့ အစ်ကိုကြီးရဲ့'

'တစ်နာရီတည်းပဲ'

'ကိုင်း… တစ်နာရီအတွက် ဘယ်လောက်လဲဆို'

'အစ်ကိုကြီးပဲ ဆုံးဖြတ်ပါတော့၊ အစ်ကိုကြီးတော်ရင် ကျွန်မတို့လည်း တော်ရတာပေါ့'

ဆရာကတော်…



'မောင်ရင် ပြောပါလေ၊ အခေါ်တော့ ဒီလို နာရီနဲ့ တစ်ခါမှ မလိုက်ဖူးဘူး'

လူပြက်တစ်ယောက်က…

'ခါတိုင်းတော့ မီတာနဲ့ လိုက်တာပဲ၊ အဲလေ… ဒါက တက္ကစီပဲ'

ညို…

'ရှင်က ကျွန်မကို တက္ကစီမှတ်လို့လား'

ကတော်…

'ရှင်တို့ကလည်း အရေးတကြီး လာခေါ်နေတဲ့အထဲ နောက်စရာမရှိ နောက်နေ'

လူပြက်…

'ရှေ့နေတော်မင်းသာ ပြောပါဗျာ'

ဟု နံဘေးသို့လှည့်ပြီး တင်ပျဉ်ခွေကာ လက်ထဲက ဖဲထုပ်ကို ကုလားဖန်ထိုး၍နေလေ၏။

'ကိုင်း… ကြာတယ်၊ ကျုပ် ကြည့်ပြီး စီမံလိုက်မယ်၊ တစ်ရာ၊ ကိုးဆယ်ထက်တော့ မနည်းစေရဘူး၊ ကျုပ်ကို ကော်မရှင် ပေးရလိမ့်မယ် အခေါ်'

ဟု ရယ်မော၍ ကစားပြီး တကယ်ပြောလေ၏။

'အို… မောင်တော်သလိုသာ ကြည့်လုပ်ပါ'

ဟု ဆရာကတော်က ပြောလေ၏။

ရာဘော်…

www.burmeseclassic.com

www.burmeseclassic.com



'မညိုညို မဖြစ်မှာသာ စိုးတာပါပဲ'

ညို…

'အစ်ကိုကြီး ဒီကတော့ စိတ်ချ၊ အစ်ကိုကြီးနှမ ဘယ်လိုဆိုတာ…'

ဟု ရင်ဘတ်ကို လက်နှင့်ပုတ်ကာပြောပြီး ထိုင်ရာမှထလေ၏။

အနီးရှိ ဇာတ်သူဇာတ်သားအားလုံးတို့သည် သူတစ်ခွန်း ငါတစ်ခွန်းပြောခြင်း၊ သံပြိုင်ပြောခြင်း၊ စုံတွဲပြောခြင်း စသည့် ပြောခြင်းနည်းမျိုးစုံတို့ဖြင့် ဝမ်းဘဲတွေ၊ ကြက်တွေ ခြံကထွက်သလို အားတက်ကာ စကားပြောကြလေသတည်း။

အကြောင်းမူကား တစ်နာရီအတောအတွင်းမှာ ငွေတစ်ရာ၊ ကိုးဆယ် ရခြင်းသည် ကြုံခဲသော ဒုလ္လဘကြီးတစ်ပါး ဖြစ်လေ့သတည်း။

ကလပ်သို့ရောက်ကြလေ၏။

သူဌေးမင်း ဦးမြဒင်သည် ညိုညိုကို စိမ်းစိမ်းလဲ့လဲ့ ကြည့်လေ၏။

၎င်း၏စိတ်၌ ထိုတေးကိုဆိုသူသည် ဝင်းကြည်ဖြစ်သည်။ အရင်ကလည်း အငြိမ့်ဇာတ် အကာဘက်မှာ လိုက်လိုသော အမူအရာကိုလည်း ပြောသည်။ တတ်လည်း တတ်သည်။

သင်း ခိုကိုးရာမဲ့လျှင် ဒီအလုပ်ကို လုပ်မှာပဲဟု မှတ်ထင်ကာ ဓာတ်စက်တေးသံများကို ကြားရကတည်းက မနေနိုင် မထိုင်



နိုင်ဖြစ်ပြီးလျှင် စိန်မြကြည်ကို အခေါ်ခိုင်းခြင်း ဖြစ်၏။

ညိုညိုကို မြင်ရသောအခါ စကားမပြောဘဲ စဉ်းစား၍နေလေ၏။

ရာဘော်ကို ခေါ်ပြီးလျှင်…

'စိန်မြကြည်ဆိုတာ ဒါပဲလား'

မြဒင်သည် ခေါင်းညိတ်ပြီး နေရာများပြင်ပေးရန် ပြောလေ၏။

မိမိသည် ပက်လက်ကုလားထိုင်၌ ထိုင်ကာ ဆေးပြင်းလိပ်ကိုဖွာရင်း စကားမပြောဘဲ ဆေးလိပ်မီးခိုးများကိုသာ အထက်သို့ လွှင့်ကာနေလေ၏။

လိုက်ပါ၍လာသော ဆရာကတော်နှင့် ညိုညို၊ ၎င်းအပြင် အဖော်များသည် ၎င်းကို အကဲခတ်ကာ ဘယ်လိုလူပါလိမ့်မလဲဟု တွေးတောကြဟန်ရှိလေ၏။

ညိုညိုသည် ထွင်တတ်သော ပင်ကိုအစွမ်းမရှိသော်လည်း တူအောင်တုတတ်သော သတ္တိရှိလေ၏။

ထိုသတ္တိ၏အစွမ်းကြောင့် သင်းဖြစ်တာကို ငါဖြစ်သည်ဟု ဂုဏ်တက်၍နေသူ ဖြစ်လေ၏။

မြဒင်က…

'တေးသီချင်းကြီးများ ဆိုနိုင်ရဲ့ မဟုတ်လား'

ဟု မေးလေရာ ဆရာကတော်က…

'အများတတ်တဲ့ သီချင်းကြီးလောက်တော့ တတ်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

မြဒင်က ယမုန်နာတေးကို အဆိုခိုင်းလေ၏။

ညိုညိုသည် ထိုတေးကို ဝင်းကြည်နှင့် ထပ်တူထပ်မျှတူအောင် ဆိုလေရာ မြဒင်သည် ခေါင်းညိတ်ကာ ညိတ်ကာ နားထောင်လေ၏။

ထို့နောက် စိန်မြကြည်ဆိုသော အခြားတေးများကို ညိုညိုဆက်ကာ ဆိုလေ၏။

သို့ တစ်နာရီလောက် ဆိုပြီးသောအခါ ထိုတေးများကို ဆိုသူသည် မိမိမိန်းမ မဟုတ်သည်ကို သိသဖြင့် စိတ်ပျက်ကာ ငွေစက္ကူများကို ထုတ်၍ပေးပြီး ပြန်၍လွှတ်လိုက်လေ၏။

* * *

## အခန်း(၈)

ဝင်းကြည်မှာ တစ်နေ့တခြား လေးလံ၍လာလေ၏။

ဝမ်းလေးကြီးဗွာဖြစ်၍နေသည်ကို မနည်းကြီး ဟန်ဆောင်မှု၍ နေရလေ၏။

အငြိမ့်ပွဲငှားသူလာတိုင်း ဝင်းကြည်မှာ ထိတ်လန့်၍ နေရှာလေ၏။

ဆရာနီသည် ဝင်းကြည်အပေါ်၌ ကြင်နာသနားသော်လည်း ဆရာကတော်ကို ကြောက်သဖြင့် စကားမျှ ဝင်းကြည်နှင့် ပြောဖော်မရတော့ချေ။

ထိုကဲ့သို့ နေသည့်အတွင်းမှာ တန်ဆောင်တိုင်ပွဲကြီး ကပ်ရောက်၍လာလေ၏။

ဝင်းကြည်မှာ လေးလံလျက်နှင့် ကြိုးစား၍ ကရတော့မည်ဖြစ်ရာ ထိုပွဲကြီးသည် မိမိကို အဆုံးစီရင်မည့်ပွဲကြီးဖြစ်သည်ဟူ၍ အောက်မေ့၍နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ၌ မြဒင်ပြောသော စားသမားနှင့် ၄င်း၏မယား အတ္တုပ္ပတ္တိကို ပြန်၍တွေးမိလေ၏။

'ကိုမြဒင်၏ နှုတ်ခမ်းကို နတ်များနှုံးဆော်၍ အတိတ်ကို ဆောင်ကာ ပြောတာပါပဲ'ဟု အောက်မေ့မိလေ၏။

စိန်မြကြည်၏ အငြိမ့်ပွဲမှာ ပရိသတ် ပင်လယ်ကြီးသည် မျက်စိတစ်ဆုံး ကြီးမားလေ၏။

အခြား အငြိမ့်၊ ဇာတ်၊ ရုပ်သေးပွဲများမှ ပရိသတ်တို့သည် စိန်မြကြည်၏ အငြိမ့်သို့သာ စု၍လာကြလေ၏။

ဝင်းကြည်သည် ထိုပရိသတ်ကြီးကို မြင်လေလေ မြဒင် ပြောသော အတ္တုပ္ပတ္တိကို သတိရလေလေ ဖြစ်လေ၏။

ထိုပရိသတ်တို့သည် အခြားမင်းသမီးများကို ကြည့်ဖို့ လာကြသူများ မဟုတ်ကြ။ စိန်မြကြည်ကိုကြည့်ဖို့ လာသူများဖြစ် ကြလေ၏။

သို့ဖြစ်၍ အခြား အငြိမ့်မင်းသမီးများ ထွက်ပြီးနောက် စိန်မြကြည် ထွက်သောအခါ လက်ခုပ်လက်ဝါးသံတွေ ဆူညံ၍ သွားကြလေ၏။

၄င်းအသံတို့ကို ကြားရသောအခါ ဝင်းကြည်မှာ မူးမိုက် ၍သွားတော့မလို ဖြစ်လေ၏။

အကြောင်းမူကား ထိုချီးကျူးသြဘာ ပေးခြင်းသည် အသက်သေအောင် အစွမ်းကုန် အားထုတ်ရမည်ဟူသော နိမိတ်ကို ဆောင်လေသတည်း။



ဝင်းကြည်သည် အငြိမ့်စင်ပေါ်မှ ထလိုက်သည်နှင့် တစ်ပြိုင်နက်တည်း အရှေ့တည့်တည့် ပရိသတ်ပင်လယ်ကြီး၏ အစွန်း ကုန်းမြင့်မြင့်မှာ လူနှစ်ယောက်ကို မြင်ရလေ၏။

ထိုလူနှစ်ယောက်မှာ တစ်ယောက်၏လည်ကို တစ် ယောက်ဖက်လျက် မငြိမ်မသက် လှုပ်ရှားစကားပြော၍ နေကြလေ ၏။

၄င်းတို့ လှုပ်ရှားစကားပြောပုံကို ထောက်ခြင်းဖြင့် ၄င်း တို့နှစ်ယောက်မှာ အတော်သောက်စားမူးယစ်၍ နေသည်ကို သိရ လေ၏။

ဝင်းကြည်၏မျက်လုံးများသည် ထိုကဲ့သို့ ရှင်သည်မှာ တခြားကြောင့် မဟုတ်၊ အမြဲ ဂရုစိုက်၍နေသောကြောင့် ဖြစ်လေ ၏။

ထိုလူမူးနှစ်ယောက်သည်ကား အငြိမ့်ကို ဂရုစိုက်ဟန် မရှိ။ မိမိတို့၏ အနီး၌ရှိသော လှပသော မိန်းမတစ်စုကိုသာ ဂရု စိုက်၍ နေကြဟန်ရှိလေသည်။

ဝင်းကြည်သည် လူပြက်နှင့် အချေအတင် စကားပြော ပြီးနောက် တေးတစ်ပိုဒ်ကို စ၍ဆိုလေ၏။

ရှေ့၌မြင်ရသော သဏ္ဌာန်သည် ဝင်းကြည်ကို အားပေး သောသဏ္ဌာန် ဖြစ်လေ၏။

အကြောင်းမူကား လူနှစ်ယောက်အနက် တစ်ယောက်မှာ မြဒင်ကိုယ်တိုင် ဖြစ်သည်ကို သိရသောကြောင့် ဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ ငါ့ကို မှတ်မိသည့်လက္ခဏာမရှိ၊ မူးယစ်သောက်စား နေသည့်အတွက် ငါ့ကို သတိထား၍ ကြည့်ပါ့မလား စသည်ဖြင့် ဝင်းကြည်၏စိတ်၌ တွေးတောကာ မြဒင်၏ ဝေးလံသောနားသို့ အသံပေါက်ရောက်အောင် ဆိုလေ၏။

သို့သော်လည်း ပရိသတ်က ကြီးမားမြောက်မြား၊ သေက ကစား၊ အခြား တီးသံ မှုတ်သံတွေကလည်း များသဖြင့် ၎င်း၏ အသံသည် မြဒင်ထံသို့ ကောင်းစွာရောက်မည့်ဟန် မရှိချေ။

အကြောင်းမူကား မြဒင်သည် အငြိမ့်စင်ကို လုံးလုံး သတိထားဟန်မရှိ။ မိမိ၏ရှေ့နားရှိ မိန်းမများကိုသာ မူးယစ်သော အမူအရာနှင့် လှမ်း၍စကားပြောနေသော အသွင်ရှိလေ၏။

ဝင်းကြည်၏စိတ်၌ သူ ငါ့ကို လုံးလုံးမေ့လေပြီ။ ငါ့ကို ရှိသည်ဟူ၍မျှ အောက်မေ့မှာမဟုတ်၊ မူးယစ်သောက်စား စည်းစိမ် နှင့်ပျော်ပါး၊ မိန်းမတွေအများနှင့် ထင်သလို ကျင့်၍နေတော့တာပဲ စသည်ဖြင့် အောက်မေ့ကာ ကခြင်း၊ ဆိုခြင်းအလုပ်၌ စိတ်မပါ အားအင်သိသိသာသာ ဆုတ်ယုတ်စပြုလေ၏။

၎င်း၏တေးမှာ အစ၌ အဘယ်အခါကမျှ မကြားရဖူး သော ကြည်နူးသောအသံကို ပရိသတ်များ ကြားရလေ၏။

ထို့နောက် ၎င်း၏တေးသံသည် ဆုတ်ယုတ်ကာ အားအင် ခြောက်ခန်းသလို ဖြစ်၍သွားလေ၏။

ထိုအခိုက်တွင် မြဒင်အပါးသို့ မိန်းမတစ်ယောက် ကပ် လာပြီးလျှင် လွန်စွာနီးကပ်လျက် ချစ်ကျွမ်းဝင်သော အမူအရာနှင့်



စကားပြောသည်ကိုလည်းကောင်း၊ ထိုမိန်းမ၏ပခုံးကို ကိုင်ဖက်ကာ မြဒင်က မိမိအပါးသို့ ဆွဲယူသည်ကိုလည်းကောင်း မြင်ရလေ၏။

သို့မြင်ရသည်နှင့် တစ်ပြိုင်နက် ဝင်းကြည်မှာ တေး တစ်ပိုင်းတစ်ပစ်နှင့် ဇာတ်စင်ပေါ်တွင် မူးမိုက်ကာ လဲကျ၍သွား လေရာ ပရိသတ်များ လှုပ်လှုပ်ရှားရှား ဖြစ်ကြလေ၏။

မြဒင်၏ မိန်းမ၊ ယောကျ်ား အဖော်များက…

'စိန်မြကြည် ဘာဖြစ်သလဲ မသိဘူး၊ သွားကြည့်ရအောင်'

ဟု ခေါ်လေရာ…

'ဘာလုပ်မလဲ မြင်ဖူးပါတယ်၊ ညောင်နာနာကလေးပါ၊ ပေါင်ဒါတွေသုတ်ထားလို့ အရောင်တောက်နေတာပဲ၊ လာ… သွား မယ်'

ဟု ပြောပြီး အဖော်များနှင့် ထွက်၍သွားလေ၏။

ဝင်းကြည်သည်ကား ထိုည၌ ဆက်လက်၍ မကရတော့ ချေ။ ဆရာကတော်သည် များစွာအကဲခတ်လေ၏။

အခြား နားလည်သော မိန်းမများနှင့် စုံစမ်းလေ၏။

နောက်ဆုံး၌ အိမ်ကိုပြန်ရောက်သောအခါ ဝင်းကြည် ကိုယ်တိုင်က မိမိ၌ ဖြစ်ပျက်နေသော အခြေအနေကို ပြောပြရာ လေသတည်း။

ထိုအခါ ဆရာကတော်၏ မသင်္ကာချက်တို့သည် ကေား နိုင်လုံခြင်းအဖြစ်သို့ ရောက်လေ၏။

ဝင်းကြည်ကို ဆရာနှင့် မသင်္ကာ၍နေသည်မှာ အတော်

www.burmeseclassic.com

www.burmeseclassic.com



ကြာသော်လည်း ဖွင့်၍မပြော။ ယခုတွင်ကား အတိအလင်း ဖွင့်၍ ပြောလေ၏။

သို့ပြောသောအခါ ဆရာသည် မခံမရပ်နိုင် ဖြစ်လေ၏။

သို့အတွက် ထိုအကြောင်းနှင့်ပတ်သက်၍ နောက်တစ်နေ့ အကြီးအကျယ် လင်မယားနှစ်ယောက် ခိုက်ရန်ဖြစ်ကြလေ၏။

ဝင်းကြည်လည်း မိမိအတွက် ဤကဲ့သို့ ဆူပူသောင်းကျန်း ဖြစ်ရခြင်းအတွက် မျက်နှာပူလှသဖြင့် ထိုအိမ်မှာ နေရခြင်းသည် လွန်စွာပူလောင်လှသောကြောင့် မိမိ၏ အဝတ်အစား အနည်းငယ် မျှကို ယူဆောင်လျက် တစ်ကိုယ်တည်း တိတ်တဆိတ် ထိုအိမ်မှ ထွက်ခွာ၍သွားရှာလေတော့သတည်း။

ဝင်းကြည်သည် တစ်ကိုယ်တည်း လျှောက်၍သွားလေရာ တောင်ကြီးအနီးသို့ ရောက်၍သွားလျှင် မောပန်းလှသဖြင့် တစ်ခု သော သစ်ပင်အောက်၌ ထိုင်လေ၏။

သွားလာဖြတ်သန်းကြသော မော်တော်ကား၊ မြင်းရထား များမှ လူများသည် ထူးခြားသော မိန်းမပျိုကလေးကို အံ့မခန်းကြည့် ကာ အံ့ဩတွေးတောသော အသွင်နှင့် လွန်၍သွားကြလေ၏။

အချို့မှာ လွန်၍သွားပြီးနောက် မျက်စိတစ်ဆုံး နောက်သို့ လှည့်ကာ ကြည့်၍သွားကြလေ၏။

အချို့သည်ကား မြင်ဖူးသဖြင့် မှတ်မိသော လက္ခဏာ အသွင်ကို ပြကြ၏။

အချို့ကား တစ်ယောက်ကိုတစ်ယောက် လက်ကုတ်ကာ တစ်စုံတစ်ရာကိုပြော၍သွားသော အမူအရာအသွင် ရှိလေ၏။

ဝင်းကြည်သည်ကား မည်သူ့ကိုမျှ ဂရုမစိုက်နိုင်ဘဲ ရှိလေ၏။

အကြောင်းမူကား ဝမ်းဒွဲခံစားရသော လှုပ်ရှားခြင်းကို လွန်စွာကြောက်ရွံ့လျက် နေလေ၏။

အဘယ်ပုံဖြစ်မည်ဟု မိမိကိုယ်ကိုယ် မပြောနိုင်။ အဘယ် ကိုသွားမည်၊ မည်သူ့အား ဆည်းကပ်ခိုလှုံရမည် မသိ။ ကြောက် ချွေးတွေ ဖြိုင်ဖြိုင်စီးလျက် မောဟိုက်ကာနေရှာလေတော့သတည်း။

ထိုအခါကား မွန်းလွဲချိန် ဖြစ်လေ၏။

ဆောင်းနေသည် ကျောကို မရေမတွက်နိုင်အောင် များ ပြားသော အပ်ချောင်းကလေးများနှင့် ထိုးဆွသလို စပ်ပူစေလေ၏။

သို့နေခိုက်တွင် ဝေဒနာ တိုး၍လာလေ၏။

ထိုအခါ ထိုနေရာ၌ထိုင်၍ ကြာကြာနေလျှင် ဖြစ်မည် မဟုတ်၊ မိမိတစ်အိမ်အိမ်သို့အရောက် ကြိုးစား၍သွားမှဖြစ်မည်ဟု စိတ်ကိုတင်းကာ လေးလံသောကိုယ်ကို သယ်ယူကာ ထလေ၏။

သို့ ထလိုက်သောအခိုက်မှာ မူးမိုက်၍သွားပြီး မြေပေါ် သို့ လဲကျရာ လုံးလုံးကြီး မြောမေ့၍သွားလေတော့သတည်း။

ခဏချင်းတွင် ကုလား၊ မြန်မာတွေ ဝိုင်းအုံ၍လာကြလေ၏။

ကားတစ်စီးသည် လူစုလူဝေးကို မြင်သဖြင့် ရပ်လေ၏။

ကားပေါ်က ဆင်း၍လာသူများကား ဘောင်းဘီဝတ် ကုလားတစ်ယောက်နှင့် မြန်မာတစ်ယောက် ဖြစ်ကြလေ၏။

၎င်းတို့သည် လူစုထဲကိုဝင်၍ ကြည့်ကြရာတွင် ဘောင်း

www.burmeseclassic.com

www.burmeseclassic.com

ဘီဝတ်ကုလားသည် ဝင်းကြည်ကိုပွေ့ကာ ဆေးများကို ကိုင်စမ်း လေ၏။

လူတစ်ယောက်အား ရေအမြန်ပြေး၍ယူရန် ခိုင်းလေ၏

ထို့နောက် အိတ်ထဲက နားကြပ်ကိုထုတ်ကာ ရင်ဘတ် ကပ်၍ နားထောင်လေ၏။

အဖော်ဖြစ်သူ မြန်မာလူမျိုးတစ်ယောက်အား ခေါင်းညိတ် ၍ခေါ်လေရာ မြန်မာလူမျိုးတစ်ယောက်သည် ကပ်၍သွားလေလျှင် ကုလားဆရာဝန်က နားနားကပ်ပြီး ကလေးမျက်နှာမြင်လိမ့်မည် အကြောင်းကို ပြောလေ၏။

မြန်မာလူမျိုးတစ်ယောက်က ဒီလိုဖြင့် ဆေးရုံကိုပို့မှ ဟု ပြောပြီး အပါးရှိ လူများအား ဒီသူငယ်မကို သိကြသလား မေးလေ၏။

လူတစ်ယောက်က…

'အငြိမ့်ထဲက ထင်တာပဲ၊ ကျုပ် မြင်ဖူးတယ်လို့ အောင် မေ့တယ်'

ဟု ပြောလေ၏။ အခြား မည်သူတစ်ယောက်ကမျှ တစ် တစ်ရာကို မပြောချေ။

ဆရာဝန်နှင့် မြန်မာလူမျိုး တိုင်ပင်ကြပြီးလျှင် ဝင်းကြည် ကို ကားပေါ်သို့ပွေ့ယူကြပြီး အလုံရပ်ရှိ သားဖွားရုံတစ်ခု ဆောင်ယူ၍ သွားကြလေ၏။

သားဖွားရုံသို့ ရောက်သောအခါကျမှ ဝင်းကြည် ကောင်းသတိရလေတော့သတည်း။



မြန်မာလူမျိုးဖြစ်သူသည် ဝင်းကြည်ကို အကဲခတ်ကာ စဉ်းစားသောအမူအရာနှင့် ကြည့်နေလေ၏။

သင်းကို ငါ ဘယ်မှာ မြင်ဖူးပါလိမ့်မလဲဟု စဉ်းစားလေ ၏။

အကြောင်းမူကား ထိုမျက်နှာကို တစ်နေရာမှာ မြင်ဖူး သည်။ အဘယ်နေရာမှာပါလိမ့်မလဲဟု စဉ်းစား၍ မရနိုင်အောင် ရှိလေသတည်း။

'ကလေးမ မင်း အင်မတန် ကံကောင်းတာပဲ၊ ဆရာဝန်နဲ့ တွေ့မိပေလို့ပေါ့၊ ဘာမှမကြောက်နဲ့၊ အားမငယ်နဲ့၊ ဦးလေး မကြာ မကြာ လာကြည့်မယ်၊ ဟောဒီ ဆရာဝန်ကြီးကလည်း ဦးလေး သူငယ်ချင်းပဲ၊ ဘာမှ ကြောက်စရာမရှိပါဘူး၊ အားနည်းတာ တစ်ခု ခဲလို့ ဆရာဝန်က ပြောတယ်၊ မကြောက်နဲ့နော်'

ဟု ဝင်းကြည်၏မျက်နှာကိုကြည့်၍ ပြောလေ၏။

ထို့နောက် ဆရာမများအား ဝင်းကြည်ကို အထူးဂရုစိုက် ခဲ့ရန် မှာကြားပြီး ထွက်၍သွားကြလေ၏။

ဝင်းကြည်သည်ကား ၎င်းတို့ကို မည်သူမည်ဝါဖြစ်သည် ကို မသိ။ ၎င်းတို့၏ မျက်နှာကိုလည်း သတိထား၍ မကြည့်မိ။ မိမိဝေဒနာနှင့်သာ မိမိ နေရှာလေ၏။

ထို့နောက် ၎င်း မြန်မာလူမျိုးနှင့် ကုလားဆရာဝန်သည် ဝင်းကြည်ကို နေ့စဉ်နေ့တိုင်း လာ၍ကြည့်ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ အတူတကွ တစ်ပြိုင်တည်းလာကြ၏။

တစ်ရံတစ်ခါ တစ်ယောက်တစ်လှည့်စီ လာကြလေ၏။

ထိုအခါ၌ကား ဝင်းကြည်မှာ သားယောကျာ်းကလေ ရပြီဖြစ်လေရာ ဆရာမများသည် ဝင်းကြည်ကို အထူးဂရုစိုက် လေ၏။

သို့ ဂရုစိုက်ကြသည်မှာ ၄င်းကိုဆောင်ယူ၍လာသော မြန်မာလူမျိုးနှင့် ကုလားဆရာဝန်၏ ကျေးဇူးကြောင့်ဟု ဝင်းကြည် စိတ်၌ ယုံကြည်ကာ ၄င်းတို့အား အမြဲကျေးဇူးတင်လျက်နေလေ၏

ထို့ပြင်မှတစ်ပါးလည်း ဝင်းကြည်မှာ စားစရာ သော စရာမရှား၊ ဆေးရုံကြီး၌ သူဌေးခန်းမှာ နေရသူသည် ထိုမျှလောက် မချမ်းသာ၊ ထိုမျှလောက် ယုယမည့်သူမရှိ၊ ဝင်းကြည်မှာ မိ ထူးလှသော ကုသိုလ်ကံကို မယုံနိုင်အောင် ရှိလေသည်။

သာလွန်၍ ထူးခြားသော အရာများမှာ ဆေးရုံသို့ လာသော မြန်မာလူမျိုးသည် ဝင်းကြည် ဆေးရုံမှဆင်းသောအ ဝတ်ဆင်ဖို့ရန်ဆိုပြီး အင်္ကျီ၊ လုံချည်၊ အဖိုးတန် အဝတ်အစားများ တစ်မျိုးပြီးတစ်မျိုး ယူလာလေ့ရှိခြင်း ဖြစ်လေ၏။

ရှေးဦးပထမ ဝင်းကြည်၏စိတ်၌ ဒီလူကြီးဟာ ငါ့ အင်မတန် သနားလို့ပဲဟု အောက်မေ့လေ၏။

ထို့နောက် လက်ဆောင်ပစ္စည်းများစွာတို့ကို နေ့စဉ်ယူ လာသောအခါ၌ကား တစ်မျိုးတစ်မည် အထင်ရောက်စ ပြုလေ၏

သို့သော်လည်း ငါ အထင်မှားလေသလားဟူ၍ မိမိ



စိတ်အထင်ကို ဖျောက်ဖျက်ကာ ကျေးဇူးတင်လျက်ပင် ရှိနေလေ၏။

၄င်းလူသည်ကား အသက်လေးဆယ်ကျော်ခန့် ရှိလေ၏။ ၄င်း လာရောက်သည့်အခါတိုင်း ဆရာဝန်လာရဲ့လားဟု ဝင်းကြည် အား မေးလေ၏။

ဆရာဝန်လည်း တနင်္ဂနွေတစ်ပတ်လျှင် တစ်ကြိမ်၊ နှစ် ကြိမ် ဝင်းကြည်ကို လာ၍ကြည့်လေ၏။ ၄င်းယောကျာ်းကြီးသည် ခန့်ညားသားနားသောယောကျာ်းကြီး ဖြစ်လေ၏။

အဘယ်လို စိတ်နေသဘောထားနှင့် ငါ့ကို ဤမျှလောက် ဂရုစိုက်ပါလိမ့်မလဲ၊ သူသာမဟုတ်၊ ဆရာဝန်ကြီးကလည်း ငါ့ကို ဂရုစိုက်တာပဲ။

သူတို့နှစ်ယောက် ရိုးရိုးပဲ ငါ့ကို သနားတာလား၊ သို့ မဟုတ် တခြား အကြောင်းတစ်ခုခု ရှိလေသလား စသည်ဖြင့် ဝင်းကြည် အခါခါ စဉ်းစားမိလေ၏။

ဝင်းကြည်မှာ ထိုမျှလောက် ဂရုစိုက်သူများ ရှိသည့် အတွက်ကြောင့်တစ်ကြောင်း၊ သားယောကျာ်းကလေးကို ရရှိသော ကြောင့်တစ်ကြောင်း အားတက်လျက်ရှိနေလေ၏။

'ငါ့မှာ ဒီတာဝန်ကြောင့် ဒုက္ခတွေ့ရတာပဲ၊ အခု ဒီဝန်ကြီး ကျသွားပြီ၊ ငါ့သားကလေးနဲ့ ငါနေမယ်၊ ငါ့သားကလေးကို ငါ ရှာကျွေးမယ်၊ ငါ့သားကလေးကို အင်္ဂလိပ်ကျောင်းမှာ ထားမယ်၊ ဘိလပ်ပို့မယ်၊ အခု ငါ့မှာ ဘာမှကြောက်စရာမရှိ၊ ဘယ်သူ့ကိုမှ အားကိုးဖို့မလို'

www.burmeseclassic.com

www.burmeseclassic.com



ဟု သားကလေးကို ရင်ခွင်၌ပိုက်ကာ တက်ကြွ၍နေလေ၏။

ဝင်းကြည်၏ လက်ထဲ၌လည်း ငွေကြေး ငါးဆယ်၊ တစ်ရာ အမြဲရှိလေ၏။

အကြောင်းမှုကား လာရောက်ကြည့်ရှုသော ယောကျ်ားကြီးက ဝင်းကြည်မှာ ပိုက်ဆံမပြတ်ရအောင် လာရောက်တိုင်း ငွေတစ်ဆယ်၊ နှစ်ဆယ် ပေးလေ့ရှိ၏။

ဝင်းကြည်မှာ အခက်အခဲတစ်ခုသာ ရှိလေ၏။

ထိုအခက်အခဲသည်ကား အခြားမဟုတ်၊ ဒီယောကျ်ားကြီးဟာ ငါ့ကို ဘာပြုလို့ အခုလောက် ဂရုစိုက်ရတာလဲ၊ ငါ ကျန်းမာသည့်အခါမှာ လွတ်လပ်စွာမှ နေရပါ့မလားဟု တွေးတော စဉ်းစား အတွေးအခေါ်များ၍နေခြင်း ဖြစ်လေ၏။

တစ်ခါ၊ နှစ်ခါ ထိုယောကျ်ားကြီးလာတဲ့အခါ ပိုက်ဆံ ကြေးငွေ စသည့် လက်ဆောင်ပစ္စည်းများ ယူ၍မလာရအောင် ပြောဆိုမည်ဟု ကြံစည်မိလေ၏။

သို့သော်လည်း ၎င်းလူ၏ အမူအရာမှာ လွန်စွာရိုးသား လျက် တူမသားချင်းကို ဂရုစိုက်သော အမူအရာမျိုး ရှိလေရာ ဝင်းကြည်မှာ ပြောရမှာခက်လျက် ၎င်းထံမှ ရရှိသမျှကို အားနာ၍ ယူရလေ၏။

၎င်းယောကျ်ားကြီးသည် တစ်နေ့သ၌ ဝင်းကြည်၏ ခုတင်အနီး၌ ကပ်ကာထိုင်ပြီး ကလေးကို ကိုင်ယူ၍ချီရင်း



င်းကြည်အား အဘယ်အခါကမျှ မမေးဖူးသော ဝင်းကြည့်၏ ...ထွေးပွက္ကို အဖြစ်အပျက်ကို မေးလေ၏။

'တူမကို ဦးလေး ကစ်ခါမှ မမေးခဲ့မိဘူး၊ တူမ ရန်ကုန်က ...လား'

ဟု မေးလေ၏။

'အခုတော့ ကျွန်မ ရန်ကုန်မှာနေတာပဲ၊ ဇာတိကတော့ ...တာကပါ'

'ယောကျ်ားနဲ့ ဘာဖြစ်လို့လဲ'

'ကျွန်မယောကျ်ားကို ကျွန်မက ပစ်ခဲ့တာပါ၊ ကျွန်မ ...ယောကျ်ားဟာ အင်မတန်ကောင်းတဲ့လူပါပဲ၊ အခုတော့...'

'ဘာဖြစ်လို့ မင်းယောကျ်ားကို ပစ်ခဲ့တာလဲ၊ အပျော် ...ပါး လိုက်လို့လား'

'မဟုတ်ပါဘူး၊ ပြောလို့မဖြစ်တဲ့ အကြောင်းတစ်ခု ရှိလို့ ...ါ'

ယောကျ်ားကြီးသည် စဉ်းစား၍နေလေ၏။

ထို့နောက်...

'မင်းယောကျ်ားနဲ့ ဘယ်တော့မှ ပြန်မပေါင်းတော့ဘူးလို့ ...ကြံသလား'

'အခုအနေမှာ ကျွန်မယောကျ်ားနဲ့ ပြန်ပေါင်းဖို့ မလိုဘူး ...ထင်တာပဲ'

'ဘာလုပ်စားမလဲ၊ ဟူမ ကလေးကို ဘယ်သူ့ယိန်းမလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ ကျန်းမာလာရင် မကြောက်ပါဘူး'

ဝင်းကြည်သည် မိမိ အငြိမ့်မင်းသမီးဖြစ်ကြောင်း မည်သူ့ကိုမျှ ပြော၍မပြချေ။

ထိုအခါ၌ တိုင်းပြည်မှာ စိန်မြကြည် မရှိတော့ဘူး၊ သေပြီဟု ကျော်ကြား၍နေလေ၏။

စိန်မြကြည် တန်ဆောင်တိုင်ပွဲမှာ ကွမ်းယာမန်းထိလို့ သွေးအန်ပြီး ပွဲချင်းပြီးသေဆုံးသည်ဟု ကျော်ကြား၍နေလေ၏။

အချို့ကလည်း စိန်မြကြည် လင်နောက်လိုက်ပြေးပြီ၊ ဘယ်မှာမျှ သတင်းမကြားရ၊ သေသည် ရှင်သည် မသိရဟု ပြောကြလေ၏။

ထိုကဲ့သို့ သတင်းဖြစ်ပွားသည်ကို နောက်ထပ် လာရောက်သော လူမမာများထံမှ ကြားသိရလေရာ ဝင်းကြည်မှာ အားတက်၍နေလေ၏။

အကြောင်းမူကား ယခုလို သတင်းအမျိုးမျိုးတွေ ဖြစ်ပွား၍နေခိုက်မှ ဘွားခနဲ ထွက်ပေါ်ရလျှင် အရင်ကထက်ပင် ထင်ပေါ်ကျော်ကြားဖို့ရှိသည်ကို စဉ်းစားမိလေ၏။

ယောကျ်ားကြီးက စကားဆက်ကာ···

'တူမကြီး အလုပ်မလုပ်ဘဲ အေးအေးဆေးဆေး ချမ်းချမ်းသာသာ မနေချင်ဘူးလား'

ဟု မေးလေ၏။

ဝင်းကြည်သည် ယောကျ်ားကြီးကို မသက်သာသော အမူ



အရာနှင့် မော်၍ကြည့်ပြီး···

'ဦးလေး ကျွန်မကို ကြည့်ရှုပေးကမ်းတာတွေဟာ များလှပါပြီ၊ ဒါတွေအတွက် ကျွန်မ ဘယ်လို ကျေးဇူးဆပ်ရမလဲဆိုတာ မကြံတတ်အောင်ရှိတာပဲ၊ ကျွန်မ ဒုက္ခဖြစ်နေရာမှာ ဦးလေးဟာ သူတော်ကောင်းနတ်မြတ်လို ကယ်ရုံမက ကျွန်မကို ပေးကမ်းပြုစုတာတွေကလည်း အင်မတန် ကြီးမားနေတာပဲ၊ ဒါထက်ပိုပြီး ကြည့်ရှုမယ်ဆိုရင် ကျွန်မ ဘယ်တော့မှ ပြေကုန်အောင် ကျေးဇူးဆပ်နိုင်တော့မှာ မဟုတ်ဘူး'

ဟု ပြန်ပြောလေ၏။

'ကျေးဇူးဆပ်ဖို့ မလိုပါဘူး၊ ဦးလေးမှာ သမီးတစ်ယောက်ရှိဖူးတယ်၊ ဒီသမီးဟာ တူမနဲ့ အင်မတန်တူတာပဲ၊ မနှစ်က ဆုံးသွားလို့ ဦးလေး အပူမအေးသေးမီ တူမကို တွေ့တဲ့အတွက် ဦးလေးမှာ အများကြီးသက်သာရာရသွားတယ်၊ ဒီအတွက် တူမကို ဘယ်မှ မသွားစေချင်ဘူး၊ ဦးလေးပဲ ကြည့်ရှုထားချင်တာပဲ၊ ဦးလေးမှာ တစ်ယောက်တည်းရယ်'

တစ်ယောက်တည်းရယ်ဟူသော စကားကို ကြားရသော အခါ ဝင်းကြည်မှာ ကြောက်ရွံ့၍သွားလေ၏။

သို့သော်လည်း ယောကျ်ားကြီး၏ အမူအရာမှာ အလွန်ရိုးသားသဖြင့် အကဲခတ်၍မရနိုင်အောင် ရှိလေ၏။ အတန်ကြာဆိတ်ငြိမ်၍နေကြပြီးနောက်···

'တူမယောကျ်ားနဲ့ ပြတ်ပြတ်စဲစဲ ရှိကြရဲ့လား'

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလေရာ ဝင်းကြည်က ၄င်း၏မျက်နှာကို လျင်မြန်စွာ မော်၍ကြည့်လေ၏။

ထိုအခါ ယောက်ျားကြီးက…

'ဒီလိုသာ ဦးလေးက သမီးလို တူမလို ကြည့်ရှုထားချင်ပေမယ့် နောင် တစ်မျိုးတစ်မည်မှတ်ထင်ပြီး အမှုအခင်းဖြစ်မှာစိုးလို့ မေးတာပါ၊ တူမကြီး ကောင်းဖို့ပါပဲ၊ တခြား လူကောင်း တစ်ယောက်ယောက်နဲ့ တွေ့ရင်လည်း…'

ဝင်းကြည်သည် ရှက်ကိုးရှက်ကန်းပြုလျက်…

'ကျွန်မ ယောက်ျားယူဖို့ စိတ်မကူးတော့ပါဘူး၊ ကျွန်မကလေးနဲ့ အေးအေးနေရရင် ကျေနပ်ပါတယ်၊ ကျွန်မယောက်ျားတော့ကာ ကျွန်မက ဖြတ်ဖို့မလိုပါဘူး၊ သူဖြတ်ခဲ့ရင်လည်း ပြီးတာပါပဲ၊ အခုလည်း ကျွန်မကို မေ့မေ့လျော့လျော့ ဖြစ်နေပါပြီ၊ ဦးလေးလည်း ကျွန်မကို တစ်သက်လုံးကြည့်ထားလို့ ဘာဖြစ်မလဲ၊ ကျွန်မ ကျန်းမာရင် မကြောက်ပါဘူး'

'ဒါတော့ ဒါပေါ့ တူမရယ်၊ ဦးလေး စိုးရိမ်လို့ ပြောတာပါ၊ ဦးလေးက ဆုံးပါးတဲ့သမီးနဲ့ တူလွန်းလို့ ဦးလေး အဟုတ်တကယ် တူမလို သမီးလို မွေးချင်လို့ပါပဲ၊ အခု ဆေးရုံကဆင်းရင် တူမ ဘယ်ကိုသွားမလဲ'

ဝင်းကြည်သည် ထိုအမေးကို ပြန်၍မဖြေနိုင်သဖြင့် ဆိတ်ငြိမ်စွာနေလေ၏။

'ဦးလေးသိလို့ မေးတာ၊ တူမမှာ သွားစရာနေရာ မရှိဘူး၊



တူမ အခုလိုဖြစ်နေရာမှာ စုံစမ်းရှာဖွေပြီး တစ်ယောက်မှလိုက်မလာဘူး၊ တူမလို ရုပ်ရည်ချောချောလှလှကလေး တစ်ယောက်ဟာ အုပ်ထိန်းသူမရှိဘဲ နို့စို့ကလေး တွဲလဲနဲ့ ထင်သလိုသွားလာနေရင် တစ်နေ့ ဒုက္ခတွေ့မှာပေါ့'

ဝင်းကြည်သည် စဉ်းစား၍နေလေ၏။ မိမိ၏လက်၌ ငွေကြေးအတော်အတန် ရှိ၏။

ထိုငွေကို အားကိုးပြီး မိမိ၏ ကျေးရွာရင်ကြီးကို တိတ်တဆိတ် စွန့်၍သွားရမည်မှာ များစွာခက်လေ၏။

ထိုကဲ့သို့ပြုလျှင် မိမိအား လွန်စွာကျေးဇူးမဲ့သော မိန်းမကလေးတစ်ယောက်ဟု မှတ်ယူ စွဲမိုက်မည်ကား အမှန်ဖြစ်သည်ကို စဉ်းစားမိလေ၏။

ယခုမှာလည်း အတော်ကျန်းမာလျက်နေရာ ဆေးရုံမှ တိတ်တဆိတ်ဆင်းသွားလျှင် သွားနိုင်ဖို့ရှိ၏။

သို့သော်လည်း စဉ်းစားကာ ချီတုံချတုံဖြစ်၍နေလေ၏။ ထိုဆေးရုံ၌လည်း မိမိနေချင်သလောက် ကြာစွာနေနိုင်သောအခြေသို့ ရောက်၍နေ၏။

အကြောင်းမူကား ဝင်းကြည်ကို ဆရာမများ၊ လူမမာများနှင့် အခိုင်းအစေကုလားများ၊ ကုလားမယားများပါ ချစ်ခင်၍နေကြလေ၏။

ဂရုစိုက်သော ယောက်ျားကြီးကလည်း ချို့ငဲ့ခြင်း တစ်စုံတစ်ရာမရှိရအောင် ဂရုစိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကုလားဆရာဝန်ကြီးသည်လည်း ဆက်လက်၍ လာရောက်ကြည့်ရှုမြဲ ကြည့်ရှုလေသတည်း။

ဝင်းကြည်မှာ ထူးဆန်းသော အခြေအနေသို့ ရောက်၍နေလေ၏။

မိမိ၏ ထူးဆန်းသော ကံကြမ္မာ၏ နေရာချထားပုံကို တွေးလေတွေးလေ အံ့သြ၍မကုန်နိုင်အောင် ဖြစ်၍နေလေသတည်း။

❊ ❊ ❊

## အခန်း(၉)

တစ်နေ့သ၌ မြဒင်သည် ခြံထဲတွင် လှည့်လည်ရင်း ဝင်းကြည်ကို ထင်မြင်ကာ တစ်ကိုယ်တည်း စိတ်နာလျက်နေလေ၏။

ဝတ်လုံတော်ရမင်းက ဝင်းကြည်ကို တွေ့သလိုလိုပြောပြီး နောက်မှ တစ်မျိုးပြောပြန်သည်ကို စဉ်းစား၍နေလေ၏။

ထိုအခိုက်တွင် ကားတစ်စီး ဝင်ရောက်၍လာပြီး ဝတ်လုံတော်ရမင်းကိုယ်တိုင် ဆင်း၍လာလေ၏။

'ဘယ့်နှယ်လဲ မောင်၊ ဘယ်ကိုထွက်မလို့ ကြံနေတာလဲ'

'ဘယ်မှထွက်ဖို့ စိတ်မကူးပါဘူး ဝတ်လုံတော်ရမင်းရယ်၊ တောင်တွေးမြောက်တွေး တွေးမိတဲ့အခါ ရပ်လို့မရဘူး'

'ဘာများတွေးသလဲ၊ သတင်းတစ်ခုကြားရလို့ လာတာပဲ'

ဟု ပြောပြီး ဝတ်လုံတော်ရမင်းသည် မြဒင်နှင့်အတူ အားချင်းယှဉ်ကာ ကျောက်လမ်းကလေးပေါ်တွင် လျှောက်ရင်း စကားစလေ၏။

www.burmeseclassic.com

www.burmeseclassic.com



'အရင်က မောင့်ကို ကျုပ် စိတ်အေးအောင် တော်လျော် ပြောထားခဲ့တယ်၊ အခုတော့ သတင်းအမှန်ကို ရပြီ၊ မောင်စိတ်ခိုင်ရင် ပြောမလို့ လာတာပဲ'

'ဟိုကောင်မ အကြောင်းလား၊ ပြောသာပြောပါ ဝတ်လုံတော်ရမင်းရယ်၊ သင်းကိုတော့ ဘယ်လိုနေတယ်၊ ဘာဖြစ်နေတယ် ဆိုတာ သိရရင် ပြီးတာပါပဲ၊ သင်း ပျော်ပျော်နေရရင် ဘယ်အဖြစ် ရောက်ရောက် စွန့်ပြီးပဲ...'

'ဘယ်အဖြစ်မှတော့ မရောက်ပါဘူး၊ ကောင်းကောင်း မွန်မွန်ပါပဲ၊ မောင် စိတ်အေးဖို့ ပြောရတာပါ'

'ဘယ်လိုနေသတဲ့လဲ ဝတ်လုံတော်ရမင်းရဲ့'

'ဒီလို မောင်ရင်၊ အခု သူ့မှာ ယောကျ်ားနဲ့၊ ကုလားလူမျိုး ဘောင်းဘီဝတ်တဲ့ လက္ခဏာကတော့ မောင်နဲ့နေစဉ်က စဆင်းရဲဒုက္ခဖြစ်နေခိုက်မှာ တိတ်တဆိတ်တွေ့ကြတဲ့ လက္ခဏာပါပဲ၊ ဟိုအခါကတည်းက ဒီကုလားက ငွေကြေးတိတ်တဆိတ် ထောက်ပံ့နေတယ်လို့ ကြားရတယ်၊ မောင် ဘယ်လိုမှ မအောက်မေ့နဲ့နော်၊ အခုတော့ ကွဲလက်စရှိပြီမို့ ခံနိုင်လောက်ပြီထင်လို့ ပြောတာပါ'

မြဒင်မှာ များစွာအံ့သြခြင်း မဖြစ်ချေ။

အကြောင်းမူကား ယောကျ်ားတစ်ယောက်ယောက်နှင့် ပတ်သက်၍သာ အခုလို စွန့်၍ သွားတာပဲဟု အစွဲပြုခဲ့သည်မှာ အတော်ကြာခဲ့လေ၏။

'ဘယ်မှာ သတင်းကြားသလဲ၊ ဘယ်လိုများ နေကြသလဲ'



'ဟန်ဟန်ပန်ပန်ပါပဲ၊ ကုလားက ဆရာဝန်လို့ ပြောတာပဲ၊ ဒီလို မောင်ရင်ရဲ့၊ မောင်ရင့်မိန်းမက မိန်းမချော၊ ဝတ်ချင်စားချင် သုံးစွဲချင်တဲ့အရွယ်လည်း ဖြစ်နေတယ်၊ ဒီတော့ ပေးနိုင်ကမ်းနိုင် သူတစ်ယောက်ယောက်နဲ့တွေ့ပြီး အခုလိုဖြစ်သွားတဲ့ လက္ခဏာ ပါပဲ'

ဟုပြောပြီး မြဒင်၏မျက်နှာကို အကဲခတ်ကာ ကြည့်၍ နေလေ၏။

မြဒင်၏ ဦးခေါင်းထဲ၌ တွေးလုံးခေါ်လုံး ထင်လုံးမြင်လုံး တို့သည် မိုးသီးမိုးပေါက်ပမာ ရှာသွန်း၍နေလေ၏။

ငါ အင်မတန်ဆင်းရဲပြီး မစားရ မသုံးရ၊ ငတ်ငတ်မွတ် မွတ်နေခိုက်မှာ သူ့မှာတော့ကာ တိတ်တဆိတ် ပျော်ချင်သလိုပျော်၊ ပါးချင်သလိုပါး၊ လင်ငယ်နဲ့ စားစားသောက်သောက် နေခဲ့ပါ တကား။

ငါ အိမ်လာတဲ့အခါ သူ့မျက်နှာ ညိုးညိုးငယ်ငယ်နဲ့ ငါ့ကို ဂရုစိုက်တာတွေဟာ ဟန်လုပ်တာတွေပါကလား။ အင်မတန် တတ်နိုင်တဲ့ မိန်းမယုတ်။

တောသူမပီပီ ရက်စက်ဆိုးဝါး မကောင်း ယုတ်မာတဲ့ ကောင်မပေတကား။

စသည်ဖြင့် တွေးလေ တွေးလေ အမိုက်ပုံကြီးကို မွေသလို အသည်းနာစရာအချက်တွေ ပေါ်၍လာလေလေ ဖြစ်လေ၏။

သို့ တွေးတောရာ၌ ရင်ထဲတွင် မချိမဆံ့ဖြစ်၍လာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝင်းကြည်အပေါ်၌ လွန်စွာအထင်ကြီးခဲ့၏။

အလွန်တရာမှ အလေးအမြတ်ပြုခဲ့၏။

ဝင်းကြည်ကို ငဲ့သဖြင့် ထိုမျှလောက် ဆင်းရဲဒုက္ခကို ခံခဲ့ရ၏။

ဝင်းကြည်သည်ကား အထင်နှင့်ဝေးကွာ ကျေးတောသူ အပေါ်စား အရိုင်းအစိုင်း ငွေမြူတိုင်း လိုက်ပါ၍ လူမျိုးကွဲ ကုလား အမည်းကိုပင် သဒ္ဒါလွယ်သူဖြစ်သည်ကို သိရသဖြင့် စိတ်ထဲမှာ နာလေ၏။

သို့သော်လည်း ဝင်းကြည်၏ အမူအရာမှာ ထိုမျှလောက် ဆိုးသွမ်းယုတ်မာမှုတို့နှင့် စပ်ဟပ်၍မရနိုင်အောင် ရှိလေ၏။

ဤမျှလောက် နုနယ်ပျော့ပျောင်း ဖယောင်းရုပ် ဖော့ရုပ် ကလေးလို မိမိစိတ်၌ မှတ်ထင်၍ထားသူတစ်ယောက်မှာ ကြမ်း ကြုတ်စွာ ချစ်မဖြစ်သော လူမျိုးကွဲကုလားကြီး၏ ရင်ခွင်၌ အဘယ် ပုံ ပြင်းထန်စွာ အချစ်ခံရမည့် အခြေအနေများကို ဆင်ခြင်ထင်မြင် ကာ အသည်းကို ညက်ညက်ကြေအောင် ဆုပ်ခြေသလို ဖြစ်ရှာလေ၏။

သို့ဖြစ်လေရာ မုန်းစရာ၊ နာစရာ အချက်တွေကိုသာ တွေးတောဆင်ခြင်ကာ စိတ်ကို အနိုင်အထက် ဖြေဖျောက်ပြီး…

'အခု အဘယ်မှာနေကြပါသလဲ ဝတ်လုံတော်ရမင်းရဲ့'

ဟု မေးလေ၏။

'အခုတော့ ကောင်းကောင်းမမာလို့ ဆေးရုံတစ်ခုမှာ ဆေး စားနေတယ်လို့ ကြားတာပဲ၊ ဒီဆရာဝန်က မိန်းမကြီးနဲ့မို့ တဲ့တဲ့



တင်တင်မထားဘဲ အခန်းတစ်ခု ငှားထားရာမှာ မကျန်းမမာ ကြည့် ပေးလူမရှိတာနဲ့ ဆရာဝန်နဲ့ အသိဖြစ်တဲ့ ဆရာမတစ်ယောက်က အကြံပေးတာနဲ့ ဆေးရုံတစ်ခုမှာ သွားပြီးတင်ထားသတဲ့၊ ဆင်းဆင်း ရဲရဲတော့ မနေရပါဘူး၊ သူ့ယောကျ်ားဆရာဝန်နဲ့သိတဲ့ ဆရာမကြီး က ဒီဆေးရုံမှာ အကြီးဥက္ကဋ္ဌ ဖြစ်နေတာကိုး၊ ဘာပဲဖြစ်ဖြစ် မောင်ရင် သူ မပျော်ပိုက်လို့သွားမှ ချမ်းချမ်းသာသာနေတယ်လို့ ကြားရရင် ပြီးတာပေါ့၊ ဆင်းရဲနေရင်လည်း နည်းနည်းပါးပါး ကြည့်ရှုတန် ကြည့်ရတာပေါ့ မဟုတ်လား၊ စိတ်မကောင်းစရာ မရှိပါဘူး'

ဟု ပြောလေ၏။

မြဒင်သည် အတော်ကြာ စဉ်းစား၍နေပြီးမှ…

'သူတို့ နေပုံထိုင်ပုံတွေကို ကျွန်တော် မြင်ရုံကလေး မြင်ချင်တယ် ဝတ်လုံတော်ရမင်းရယ်၊ မြင်ရအောင် မလုပ်နိုင်ဘူးလား'

'မောင့်စိတ်ကိုနိုင်လို့ အနှောင့်အယှက် ဘာမှမပေးပါဘူး၊ အတွေ့တောင် မခံပါဘူးဆိုရင် မြင်ရပါစေမယ်'

ဟု ဝတ်လုံတော်ရမင်းက ပြောလေရာ မြဒင်က…

'မြင်ရုံသာ မြင်ရပါစေ၊ ဘာမှမလုပ်ပါဘူး'

ဟု ဝန်ခံသဖြင့် ဝတ်လုံတော်ရမင်းသည် မြဒင်ကို မိမိ၏ ကားနှင့် ခေါ်၍သွားလေ၏။

ဝင်းကြည်ရှိနေသော မိန်းမဆေးရုံရှေ့သို့ ရောက်သွားပြီး နောက် မျက်စောင်းထိုးနေရာတစ်ခုမှာ ရပ်ကာ…

www.burmeseclassic.com

www.burmeseclassic.com



'မောင်... ဟောဒီကနေပြီး ဟောဟို ပြတင်းပေါက်က ကြည့်နေ၊ ကျုပ် သွားလိုက်ဦးမယ်'

ဟု ပြောပြီး ဝတ်လုံတော်ရမင်း ဆေးရုံကို ဝင်၍သွားလေ၏။

ဝင်းကြည်သည် အားရဝမ်းသာ ဝတ်လုံတော်ရမင်းကို ဆီး၍နှုတ်ဆက်လေ၏။

'ဦးလေး... ယနေ့ ဆရာဝန်ကြီး လာမယ်ဆိုတာ ပေါ် လည်း မလာသေးဘူး'

ဟု ပြောလေ၏။

'ဟင်... ဘာဖြစ်လို့ပါလိမ့်၊ ဟော... ဟော... ဒါ သူ့ကားသံ မဟုတ်လား'

ဟု ပြောကာ ပြတင်းပေါက်တစ်ခုမှ အပြင်သို့ ကြည့် လိုက်လေ၏။

ကားတစ်စီး ရိပ်ခနဲ ဖြတ်၍သွားပြီး ဆေးရုံရှေ့မှာ ရပ်လာ ပြီး ကုလားဆရာဝန် ရောက်၍လာလေရာ ဝင်းကြည်သည် အားရ ဝမ်းသာ ဆီး၍နှုတ်ဆက်လေ၏။

ဝတ်လုံတော်ရမင်းနှင့် ကုလားဆရာဝန်လည်း နှုတ်ဆက် စကားပြောကြပြီးနောက် ဝတ်လုံတော်ရမင်းက...

'ဆရာနဲ့ တွေ့ပေလို့ အခုလို အခြေအနေသို့ ပြန်ရောက် တာပဲ၊ တူမအပေါ်မှာ ဆရာ့ကျေးဇူးဟာ ဆပ်၍မကုန်နိုင်အောင် ကြီးတာပဲ'

ဟု ပြောလေ၏။



ဝင်းကြည်ကလည်း ဆရာဝန်အား လွန်စွာကျေးဇူးတင် ကြောင်းများ ပြောပြပြီး မိမိ၏ ခုတင်အနီး၌ ဆရာဝန်အတွက် ကုလားထိုင်ကို ဆွဲပေးပြီး အထိုင်ခိုင်းလေ၏။

ဝင်းကြည်က ခုတင်ပေါ်မှာ ထိုင်လေ၏။

ထို့နောက် အားရဝမ်းသာ စကားပြောကြရာ ဝတ်လုံတော် ရမင်းမှာ ခပ်ခွာခွာနေလေ၏။

အတန်ကြာသောအခါ ဝတ်လုံတော်ရမင်းက ဆရာဝန် အား...

'တော်တော်သွေးအားကောင်းပြီလား ဆရာ၊ သွေးများ စမ်းကြည့်ပါဦး'

ဟု ပြောလေရာ ဆရာဝန်က ဝင်းကြည်၏လက်ကို သွေး စမ်းရန် ကိုင်ဆွဲလေ၏။

အပြင်၌ ကားပေါ်မှကြည့်၍နေသော မြဒင်သည် ၄င်းတို့ နေထိုင်ပြောဆိုနေပုံ၊ ဆရာဝန်က ဝင်းကြည်လက်ကို ကိုင်ဆွဲပုံများ ကို ကောင်းစွာမြင်ရသဖြင့် ရင်တစ်ရင်လုံးရှိ အသည်းနှလုံးတို့မှာ ကျွမ်းသန္တာလန် ရှန်းရင်းဆန်ခတ် လှုပ်ရှား၍နေကြလေသတည်း။

ထိုအခိုက်တွင် ဝတ်လုံတော်ရမင်းသည်ကား မြဒင်ထံသို့ ရောက်၍သွားပြီး...

'ကိုင်း... မြင်ပြီမဟုတ်လား၊ ဘယ်လောက် ပျော်ပျော် ပါးပါးဖြစ်နေတယ်ဆိုတာ သိပြီမဟုတ်လား၊ ဘာပူစရာရှိသလဲ၊ ကိုင်း... ပြန်ကြစို့'

www.burmeseclassic.com

www.burmeseclassic.com



'ကုလားက မောင့်ဆီက ဖြတ်စာကလေးတစ်ခုရအော
ကြဲပေးပါလို့ ပြောနေတယ်'

'ပေးပါ့မယ် ဝတ်လုံတော်ရမင်းရယ်၊ သင်းပျော်ရင်ဖြ
တာပါပဲ၊ ဝတ်လုံတော်ရမင်းကို ကျွန်တော် သိပ်ကျေးဇူးတင်တ
ပဲ၊ သူ့အတွက် ပူသမျှတွေဟာ အခု မျက်စိနဲ့မြင်ရတော့ အက
အေးတော့တာပဲ'

ဟု ပြောလေ၏။

'ကျုပ်သိတာ တော်တော်ကြာပြီ၊ မောင့်ကိုပြောရရ
တော်မလား မတော်ဘူးလားဆိုတာ အများကြီးစဉ်းစားနေတာပ
အခုမှ စွန့်ပြီးပြောရတာပါ၊ ဘာမဆို စိတ်ထဲမှာ စနောင့်စနင
မသေမချာ ဖြစ်နေတာထက် သေသေချာချာ သိရတာက ပိုပြီ
စိတ်ချရတာပဲ၊ ပိုပြီးစိတ်အေးတာပဲဆိုတာ စဉ်းစားမိလို့ အခု
မျက်မြင်ပြဖို့တာပါ၊ အခု အေးပြီမဟုတ်လား၊ သူ့ထက်သာတာ
တစ်ယောက် ရှာယူတာပေါ့၊ ယဉ်ကျေးလိမ္မာ ဂုဏ်သရေရှိတာတွေ
ပြည့်လို့ပါ'

ဟု ပြောလေ၏။

မြဒင်သည် စကားမပြောဘဲ ငေးစိုက်ကာ အတွေးကြီး
တွေး၍ နေရှာလေတော့သတည်း။

အိမ်သို့ရောက်သောအခါ ဝတ်လုံတော်ရမင်းက···

'ကိုင်း··· မောင်၊ အင်မတန်ကြီးတွေးတောပြီး ကိစ္စမျာ
မနေနဲ့၊ အိပ်မြဲတိုင်းအိပ် စားမြဲတိုင်းစား၊ လူ့ဘဝဆိုတာ တိုတ



လေးရယ်၊ နေရတုန်းအခိုက်မှာ ပျော်ပျော်နေတာ အမြတ်ဆုံးပဲ၊
တ်ညစ်သမျှ အချိန်တွေဟာ တိုတောင်းတဲ့ဘဝမှာ အချိန်တွေပုပ်
ာလို အရှုံးသက်သက်ပဲ၊ ကိုင်း··· ဘာများအသင့်ရှိသလဲ'

ဟု မေးပြီး အစေခံကို ခေါ်လေ၏။

ဝတ်လုံတော်ရမင်းမှာ မြဒင်ကို ဤအိမ်နှင့် ဤအခြေ
ို့ရောက်အောင် အတင်းအကျပ် စီမံပေးရသူ ဖြစ်လေရာ မြဒင်၏
ိမ်၌ မိမိ၏အိမ်မှာကဲ့သို့ အခွင့်အရေး လွတ်လပ်ခြင်းများကို
ကုန်အစင်ရလေ၏။

အစေခံများကို ရှိသမျှထုတ်ခဲ့ရန် ပြောလေရာ အစေခံ
ည် ဝီစကီနှင့် ဆိုဒါ၊ အခြားစားဖွယ်သောက်ဖွယ်သစ်သီးအမျိုး
ျိုးကို ထုတ်၍လာလေ၏။

မကြာမီ နှစ်ယောက်သား ဝင်းထိန်သော ဖန်ခွက်
ာစ်လုံးစီနှင့် ဆွေးနွေးတိုင်ပင်၍ နေကြလေ၏။

ဝတ်လုံတော်ရမင်းသည် မြဒင်၏ အလုပ်စားပွဲသို့ ထ၍
သွားပြီး စာတစ်ရွက်ကို ရေးလေ၏။

ထို့နောက် မြဒင်အား လက်မှတ်အထိုးခိုင်းလေ၏။

'ထိုးသာ ထိုးလိုက်ပါ၊ လွတ်လွတ်လပ်လပ် သူတို့ဘာသာ
သူတို့ စိတ်အေးလက်အေး နေကြပါစေ၊ ဘာလုပ်မလဲ··· ကိုယ်
ည်းကောင်း သူလည်းကောင်းပေါ့၊ သူ့အကုသိုလ်ကံနဲ့ မောင်
ကောင်းစားတာပဲ'

ဟု ပြောလေရာ မြဒင်သည် ဝီစကီအရှိန်နှင့် လျှင်မြန်

www.burmeseclassic.com

www.burmeseclassic.com



စွာ လက်မှတ်ထိုးလိုက်လေ၏။

ထို့နောက် အတန်ကြာသောအခါ မြဒင်သည် တွေးတောကာ မခံမရပ်နိုင်ဖြစ်သောစိတ်ကို ဝီစကီသောက်ခြင်းဖြင့် ကုသရင်း အိပ်ပျော်သွားလေ၏။

ဝတ်လုံတော်ရမင်းလည်း ပြန်၍သွားလေ၏။

နောက်တစ်နေ့ ဝတ်လုံတော်ရမင်း ဝင်းကြည်ထံသို့ သွားလေ၏။

ဝင်းကြည်၏ မသာယာသော မျက်နှာကို မြင်ရသဖြင့် သေချာစွာကြည့်သောအခါ မျက်ရည်များသုတ်ပြီးစအခါဖြစ်ကြောင်း သိရလေ၏။

'ဘာဖြစ်သလဲ တူမ၊ နေမကောင်းဘူးလား'

ဟု မေးလေရာ ဝင်းကြည်က စာအိတ်ရှည်ကြီးတစ်ခုကို ထုတ်၍ပေးရင်း…

'ကျွန်မ ဒီမှာရှိမှန်းကို သူ ဘယ်သူပြောသလဲ မသိဘူး'

ဟု ပြောလေ၏။

ဝတ်လုံတော်ရမင်းသည် မိမိရေးလိုက်သော စာကို မြင်လျှင် မြင်ချင်း သိ၏။ စာကိုဖတ်ပြီးနောက်…

'အင်း… အင်း… သူ့ငွေ မောင်မြဒင်ပါကလား။ ဘယ်လိုဖြစ်ကြတာလဲ တူမရယ်၊ မတော်တဲ့ နည်းလမ်းပဲ၊ တူမ အပေါ်မှာ ဘာအပြစ်များရှိလို့တဲ့လဲ'

'ကျွန်မ သူ့ကို ပစ်ပြေးတဲ့အပြစ်ပေါ့'



'ဘာပြုလို့ မင်းက ပစ်ပြေးရသလဲ'

'ကျွန်မ မပြောလိုပါ'

'ဘာဖြစ်လို့လဲ၊ နှိပ်စက်လို့လား'

'နှိပ်စက်လို့လည်း မဟုတ်ပါဘူး၊ သူ့ကို ဦးလေး သိသလား'

'အင်မတန်ထင်ရှားတဲ့ ပုဂ္ဂိုလ်ပဲ၊ မသိဘဲနေနိုင်ပါ့မလား'

'နို့… တူမကြီးက ဒီဖြတ်စာကို သဘောတူသလား'

'ကျွန်မ တူတယ်လည်း မဟုတ်ဘူး၊ မတူဘူးလည်း မဟုတ်ဘူး၊ ကျွန်မမှာ အပြစ်ရှိလေတော့ သူသဘောအတိုင်းလုပ်တာကို ခံရမှာပဲ'

'ကွဲနေတာ ဘယ်လောက်ကြာပြီလဲ'

'အတော်ကြာပါပြီ၊ ညားပြီးစကလိုပါပဲ'

'ဒီအတွင်းမှာ တူမ ဘယ်သွားနေသလဲ'

'ကျွန်မ အသိမိတ်ဆွေများနဲ့ နေတာပါပဲ'

'နို့… ဒီလိုပဲ ခံနေတော့မှာလား၊ သူ့မှာ ပစ္စည်းအမြောက်အမြားရှိတယ်၊ တူမ တချို့တစ်ဝက်ရဖို့သင့်တာပေါ့'

'ကျွန်မ သူ့ဆီက ဘာမှမလိုချင်ပါဘူး၊ သူ စိတ်ချမ်းချမ်းသာသာ ပျော်ပျော်ရွှင်ရွှင်နေတယ်ဆိုရင် ကျွန်မ ဝမ်းသာတာပါပဲ၊ ကျွန်မ အလုပ်လုပ်နိုင်ပါတယ်'

'ဘာအလုပ်လဲ'

'နောက်တော့ ဦးလေး သိမှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'အင်း… တူမ ခံနိုင်ပေမယ့် ဦးလေး မခံနိုင်ဘူး၊ တူမ အတော်အတန် အထောက်အပံ့ ရထိုက်တာပဲ၊ ကလေးစရိတ်မှ မယူဘူးလား'

'သူပေးရင်လည်း ယူမှာပဲ၊ မပေးရင်လည်း အရေးမကြီးပါဘူး၊ အခု ဦးလေးက ကျွန်မကိုပေးတာ ငွေတစ်ရာကျော်ကျော် ရှိတယ်၊ ဒီငွေကလေးနဲ့ ရင်းနှီးရောင်းဝယ်စားရင် ဖြစ်ပါတယ်'

'မတော်တာပဲ… အသာနေ၊ ဦးလေး စီမံပေးမယ်၊ တူမ ဘယ်ကိုမှမသွားနဲ့ဦး၊ ဦးလေး နေရာချပေးပါ့မယ်'

ဟု ပြောလေ၏။

ဝင်းကြည်မှာ ထိုကဲ့သို့ ဖြတ်စာရသောအခါ မခံမရပ်နိုင်အောင် ဝမ်းနည်းခြင်းဖြစ်လေ၏။

သူ့အတွက် ဆင်းရဲခံခဲ့သည်ကို တလွဲထင်ကာ မိမိအပေါ်၌ ဤကဲ့သို့ ပစ်ပစ်ခါခါပြုသည်ကို တွေးတိုင်း အသည်းနာလေ၏။

ကေန် သူ့မှာ မိန်းမတစ်ယောက်ယောက်ရှိလို့ ငါ့ကို ဤကဲ့သို့ လုပ်တာပဲ။ ငါ ဒီမှာနေတာကို သူ ဘယ်ပုံသိပါလိမ့်မလဲ။ ငါ့ကို သူ ဘယ်လိုမှတ်ထင်ပါလိမ့်မလဲ စသည်ဖြင့် အမျိုးမျိုး တွေးတောလေ၏။

ဝင်းကြည်မှာ နဂိုက မခံတတ်သောမာန ရှိလေ၏။ အသာယ်မှုပင် ဝမ်းနည်းစေကာမူ မာနကထောက်ခံသဖြင့် ငါလည်း အစွမ်းအစနဲ့ပဲဟူသော စိတ်ကို လက်ရုံးအားကိုးပြုလေ၏။

သို့ပင် စိတ်ကိုတင်းသော်လည်း တကယ်စွန့်ပစ်ခြင်းခံရတော့မည်၊ မြဒင်မှာ အခြားမိန်းမတစ်ယောက်ယောက်နှင့် ယူတော့မည့်အကြောင်းကိုယ် တွေးသောအခါ၌ ငါမှားလေခြင်း၊ ငါမိုက်လေခြင်းဟု မိမိကိုယ်ကို အပြစ်တင်ကာ မြဒင်ထံ အတင်းပြန်၍ ပြေးချင်လေ၏။

သို့သော်လည်း မိမိ ပြန်၍သွားလျှင် မြဒင်သည် စည်းစိမ်ဥစ္စာ၏ တောင်ကြီးပေါ်မှ အဘယ်ပုံလိမ့်ကျမည်ကို စဉ်းစားထင်မြင်ကာ ငါပြန်မသွားပါဘူးလေ၊ ငါ့မှာ ဘေးဒုက္ခ အကြီးအကျယ်ဖြစ်ရင်လည်း ဦးလေးကြီးအရှိသားပဲ၊ ဦးလေးကြီး ငါ့ကို ကြည့်ရှုမှာပဲ၊ သို့မဟုတ် ကိုမြဒင် ကြည့်ရှုအောင် ဦးလေးကြီး လုပ်ပေးမှာပဲ။

ကိုမြဒင် ဆင်းရဲဒုက္ခရောက်သွားရင် ကိုမြဒင်လည်း ဒုက္ခ၊ ငါလည်း နိုကိုးရာမဲ့ ဖြစ်မှာပဲ၊ အခုလိုအနေမှာ ကိုမြဒင်မှာ စည်းစိမ်ရှိသမျှ ငါ့မှာ တစ်ခုခုဖြစ်ရင် သူ ကြည့်ရှုနိုင်မှာပဲ၊ ကိုမြဒင် ငါ့ကို မမုန်းဘူး၊ သူ ငါ့ကို အထင်လွဲရုံသာ ရှိမှာပဲ စသည်ဖြင့် ဆင်ခြင်ကာ မသွားဘဲနေလေ၏။

သို့ တွေးတောရာတွင် ဝတ်လုံတော်ရမင်း ပြုမူပုံနှင့်ပတ်သက်၍ ဝင်းကြည်မှာ မစဉ်းစားဘဲ မနေနိုင်ချေ။

သို့ စဉ်းစား၍နေဆဲမှာ တစ်နေ့သ၌ ဝတ်လုံတော်ရမင်းက ဝင်းကြည်အား ဆေးရုံမှဆင်းဖို့ အချိန်တော်ပြီဖြစ်ကြောင်းကို ပြောလေ၏။

'တူမကြီး ဆင်းရင် ဘယ်ကိုသွားမယ် စိတ်ရှိသလဲ၊ တူမယောကျ်ားဆီကို သွားမလား'

www.burmeseclassic.com

www.burmeseclassic.com



'သူက ကျွန်မကို ဖြတ်လိုက်မှ ကျွန်မဘာသွားစရာ ရှိတော့မှာလဲ၊ အစကတည်းက ကျွန်မက ထွက်လာတာ၊ အခုလည်း သူက ဖြတ်စာရေးလိုက်ပြီ၊ ကျွန်မက မျက်နှာအောက်ချပြီး သွားကာ အသနားခံရမှာလား ဦးလေးရဲ့၊ မူလကတည်းက သေသေချာချာ စဉ်းစားပြီး ထွက်လာတာပါ၊ ကျွန်မစိတ်ကို မနိုင်ဘဲနဲ့ ကစားသလို လင်ယောကျ်ား လိုက်ချော့ခေါ်မှာကို မျှော်ကိုးပြီးထွက်ခဲ့တာ မဟုတ်ပါဘူး၊ ဖြတ်စာမရမီကဆိုရင် ဖြစ်နိုင်ဖို့လမ်း ရှိပါသေးတယ်၊ အခုတော့ လမ်းမရှိတော့ပါဘူး။

ကျွန်မကို မူလကတည်းက သွားစေချင်တဲ့စိတ် သူ့မှာ ရှိနေမှန်း ကျွန်မ သိပါတယ် ဦးလေးရဲ့၊ တကယ်လို့သာ ဒီလိုစိတ်မျိုးမရှိရင် ကျွန်မကို ဟိုတုန်းက သူ မရမကလိုက်ရှာဖို့ပါ ဦးလေးရယ်၊ ကျွန်မထွက်လာတာဟာ သူ့မှာ 'ရေငတ်သူ ရေတွင်းထဲကျ'သလို ဖြစ်တာပါပဲ၊ သူ ဘယ်လိုချမ်းသာပုံလဲ ဦးလေးရဲ့'

'ဦးလေးလည်း သေသေချာချာ မသိဘူး၊ အမွေရတယ်လို့ ကြားတာပဲ'

'ကျွန်မလည်းထွက် သူ့မှာ ဥစ္စာလည်းဝင်ဆိုတာလို ဖြစ်နေတော့ ကျွန်မထက်သာတာတွေကို သူမြင်နေမှာပါပဲ၊ ကျွန်မ ပြန်သွားရင် မင်္ဂလာမရှိတဲ့ကောင်မ၊ သင်းပြန်လာတာ ငါ့စည်းစိမ် ပျက်စီးဖို့နိမိတ်များလားလို့ အောက်မေ့ချင်အောက်မေ့မှာ ဦးလေးရဲ့'

ဟု ပြန်ပြောလေ၏။

'နို့... တူမ ဘယ်ကိုသွားမလဲ၊ ဘယ်မှာနေမလဲ၊ ဦးလေး



နေရာချထားမယ်၊ နေမလား'

'ဦးလေးမှာ ကျွန်မအတွက် အလကား ဒုက္ခပိုတာပဲ၊ ဦးလေး ဒုက္ခမရှာပါနဲ့၊ ကျွန်မ အသိမိတ်ဆွေများ ရှိပါတယ်၊ ဦးလေးပေးတဲ့ငွေလည်း ရှိပါသေးတယ်'

'ဦးလေး စိတ်မချဘူး၊ ဦးလေး တူမအတွက် အခန်းတစ်ခု ငှားပေးမယ်၊ အဖော်လုပ်ဖို့ မိန်းမကြီးတစ်ယောက်လည်း ပေးမယ်၊ ဘယ့်နှယ် သဘောရသလဲ'

ဝင်းကြည်သည် စဉ်းစား၍နေလေ၏။

ဆရာမကြီးကလည်း ကူညီတိုက်တွန်းသဖြင့် ဝင်းကြည်မှာ စိတ်လက်မပါလှဘဲလျက် ဦးလေးထားရာမှာ နေပါမည်ဟု ဝန်ခံလိုက်လေ၏။

သို့ဖြစ်လေရာ ဝတ်လုံတော်ရမင်းမှာ အားရဝမ်းသာစွာ လျောက်ပတ်သော အခန်းတစ်ခုနှင့် အစေခံမိန်းမတစ်ယောက်ကို ရအောင်စီမံမည်ဟုပြောပြီး ထွက်၍သွားလေ၏။

ဝင်းကြည်မှာကား ၎င်း၏ ထက်သန်သော စေတနာစိတ်အား အဘယ်လို သဘောသွားသနည်းဟု အမျိုးမျိုးစဉ်းစားကာ ဝေခွဲ၍ မရနိုင် ရှိနေလေ၏။

သို့သော်လည်း ရုတ်တရက် လက်တလော အဘယ်ကို သွားရမှန်း မသိ။ ဤဆေးရုံမှာချည်းလည်း အမြဲ လူမမာလို၍ မနေနိုင်။ သို့ဖြစ်လေရာ ဝတ်လုံတော်ရမင်း စီမံချက်ကို သဘောတူလိုက်လေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



ထိုညဉ့်၌ မိမိ၏ အင်္ကျီထဲမှာ အမြဲမပြတ် ဆောင်၍ထားသော စာကလေးတစ်စောင်ကို သတိရလေ၏။

ထိုစာသည်ကား မြဒင်၏ ရုပ်အင်္ကျီအိတ်ထဲမှရသော စာကလေးဖြစ်လေ၏။

ထိုစာကလေးသည် ဝင်းကြည်အား ယခုကဲ့သို့သော အဖြစ်မျိုးသို့ရောက်အောင် လုပ်သော စာကလေးဖြစ်လေ၏။

၄င်းစာကို သတိရ၍ ကြည့်သောအခါ မြဒင်၏ ဖြတ်စာ၌ ပါသောလက်ရေးနှင့် ထပ်တူထပ်မျှ တူ၍နေလေ၏။

ထိုစာနှစ်စောင်ကို ရေးသူဟာ ဘယ်သူဖြစ်ပါလိမ့်မလဲဟု စဉ်းစားလေ၏။

သို့ စဉ်းစားရင်း စာရွက်၏ထိပ်၌ စာကိုကြည့်လိုက်ရာ ဝတ်လုံတော်ရမင်း 'ဦးသာဒင်'ဟူသော စာခေါင်းကို မြင်ရလေ၏။

ထိုအခါ ယခု မိမိကို ဂရုစိုက်၍နေသူမှာ ဦးသာဒင်ဖြစ်သည်ဟု ဆရာမကြီး ပြောဖူးသည်ကို သတိရလေ၏။

ထိုစာကလေးကို မြဒင်၏ ရုပ်အင်္ကျီအိတ်ထဲ၌ တွေ့စဉ်အခါမှာ ထိုနာမည်ကို သတိမထားမိ။ စာ၌ပါသော အကြောင်းအရာကိုသာ သတိထားမိပြီး ထိုစာကိုခေါက်၍ အင်္ကျီဘော်လီအိတ်ထဲသို့ ထည့်၍ထားလေ၏။

ထို့နောက် တစ်ခါမျှ ဖွင့်၍မကြည့်။ ၄င်းစာကလေးကို အခေါက်လိုက် သိမ်း၍ထားခဲ့လေ၏။

ယခုမှ ဖြတ်စာကိုရေးသော လက်ရေးနှင့် အဆိုပါစာ၌ ပါသော လက်ရေး ထပ်တူဖြစ်သည်၊ ရေးသူမှာလည်း ဝတ်လုံတော်ရမင်း ဦးသာဒင် ဖြစ်သည်၊ မိမိကို အထူးဂရုစိုက်နေသူမှာလည်း ဝတ်လုံဦးသာဒင် ဖြစ်သည်ဟူသော အကြောင်းများ သိရသောအခါ အများကြီး မသင်္ကာဖြစ်၍ လာလေ၏။



'သူ ငါ့ကို ကိုမြဒင်နဲ့ ကွဲအောင်စီမံနေတဲ့လူပဲ၊ အခုလည်း ငါ့အတွက် အခန်းငှားပေးမယ်လို့ ပြောတာပဲ၊ ဘယ်လိုသဘောပါလိမ့်မလဲ၊ ကေန် သဘောရိုးမဟုတ် သဘောဆန်း အမှန်ဖြစ်မှာပဲ၊ သူ ငါ့ကို အစကတည်းက ကိုမြဒင်ရဲ့မိန်းမဖြစ်တာကို သိမှာပဲ၊ သိလျက်နဲ့ အဘယ်ကြောင့် ပရိယာယ်လုပ်ရပါသလဲ'

'ကိုမြဒင်အကြောင်းကို သူ အသေအချာသိပါလျက် ငါ မေးသောအခါ အဘယ်အတွက် မသိဟန်ဆောင်ပါသနည်း'

စသည်ဖြင့် ဝေခွဲ၍မရနိုင်အောင် ရှိလေ၏။

သို့ဖြစ်လေရာ 'ငါ ဒီလူကို ယုံကြည်ကာ သူထားရာမှာ နေရမည်ဆိုလျှင် တစ်နေ့သ၌ ငါ့မှာ တစ်စုံတစ်ရာ ဖြစ်လေမလား' စသည်ဖြင့် တွေးတောစပြုလေ၏။

သို့ဖြစ်သောကြောင့် နောက်တစ်နေ့ နံနက် ဝတ်လုံတော်ရမင်း လာသောအခါ ဝင်းကြည်သည် စကားကောင်းစွာမပြောဘဲနေလေ၏။

'ဘယ့်နှယ်လဲ တူမကြီး၊ အကုန် အသင့်ရှိကြပြီ၊ ဆင်းမယ် မဟုတ်လား၊ ဗိုလ်မြတ်ထွန်းလမ်းမှာ တိုက်ခန်းတစ်ခုရတယ်၊ အမယ်ကြီးတော့ မရသေးဘူး၊ ကပ်နေတဲ့အခန်းက လူများက

www.burmeseclassic.com

www.burmeseclassic.com



ရအောင်ရှာပေးပါမယ်လို့ ပြောကြတယ်၊ မရသေးတဲ့ အတော အတွင်းမှာ သူတို့က ကူညီကြည့်ရှုပါမယ်တဲ့၊ ဘယ်လိုသဘောရ သလဲ'

ဟု ဝတ်လုံတော်ရမင်းက မေးလေ၏။

'ကျွန်မ စိတ်မနိုင်ဘူး၊ ကျွန်မ တောကို ပြန်မယ်လို့ စိတ်ကူးမိတယ်၊ ဦးလေး ဒုက္ခမရှာပါနဲ့တော့၊ ကျွန်မဘာသာ ကျွန်မ ကြံစည်နေထိုင်ပါရစေ'

ဟု ပြောလေရာ ဝတ်လုံတော်ရမင်းမှာ မျက်နှာပျက်၍ သွားလေ၏။

ဝင်းကြည်သည် ဝတ်လုံတော်ရမင်းထံမှ ရရှိသော ငွေများ ကိုပါ ပြန်၍ပေးချင်၏။

သို့သော်လည်း ပြန်၍ပေးလျှင် ဝတ်လုံတော်ရမင်းမှာ အများကြီး စိတ်မကောင်းဖြစ်မည်ကို စိုးသောကြောင့် ပြန်၍မပေး ဘဲနေလေ၏။

ဝတ်လုံတော်ရမင်းသည် များစွာအံ့အားသင့်၍ နေလေ၏။

'ဘာဖြစ်သလဲ တူမရဲ့၊ ဦးလေးကို မယုံလို့လား'

'ဦးလေးကို ဘာမယုံစရာရှိသလဲ၊ ဦးလေးကို ကျေးဇူး တင်စရာတွေ များအားကြီးနေပါပြီ၊ ဦးလေး ဘာမှမတော်စပ်ဘဲ နဲ့ ကျွန်မအတွက် ဒုက္ခများတာကို ကျွန်မ စဉ်းစားမိလို့ပါ၊ ကျွန်မ ဆွေမျိုးဉာတိများကိုလည်း တွေ့ချင်လို့ပါ'

ဟု ပြောလေ၏။



'ကောင်းပြီ… ဆွေမျိုးဉာတိများဆီကို ပြန်ချင်ရင်လည်း ခေတ္တပြန်တာပေါ့၊ ဦးလေး စရိတ်ပေးလိုက်မယ်၊ ပြီးတော့ ပြန်လာ ခဲ့ ဟုတ်လား'

'တော်ပါပြီ ဦးလေးရယ်၊ ကျေးဇူးတင်လှပါပြီ၊ ကျွန်မမှာ ဦးလေးပေးထားတဲ့ ငွေတွေလည်း ရှိပါတယ်၊ လုံလောက်ပါတယ်'

ဟု ပြောလေ၏။

စင်စစ်မှာကား တောသို့ပြန်မည်ဆိုသော စကားမှာ ပရိယာယ်မျှသာ ဖြစ်လေ၏။

၎င်း၏အကြံမှာ အရင်က ဆရာနီတို့နှင့်နေစဉ်က အသိ အကျွမ်းဖြစ်ခဲ့ဖူးသူတစ်ယောက်ထံသွား၍ ခေတ္တနေဖို့ရန် အကြံဖြစ် လေ၏။

သို့ဖြစ်လေရာ ဝတ်လုံတော်ရမင်း အဘယ်မျှပင် ပြော သော်လည်း မရ၊ ဆရာမကြီးကိုယ်တိုင်ကပင်…

'ညည်း သူ့စကားကို နားမထောင်ရင် အင်မတန် ကျေးဇူး မဲ့ရာကျမှာပေါ့'

စသည်ဖြင့် ပြောလေ၏။

သို့သော်လည်း ဝင်းကြည်မှာ ခေါင်းမာမြဲမာ၍နေလေ၏။ ဝတ်လုံတော်ရမင်းကလည်း ဤလိုစိတ်မျိုးကြောင့် ဤလိုဖြစ်တာပဲ ဟု တွေးမိလေ၏။

ထို့နောက် ဝင်းကြည်အား…

'စိတ်ကို မနိုင်ရင်လည်း စဉ်းစားသေးတာပေါ့'

www.burmeseclassic.com

ဟုပြောပြီး ဆရာမကြီးနှင့် စကားအနည်းငယ်ပြော၍ ဝင်းကြည်အတွက် တစ်စုံတစ်ရာမှာကြားပြီး ထွက်၍သွားလေ၏

ထိုညဉ့်၌ ဝင်းကြည်သည် မအိပ်ဘဲနေလေ၏။

မြဒင်သည် မိမိကို လုံးလုံးစွန့်ပစ်လေပြီ၊ မိမိကို ဂရုမစိုက် တော့ဘူး၊ ယောကျ်ားများဟာ အချစ်ဆိုတာကို လုံးလုံးနားမလည် အပျော်အပါးလိုက်စားဖို့ စိတ်တစ်ခုသာ သိကြတာပဲ၊ ငါချစ်သလို ချစ်ရင် ကိုမြဒင်ဟာ အခုလို ငါ့ကို သစ်စိမ်းချိုး ချိုးမှာ မဟုတ် တကား။

ဒီဖြတ်စာဟာ သူ့လက်ရေး မဟုတ်သော်လည်း သ သဘော၊ သူ့အလိုအတိုင်း ဝတ်လုံက ရေးပေးလည်း ဖြတ်စာဖြ မှာပဲ၊ ဝတ်လုံဟာ ကိုမြဒင်၏လက်မှတ်ကို အဘယ်နည်းနှင့် လိမ်ထိုးမှာ မဟုတ်ဘူး။

ကိုမြဒင်ဟာ ဒီဝတ်လုံနဲ့ တစ်ကျိတ်တည်းကျိတ် ငါ့ကို ခွဲထုတ်ဖို့ကြံနေတာ ကြာလှပြီထင်ပါရဲ့၊ ငါထွက် လာတာဟာ သူတို့ဝမ်းသာဖို့ ဖြစ်တာပဲ။

ပစ္စည်းအမြောက်အမြား အမွေခံရတဲ့အလုပ်မှာ ဒီဝတ် ကြီးဟာ အတော်အတန်တော့ ရမှာပဲ၊ ဒီဝတ်လုံလည်း ကော တဲ့လူကြီး မဟုတ်ဘူး၊ ငါက သူ့ကို သဘောရိုးထင်ပြီး ဦးလေး လို အားကိုးရာမှာ သူက ငါ့ကို တစ်မျိုးတစ်မည်ကြံတာ အမှ

ငါ ဒီမှာ ကြာကြာနေရင် ဖြစ်မှာမဟုတ်ဘူး၊ မြေ တော်မည် စသည်ဖြင့် တွေးတောကာ ကမ္ဘာပေါ်၌ ယောကျ်ား



သမျှကို မုန်းထားပြီး ယောကျ်ားဟူသမျှအပေါ်၌ စိတ်နာလျက် ယောကျ်ားမယူတော့ဘူးဟု စိတ်အကြံပြုလိုက်လေ၏။

ဆေးရုံ ဆရာမတစ်ယောက်သာ ဆိတ်ငြိမ်စွာ ထိုင်၍စာ ဖတ်၍နေလေ၏။

ဝင်းကြည်သည် နံဘေး၌ ငြိမ်သက်စွာအိပ်၍နေသော ကလေးကို စိုက်ကာကြည့်ရင်း မျက်ရည်လည်၍လာလေ၏။

ထို့နောက် ငါချစ်သလို မချစ်လို့ ငါ့ကို သစ်စိမ်းချိုးချိုး တဲ့ လူရဲ့သား၊ ငါ့ကို ထွက်မပြေးဘဲ မနေရအောင် တိတ်တဆိတ် ကြံကာ ဆူပူမောင်းမဲတဲ့ ကိုမြဒင်ရဲ့သား။ ငါက သူ့အတွက်ထွက် လာပြီး ဆင်းရဲဒုက္ခအမျိုးမျိုး ခံနေရခိုက်မှာ အပျော်ကြီး ပျော်ပါး နေတဲ့ ကိုမြဒင်ရဲ့သား။

ငါထွက်သွားတဲ့အခါ ဝမ်းသာအားကြီးလို့ စုံစမ်းမေးမြန်း ဖော်မရ။ အငြိမ့်သမတွေ၊ အဆိုအကတွေနဲ့ ပျော်ပါးနေတဲ့ လူယုတ် မာရဲ့သား။

ငါ ဒီဆေးရုံမှာရှိသည်ကို သိလျက်နှင့် လာလို့မှကြည့်ဖော် မရ။ တစ်ခါတည်း ဖြတ်စာရေးတဲ့ လူစိမ်းကားကြီးရဲ့သား။ နင်တို့ သားအဖနှစ်ယောက်စလုံး စိတ်နာပြီ။ ငါ မချစ်တော့ဘူး။ ငါမုန်း ပြီ။ ယောကျ်ားဟူသမျှ ငါမုန်းပြီ။

နင်လည်း ယောကျ်ားအယုတ်မာ ကောင်ကလေး၊ အဖေ တူကလေးဖြစ်မယ့် အကောင်ပဲ။ ငါ နင့်ကို မချစ်ဘူး။ နင့်အဖေ ငါ့ကိုမုန်းသလို နင့်ကိုလည်း ငါမုန်းပြီ။ ငါ နင့်ကို [illegible]တော့

www.burmeseclassic.com

www.burmeseclassic.com



ဘူး။ နင့်ကံနဲ့ နင့်ဘာသာ ဘာဖြစ်ဖြစ် ငါ နင့်ကို ပစ်တော့မယ်

အယုတ်မာမျိုးဟာ ငါ့သွေးမဟုတ်ဘူးဟု တုန်လှုပ်သော အသံနှင့်ပြောရင်း ဒေါထ၍လာကာ နှုတ်ခမ်းများကို ကိုက်လေ၏

ထိုအခိုက်တွင် ကလေး၏ပါးပေါ်သို့ ခြင်ကလေးတ ကောင် လာ၍နားလေ၏။

ဝင်းကြည်သည် ကိုက်၍နေသော ခြင်ကိုကြည့်ကာ ကို လို့သေသေ အမျိုးယုတ်ကလေး၊ အဖေတူကလေး ငါ နင့်ကိုမ ဘူးဟု စိတ်ကိုတင်း၍ထားလေ၏။

ထိုအခိုက်တွင် ကလေးသည် ဖြည်းညင်းစွာ တုန်လှု လေရာ…

'မအေချင်း နှမချင်းမစာ ငါ့သားကို ကိုက်ကြဦး'

ဟုပြောကာ ခြင်ကို လက်ညှိုးနှင့်ဖိကာသတ်ပြီး မျက်ရည် တွေ ဖြိုင်ဖြိုင်ကျလျက် ကလေးအပါး၌လှဲကာ ကလေးကို လ မောင်းနှင့်မထိဘဲ ပွေ့သလိုလုပ်ပြီး ရှိုက်ငင်ကာ ငို၍နေလေ၏

ထို့နောက် တစ်ဖန်ထ၍ ထိုင်ပြန်၏။ တစ်ဖန် ပြန် စဉ်းစားပြန်၏။

မြဒင်နှင့် တွေ့စက ချစ်ခင်စွာ သွားလာလည်ပတ် နေထိုင် စားသောက်ကြပုံတွေကို အကုန်အစင် ပြန်၍ထင်မြင်လေ၏။

သို့ အမျိုးမျိုး ထင်မြင်လေရာ မြဒင်အပေါ်၌ မုန်းစိတ် အဘယ်မျှပင် ပေါ်အောင်ဖော်သော်လည်း မရ။ ကလေးကိုလည်း လျစ်လျူရှုကာ စွန့်ပစ်နိုင်ဖို့မရှိ။ မိမိလည်း ထိုဆေးရုံမှာချည်



မနေနိုင်။ အဘယ်ပုံ လွတ်အောင်ရုန်းရမည်ကို ကြံစည်၍မရနိုင် အောင် ရှိလေသတည်း။

ထိုအခါ သန်းခေါင်ကျော်အချိန် ဖြစ်လေ၏။

နာမည်ကြီးစမှာ ဖြတ်ခဲ့ရသော မိမိအလုပ်ကို ပြန်၍လုပ် ချင်သောစိတ်က လည်ပင်းကို ကြိုးတပ်၍ဆွဲသလို ဆွဲ၍နေလေ၏။

ဝတ်လုံကြီးကို မမြင်ချင်သောစိတ်ကလည်း ဆေးရုံမှ အပြင်သို့ထွက်ရန် တိုက်တွန်း၍နေလေ၏။

သို့ဖြစ်လေရာ မြဒင်အပေါ်မှာ စိတ်နာစရာတွေကို အမျိုး မျိုး ရှာကြံတွေးတောပြန်၏။

သို့ တွေးတောရာ ကလေးအပေါ်၌ မုန်းစိတ်ပေါ်အောင် ကြိုးစားလေ၏။

သို့ ကြိုးစားသော်လည်း စိတ်ကို တင်း၍မရချေ။

သို့ဖြစ်လေရာ ဤသားကလေးတွဲလဲနှင့် သူ့မှာ မပြန်နိုင် စရာ အကြောင်းမရှိ။ သူ့အဖေ၏သားဟာ သူ့အဖေ၏ စည်းစိမ်ကို ခံစားဖို့ အခွင့်ရှိပါလျက် ငါမွေး၍ထားချေက ကလေးကို မတရား သဖြင့် ငါ ဆင်းရဲအောင် ပြုလုပ်ရာရောက်မှာပဲ။

ငါ ဘယ်လိုဆင်းရဲသော်လည်း ငါ့သားကလေး မဆင်းရဲ ရ စသည်ဖြင့် တွေးပြန်လေ၏။

ထိုအခါ စိတ်သည် အတော်ကလေး ခိုင်၍လာလေ၏။

ထိုအခိုက်တွင် ပက်လက်ကုလားထိုင်၌ ဆရာမ အိပ်၍ ပျော်နေလေရာ ၎င်း၏စားပွဲသို့သွားပြီး စာတစ်စောင်ကို ရေးလေ၏

www.burmeseclassic.com

www.burmeseclassic.com



ထိုစာကို ကလေး၏ လက်ဝဲလက်မောင်း၌ စာဥနှင့်တူသော အမှတ်ကလေးပေါ်တွင် အုပ်ကာ အဝတ်စကလေးတစ်ခုနှင့် ချည်၍ပေးလေ၏။

ထို့နောက် နာရီကိုကြည့်လိုက်သောအခါ သုံးနာရီထိုးခါနီးသည်ကို မြင်ရလေ၏။

ဝင်းကြည်သည် ကလေးကို ငုံ့၍နမ်းလေ၏။ မျက်ရည်တွေ ဖြိုင်ဖြိုင်စီးလျက် ဂကလေး၏မျက်နှာကို မျက်ရည်နှင့် ဆွတ်ဖျန်းလေ၏။

ငြိမ်သက်စွာ အိပ်၍နေသော ကလေးကို မျက်ရည်များနှင့် စိုက်ကြည့်လေ၏။

ရင်ဝမှာ လှိုက်ဖိုကာ မချိအောင် ရင်၌နာသဖြင့် ရင်ဘတ်ကို လက်နှင့်ဖိရလေ၏။

အရှုံးပမာ တစ်ကိုယ်တည်းကျိတ်ကာ စိတ်ဖြင့် စကားပြောသည်ကား...

'မေမေ ရက်စက်ရတော့မယ် ကလေးရယ်၊ မေမေ မခွဲရက်နိုင်ပါကလား ကလေးရဲ့၊ မင်း ဘာမှမသိဘူးနော်၊ မေမေ့အသည်းကိုပြတ်သတ်အောင် ဖြဲဆုတ်သလို နာတာကို ကလေးမသိဘူး၊ ကလေးကြီးရင် မေမေ့ကို ရက်စက်ဆိုးဝါး မကောင်းတဲ့မိန်းမကြီးပါတကားလို့ သားကလေး ဆိုတော့မှာပဲ၊

ဆိုသာဆိုကွယ့် သားကလေးရဲ့၊ မေမေ မနာဘူး၊ မင်းက မေမေ့ကိုမသိလို့ မေမေ့ကို စိတ်နာရင် မေမေက စိတ်မဆိုးဘူး။ မင်းမေမေ ကံဆိုးမရဲ့နောက်ကို မင်းလိုက်ရင် သားကလေး ဆင်းရဲမှာမို့ မေမေဖြင့် ထားခဲ့ရတော့မယ်၊

www.burmeseclassic.com



မင်းဖေဖေနဲ့ ကြီးမှတွေ့ရရင် မင်းဖေဖေ မင်းကို တကယ်နှစ်နှစ်ကာကာချစ်မှာ မဟုတ်ဘူး၊ မင်းဖေဖေ မင်းကိုချစ်မှ မင်းချမ်းသာဖို့ရှိတာမို့ မေမေ ပစ်ရတာပါကွယ့်၊ မင်းဖေဖေကို စိတ်နာပေမယ့်လည်း သားကလေးကို မေမေ စိတ်မနာနိုင်ဘူး၊ မေမေ့အပြစ် မေမေ့အပြစ်၊ မင်းဖေဖေကို ချစ်တဲ့အတွက် မေမေပြုမိတဲ့ အပြစ်ကွယ့် သားကလေးရဲ့၊

မင်းတို့သားအဖ ပျော်ပျော်ပါးပါးနေကြရင် မေမေ ပူစရာမရှိ၊ ဘယ်ဒုက္ခကိုမှ မေမေ ကြောက်စရာမရှိဘူး၊ မင်းဖေဖေက မေမေ့ကို မုန်းပေမယ့် မေမေ မမုန်းဘူးလို့ ပြောကွယ့်နော်၊ မင်းဖေဖေကိုလည်း မေမေ ဘာဒုက္ခမှ မပေးတော့ပါဘူး၊

မင်းဖေဖေနဲ့ မေမေနေရင် မင်းဖေဖေ ဆင်းရဲလိမ့်မယ်၊ သားကလေးလည်း ဆင်းရဲမှာပဲ၊ မင်းတို့သားအဖ ချမ်းသာဖို့အတွက် မေမေ လွတ်ရာမှာ နေတော့မယ်၊ မေမေ ကြာကြာနေလို့ မဖြစ်ဘူး၊ မေမေ မခွဲနိုင်ပါကလား'

ဟု ပြောကာ နှုတ်ခမ်းကို သွေးထွက်လုခမန်းကိုက်ကာ အသံမထွက်အောင် ကျိတ်၍ရှိုက်ပြီး ကလေး၏ပါးကလေးနှင့် မိမိပါးကို အတန်ကြာကပ်၍ထားပြီးမှ အသက်ကိုရှိုက်ကာ ရှူသွင်းကာ အံကြိတ်ကာခဲပြီးလျှင် အားယူ၍ထလေ၏။

တုန်လှုပ်သောလက်များနှင့် အနည်းငယ်မျှ ယူစရာ

www.burmeseclassic.com

www.burmeseclassic.com



ဆောင်စရာ ပစ္စည်းအဝတ်အစား၊ ငွေစက္ကူကလေးများကိုယူကာ ကလေးကို မတ်တတ်ရပ်လျက် စက္ကန့်အနည်းငယ် စိုက်၍ကြည့်ပြီးမှ ဟီးချကာညည်းပြီး မျက်နှာကိုလွှဲလိုက်ကာ ခြေဖျားထောက်လျက် ဆေးရုံခန်းမှထွက်ခွာ၍ သွားရှာလေသတည်း။

ဝင်းကြည်သည် ကြီးလေးခက်ခဲသော စွန့်ခြင်းဖြင့် မိမိ၏ ကိုယ်ကို အကြောင်းမဲ့ ညှဉ်းပန်းလေ၏။

တကယ်ဆိုလျှင် ကလေးနှင့် အတူတကွ မခွဲဘဲ မြဒင်ထံမှ စရိတ်ကိုခံယူကာ အေးချမ်းသာယာစွာ နေနိုင်ဖို့ရှိလေ၏။

သို့သော်လည်း အချစ်သည် လွန်စွာထူးဆန်း၏။ နီးခွင့်ကို မရက အဝေးဖြင့် ဖျော်ဖြေတတ်၏။

မြဒင်အပေါ်၌ မုန်းထားစိတ်နာခြင်းမရှိ မိမိသဘောအတိုင်း စွန့်ခဲ့ပြီးနောက် ပြန်၍ကပ်ဖို့ရန် ခက်နေဆဲမှာ မြဒင် မိမိကို အလိုမရှိတော့ပြီဟု သိရခြင်းသည် နုနယ်သောနှလုံးသား၌ သံတိုင်နှင့်တူသော မခံချင်သော မာန်မာနမဏ္ဍိုင်ကြီးကို စိုက်လိုက်သလို ဖြစ်လေ၏။

သို့ဖြစ်လေရာ နှလုံးသားနုနုမှာ သံတိုင်နှင့်တူသော မာန်မာနမဏ္ဍိုင်၏ ဖိခြေခြင်းသည် အဘယ်မျှလောက် ကြီးသည်ကို ဝင်းကြည်မှာ ရုတ်တရက် လက်တလော မသိ။

သားကလေးနှင့် ခွဲခွာရခြင်းသည် ထိုနုနယ်သော နှလုံးသား၌ ကြီးစွာသော အနာ၏ မသိမသာသော အစဖြစ်လေ၏။

စိတ်နှလုံး၏အနာသည် ကိုယ်ခန္ဓာကို အဘယ်ပုံထိခိုက်



ည်ကို ဝင်းကြည် မတွေးမိချေ။

တစ်ညလုံး အိပ်မရဘဲနေပြီးနောက် အေးလှသော ဆောင်းသတွင် သွေးကလေးနုနုနှင့် စွန့်စား၍ထွက်မိသူမှာ စိတ်၌ဖြစ်ပွားသော ပြင်းပြသောဝေဒနာကို ကိုယ်ခန္ဓာ၌ လွှယ်ကူစွာခံယူဖို့ရန် မ်းပြင်၍ပေးသည်နှင့် တူလေသတည်း။

✻ ✻ ✻

www.burmeseclassic.com

www.burmeseclassic.com

## ။အခန်း(၁၀)

✲

မြို့ထဲတွင်ရှိသော မြဒင်၏ကလပ်မှာ စောင်းအငြိမ့်နှင့် ညှော့်ပွဲခံ၍နေလေ၏။

မြဒင်သည် ပက်လက်ကုလားထိုင်၌ထိုင်ကာ ဆေးတံကို ကိုက်လျက် လမ်းဘက်ကို ကြည့်၍နေလေ၏။

မိတ်ဆွေများ ပျော်သလောက် မြဒင်မှာ ငြီးငွေ့၍နေလေ၏။

အဘယ်သို့ပင် ပျော်အောင်ကြိုးစားသော်လည်း အဟုတ်တကယ် မပျော်နိုင်ချေ။

ဝင်းကြည်ထံ ရေးလိုက်သော ဖြတ်စာကိုသာ တွေး၍နေလေ၏။

ကမ္ဘာပေါ်၌ မည်သူ၏ အချစ်နှင့်မျှမတူသော အချစ်ပင်ကို စိုက်ခဲ့ပြီးနောက် ထိုအချစ်ပင်ကို ရက်စက်စွာ ခုတ်ဖြတ်၍ သတ်လိုက်ရသည်နှင့်တူသော ဖြတ်စာသည် အသည်းထဲတွင် နတ်၍မရအောင် ဝင်ရောက်ကိန်းအောင်သော ဆူးကဲ့သို့ ဖြစ်၍နေလေ၏။



ဝင်းကြည်နှင့် တွေ့စဉ်က ထိုကဲ့သို့သော အဖြစ်မျိုးကို ရောက်မည်ဟု အိပ်မက်သော်မျှ မမက်မိခဲ့ချေ။

ဤမျှလောက် နုနယ်လှပ ချစ်ဖွယ် သနားဖွယ်ကောင်းလှသော ရူပါရုံအဆင်းသည် ထိုမျှလောက် ဆိုးယုတ်သောစိတ် တည်ထားသိုမှီးရာ ဖြစ်ရလေခြင်း။

တစ်ခဏ ဆင်းရဲရုံမျှနှင့် ငွေနောက်သို့လိုက်ကာ အချစ်ဆုံးသောလင်ကို စွန့်ပြီး လူမျိုးကွဲကုလားကို မက်နိုင်သည်မှာ သူ့ရုပ်နဲ့စာလိုက်လျှင် မယုံနိုင်အောင် ဖြစ်၍နေပေသည်တကား။

မိန်းမဆိုတာ အင်မတန်မှ ရက်စက်ပါတကား။ အင်မတန်မှ ကြောက်မက်ဖွယ်ကောင်းတဲ့ ဘီလူးမတွေပါတကား။

ငါကတော့ သူ့အတွက် တမင်သက်သက် အဆင်းရဲနဲ့ ဒုက္ခအမျိုးမျိုးကို အောက်ကျနောက်ကျ ခံခဲ့၏။ ငါ ဒုက္ခဆင်းရဲခံနေသမျှအချိန်အတွင်းမှာ အသည်းနှလုံး သည်းပွတ်ကို စားဖို့ကြံတဲ့ ဘီလူးသဘက်မလို သင်း ကြံနေလေသည်တကား။

ဤမျှလောက် ဆိုးဝါးယုတ်မာသူ ဖြစ်ပါလျက် ငါ ဘယ်အတွက် မမေ့နိုင် မဖျောက်နိုင် သင်း၏မျက်နှာကိုသာ ထင်မြင်ပြီး သင်းအကြောင်းကိုသာ တွေးတော၍ နေချင်ရပါသလဲ။

သင်းထိုက်နဲ့ သင်းကံ ဖြစ်လိုရာဖြစ်စေတော့။ ငါ သူ့ကို မတွေးတော့ပါဘူးဟူ၍ စွဲလမ်းသောစိတ်ကို အတိုက်အခံပြုကာ မည်သူမျှမသိရသော အတွင်းစစ်ကို တစ်ကိုယ်တည်းတိုက်၍နေလေ၏။

တီးသံ၊ မှုတ်သံ၊ ဆိုသံတို့ကို ကြားရသူတို့၏စိတ်၌ကား

www.burmeseclassic.com

www.burmeseclassic.com



ဤသူ့ဒွေး ကိုမြဒင်ဟာ အင်မတန်ပျော်တဲ့ လူပါကလားဟု တွေး ထင်ကြမည်ကား အမှန်ဖြစ်လေ၏။

မြဒင်မှာမူကား အတွင်း၌ တိုက်ခိုက်ရသော စစ်၏ ပြင်းထန်သောအဟုန်ကြောင့် သာယာသော ဂီတသံတို့ကိုမျှ မကြားရ၊ သောကအပူကို တီးသံဆိုသံတို့သည် ပျောက်ပျက်အောင် မတတ်နိုင် ရုံမက တိုး၍ပင် နှောင့်ယှက်ကာ ထ၍တောက်အောင် ဆွမြှောက်သလို ဖြစ်ကြလေ၏။

အဖော်များသည်ကား ထိုအခန်းကို ရောက်သည့်အခါ နားအရသာ၊ သွားအရသာတို့ကြောင့် စတုမဟာရာဇ် တာဝတိံသာ နတ်ဘုံကို ရောက်သလို မှတ်ထင်ကြလေ၏။

အကြောင်းမူကား မြဒင်မှာ သူငယ်ချင်းများ ကြိုက်တတ်သော အရာအမျိုးမျိုးကို အသာလင့် အသင့်ရဖို့ရန် ထိုအခန်း၌ အမြဲသိုမှီး၍ထားလေ၏။

မိမိမှာကား ထိုအပျော်အပါးတို့ကို သတိမရ။

မိတ်ဆွေများ၏ ပျော်ရွှင်ခြင်းအရှိန်ဖြင့် သွေ့ခြောက်သော နှလုံးကို စိုပြည်ရုံမျှ သဘောထားခြင်း ဖြစ်လေ၏။

ယခုအခါ၌ကား ထိုအပျော်သံတို့သည် စိတ်နှလုံးကို စိုပြည်အောင် မလုပ်နိုင်၊ ဆိတ်ငြိမ်စွာတွေးပြီး ဆွေးနေသော အရသာ စည်းစိမ်ကို နှောင့်ယှက်ဖျက်ဆီးသည်ဟူ၍သာ အောက်မေ့လေ၏။

မိတ်ဆွေများ၏ အလိုကိုလိုက်၍သာ နေရခြင်းဖြစ်လေသတည်း။



ထိုညနေ၌ မြဒင်၏စိတ်မှာ အခါတိုင်းနှင့် မတူ၊ ထူးခြားသွပ်ရှားခြင်းဖြစ်သည်ကို သိရလေ၏။

လေပြင်းမုန်တိုင်း ကျရောက်မည်နီးသည့်အခါ လေးလံစွာ ဖိစီးသော ငြိမ်သက်ခြင်းတစ်မျိုးကဲ့သို့ ဖြစ်လေ၏။

စိတ်ထဲမှာ များစွာလေးလံ၍ နေလေ၏။

ထိုကဲ့သို့ စိတ်ထဲ၌ မနေသာ မထိုင်သာ လေးလံခြင်းဖြစ်သောကြောင့် ထိုည၌ စောင်းအငြိမ့်ကိုငှားပြီး အဖော်များကိုလည်း နားထောင်ရန် မိမိကိုယ်တိုင်ခေါ်၍ထားခြင်း ဖြစ်လေ၏။

အဖော်များသည်ကား မြဒင်၏အကြောင်းကို သိပြီးသူများ ဖြစ်ကြလေ၏။

မယားနှင့်ကွဲပြီး မအာမကျန်းဖြစ်ပြီးကတည်းက ထိုကဲ့သို့ နေတတ်သည်မှာ ၎င်းတို့နှင့်သိစအခါဝင် ဖြစ်လေ၏။

သို့ဖြစ်၍ ၎င်းတို့မှာ မြဒင် ဤကဲ့သို့နေခြင်းသည် ရိုး၍ နေလေ၏။

ထိုအခိုက်တွင် အခန်းတံခါးပွင့်လာပြီး မိန်းမတစ်ယောက်သည် နောက်ပါအဖော်မိန်းမများနှင့် ရောက်၍လာလေရာ အားလုံး အံ့အားသင့်၍သွားကြလေ၏။

အကြောင်းမူကား ထိုမိန်းမ၏ ရင်ခွင်၌ ပိုက်၍လာသော အရာသည် တီးသံ၊ မှုတ်သံများထက် ပိုမို၍ အသံကျယ်သော အရာ ဖြစ်လေ၏။

တီးသံ၊ ဆိုသံများ ရုတ်တရက်ရပ်ပြီး ကလေးငိုသံကို

www.burmeseclassic.com

www.burmeseclassic.com



အံ့အားသင့်လျက် နားထောင်၍နေကြလေ၏။

မြဒင်လည်း ထိုင်ရာမှ ကပျာကယာ ထလာလေ၏။

'အေး… အေး… အေး… အေး… ငိုလှချည်ရဲ့ ကလေးရယ်၊ သူ့အမေမရှိတာ သိလို့ပဲ'

ဟု ကလေးကိုကြည့်ကာပြောရင်း မိန်းမကြီးများသည် လှုပ်၍ချော့လေ၏။

ထို့နောက် ကုလားထိုင်အလွတ်တစ်ခုပေါ်၌ ထိုင်လေ၏။ အဖော်များကား ရပ်ကာနေကြလေ၏။

မြဒင်က…

'ထိုင်ကြပါ ခင်ဗျာ… ဒီဘက် ကြွပါ၊ ဘာကိစ္စပါလဲ ခင်ဗျာ၊ ကလေး ဘာဖြစ်လို့လဲ'

ဟု မေးရင်း ကုလားထိုင်များကို ဆွဲ၍ပေးလေ၏။

ထိုင်နေသူများလည်း ထ၍လာကြပြီး ကလေးကို ဝိုင်း၍ ကြည့်ကြလေ၏။

'သူဌေးဦးမြဒင်ဆိုတာ ဒီမှာလားရှင်'

ဟု ကလေးချီသော မိန်းမက မေးလေ၏။

'ဟုတ်ကဲ့… ကျွန်တော်ပါပဲ'

ဟု ပြောရင်း ကလေးလက်မောင်း၌ ပတ်၍ထားသော စက္ကူကိုကြည့်ကာ မွေးကင်းစကလေး ကျောက်ထိုးထားသလိုဟု အောက်မေ့ရဲလေ၏။

မိန်းမက…



'ရှင် ဟောဒီ လက်မောင်းက စာကိုပဲ ကြည့်ပါတော့'

ဟု ပြောရာ မြဒင်သည် စာကို မာတ်မီးရောင်အောက်၌ ဖတ်ပြီး ကြက်သေသေ၍နေလေ၏။

အကြောင်းမူကား လက်ရေးကိုမြင်လျှင် မြင်ချင်း သိလေ၏။

ထိုစာမှာ အောက်ပါအတိုင်း ဖြစ်လေ၏။

*ကျွန်မကို ပြုစုကြသည့်အတွက် ကျေးဇူးတင်လို့ မဆုံးနိုင်ပါ။ ကျွန်မမနေ့နေလျှင် ဒီကလေးမှာ ဆင်းရဲဒုက္ခဖြစ်ဖို့သာ ရှိပါသည်။ သူ့အဖေ သူဌေးကိုမြဒင် ဖြစ်ပါသည်။ ကလေးကို သူ့အဖေ လက်ထဲရောက်အောင် ပို့ကြပါ။*

*ကျွန်မကလေး သူ့အဖေဆီရောက်လို့ ချမ်းချမ်းသာသာ နေရရင် ကျွန်မမှာ ဘယ်လိုပင်ဖြစ်ဖြစ် အရေးမကြီးပါ။ ကျွန်မ တစ်ကိုယ်တည်းအတွက် ကျွန်မဝမ်းကို ကျွန်မ ကျောင်းနိုင်ပါသည်။*

*ကြည်*

မြဒင်သည် စာကိုဖတ်ပြီး စကားမပြောနိုင်ဘဲ ပါးစပ်ဟလျက် ကလေးကို စိုက်ကာကြည့်၍နေလေ၏။

ထို့နောက် တုန်လှုပ်သောအသံနှင့်…

'သူရော ဘယ်မှာလဲ ခင်ဗျာ၊ ဟုတ်ပါတယ် ခင်ဗျာ၊ သူ့မျက်နှာပါပဲ၊ သူပါမလာဘူးလား'

'ကျွန်မ ဆရာမပါ၊ ကျွန်မတို့ ဆေးရုံမှာ တစ်လနီးနီး ကြာတယ်၊ အခုတော့…'

www.burmeseclassic.com

www.burmeseclassic.com



မြဒင်သည် ကလေးကိုယူရင်း…

'အခု ဆေးရုံမှာ မရှိဘူးလား'

'သူ့ယောကျ်ားနဲ့…'

'ယောကျ်ားရှိတယ်လို့ ကျွန်မတို့ မကြားဘူး'

'ယောကျ်ားနဲ့လို့ ကြားပါကလား၊ ကုလားတစ်ယော လေ၊ ကျုပ်မျက်စိနဲ့ကို မြင်ရတာပဲ'

'မရှိပါဘူး သူဌေးမင်းရဲ့၊ သူဌေးမင်း ဘယ်မှာမြ သလဲ'

'ဆရာမတို့ ဆေးရုံမှာပဲ၊ ဝတ်လုံတော်ရ ဦးသာဒင်ဖြ မြင်ရတာ'

'မဟုတ်ပါဘူး သူဌေးမင်းရဲ့၊ မှားလို့ပါ၊ဒီကလေးမ ဝတ်လုံတော်ရမင်းနဲ့ ကုလားဆရာဝန်တစ်ယောက် ကျွန်မတို့ဆေး ကို ကားနဲ့ယူလာကြတယ်၊ နှစ်ယောက်စလုံးပဲ အင်မတန် ဂရုစိ ကြပါတယ်၊ ဆရာဝန်လည်း နှစ်ရက်တစ်ခါ၊ သုံးရက်တစ် လာပြီးကြည့်ရှုပါတယ်၊ လင်မယား မဟုတ်ပါဘူး'

'နို့… အခု ဘယ်မှာလဲ သင်း၊ ဒီဝတ်လုံက ဘာဖြ ကျွန်တော့်ကို မဟုတ်တာပြောရတာလဲ'

'ကျွန်မတို့သိသလောက်ဖြင့် အားကိုးရာမရှိလို့ ခေါ်လာ ကြတာပဲ၊ လမ်းမှာ လဲနေတာတွေ့ခဲ့ကြတယ်လို့ ပြောတာပဲ'

'ဟင်… အို… ခက်လိုက်ပါဘိတော့တယ်၊ ဘယ်လိုဖြ ရတာတုံး၊ ဒီဝတ်လုံဟာ ဘယ့်နှယ်ဟာပါလိမ့်မလဲ၊ ကျုပ်



ဘာဖြစ်လို့ မဟုတ်တာတွေ ပြောတာတုံး၊ ကျုပ်မိန်းမပါ ဆရာမ ရယ်၊ အခု ဘယ်မှာနေသတဲ့တုံး'

'သြော်… ဝင်းကြည်… ဝင်းကြည်… အောင်မယ် လေး… ကျွန်တော် သေလိမ့်မယ်၊ ယူကြပါဦးဗျာ ဒီကလေးကို၊ ကျွန်တော် ဘယ့်နှယ်လုပ်ရပါ့မလဲ'

'အောင်မယ်လေး… ဝင်းရဲ့ အမိုက်မရဲ့၊ ဘာဖြစ်လို့ ဒီလိုဖြစ်ရတာလဲ၊ ဘယ်သူနှင်လို့ သင်း သွားရတာတုံး၊ ကျွန်တော် ဘာမှမသိရပါဘူး၊ ကျွန်တော်မရှိခိုက်မှာ ထွက်သွားတယ်၊ ဘာ အကြောင်းမှလည်း မသိရဘူး၊ အခု လမ်းမှာလဲနေလို့တဲ့၊ ကြား ကောင်းကြသေးရဲ့လား ခင်ဗျာ၊

ကြံကြပါဦး… ကျွန်တော့်မိန်းမပါခင်ဗျာ၊ အောင်မယ် လေး… ကျွန်တော် ပူလှချည်ရဲ့၊ ကျွန်တော် သေလိမ့်မယ်ထင် တယ်၊ ဆရာမရယ်… ကျွန်တော် မချိဘူး'

စသည်ဖြင့် သူရူးပမာ မျက်ရည်တွေကို ချုပ်ရမှန်းမသိ၊ ရှက်ကြောက်ရမှာကိုလည်း သတိမရ၊ အရူးပမာ ချာချာလည်လျက် ကလေးကို ဆရာမအားပေးပြီး တစ်ဖန် ပြန်၍ယူကာ တောင်ပြေး တော့မလို လဲတော့မလို သွေးရူးသွေးတန်းဖြစ်လျက် ကလေးကို ရင်မှာပိုက်ပြီး ကတိုက်ကရိုက် တိုက်ပေါ်က ဆင်းပြေးတော့မလို တံခါးသို့သွားလေရာ ဝိုင်း၍ဆွဲကြပြီး ကလေးကို ယူကြရလေ၏။

ဝိုင်း၍ အားပေးကြ၏။ အားပေးသူများ ကိုယ်တိုင် အား မရ၊ ယောင်ယမ်းကာ စုတ်သပ်မိကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



တီးတိုးစကား သနားကရုဏာသံနှင့် ပြောကြလေ၏။

ဆရာမနှင့် အဖော်မိန်းမများသည် ပူဆွေးသောမျက်နှာနှင့် မြဒင်ကို ဝိုင်း၍အားပေးကြလေ၏။

အဖော်မိန်းမများက ဆရာမ အလွတ်မဲ့ အရမ်းပြော မလားဟု တီးတိုးအပြစ်တင်ကြလေ၏။

မြဒင်သည်ကား ရင်ကို လက်တစ်ဖက်နှင့်ဖိကာ လက် တစ်ဖက်နှင့် ဆံပင်ကိုဆုပ်ကိုင်ကာ အရက်မူးသလို၊ နတ်ပူးသလို ယိမ်းယိုင်လှုပ်ရှားကာ...

'အောင်မယ်လေး... ဝင်းရယ်၊ ဝင်းရဲ့၊ လုပ်ရက်လေ တာများကွယ်၊ အခု ကောင်းသေးရဲ့လား'

ဟု အံကြိတ်ကာ ရင်ကိုထုကာ တုန်တုန်ယင်ယင်နှ ပြောပြီး တိုက်နံရံကို ဦးခေါင်းနှင့်ဆောင့်ကာ လှိုက်လှိုက်လှဲ အသည်းမှာ တောက်လောင်သလောက် တောက်ခေါက်ကာ ညည ရှာလေသတည်း။

ထို့နောက် တိုက်နံရံမှခွာကာ ကလေးကို ယူမည်ပြုလေ၏

ဆရာမက ကလေးကိုမပေးဘဲ...

'သတိထားပါ သူဌေးမင်း၊ ဒီလောက်တောင် မပူပါနဲ့ ကျွန်မတို့ ရှာပါဦးမယ်၊ တွေ့ရပါစေမယ် စိတ်ချပါ'

ဟု ပြောလေ၏။

မြဒင်သည်ကား ပြောသောစကားကို မကြားနိုင်။ စိတ် သံကြီးနှင့်ညည်းကာ နောက်သို့လှဲပြီး ခေါသနှင့် အံကြိတ်ကာ

'ဒီဝတ်လုံဟာ ငါ့ကို ဘာပြုလို့ မဟုတ်တာတွေ ပြောရ တုံး၊ ဟင်း... သွား... အခု ဒီကောင်ကြီးကို သွားခေါ်၊ ခု မြန်မြန်ခေါ်ခဲ့၊ ဒီသတ္တဝါကြီးကို ငါ...'

ဟု ပြောပြီး ဟော့... ဒရိုင်ဘာဟုခေါ်ကာ လှေကားကို င်းမည်ပြုလေ၏။

မိတ်ဆွေများက ဝိုင်း၍ဆွဲထားပြီး...

'စဉ်းစားပါဦး ကိုမြဒင်၊ သတိလည်း ထားမှပေါ့ဗျာ၊ ပါဦးလေ... အကြောင်းတစ်ခု ရှိပါလိမ့်မယ်၊ ကျုပ်တို့လည်း ပါမယ်၊ စဉ်းစဉ်းစားစား လုပ်မှပေါ့ဗျာ'

စသည်ဖြင့် ဝိုင်း၍ပြောကြလေ၏။

'ဦးသာဒင်ကို တွေ့ရမယ် မဟုတ်ဘူး၊ သူလည်း ဆေးရုံ လာပြီးထွက်သွားကြောင်းကြားတော့ မှန်သွားရှာတာပဲ၊ ကလေးမ လိုက်ရှာမယ်လို့ ပြောသွားတယ်၊ တွေ့ပါစေ ဆုတောင်းရတာ တွေ့ရင် လာပါလိမ့်မယ်'

'အစတည်းက မဟုတ်တာတွေပြောတဲ့ သတ္တဝါကြီးပါ ရမရယ်၊ တွေ့ရင် လာပြောမှာ မဟုတ်ပါဘူး၊ ကျွန်တော်က တို လူကောင်းမှတ်လို့ အသုံးပြုနေတာပါ၊ အခုမှ ကိုယ်ကျိုးကြီး င်းတာပါပဲ'

'ဒီလိုလည်း မပြောနဲ့ဦးလေ၊ ကိုမြဒင် သတိထားမှပေါ့ သာဒင်ဟာ လူကောင်းကြီးနော်၊ အပြစ်တင် မစောနဲ့ဦးလေ၊ င်နည်းစောင့်ကြည့်ပါဦး၊ ရှေ့နေဆိုတာ ကျုပ်တို့လို မဟုတ်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



အကြံဉာဏ် အမြဲသုံးနေတာ'

ဟု မိတ်ဆွေတစ်ယောက်က ပြောလေ၏။

'သိပ်ခက်တာပဲဗျာ၊ တွေးရမှာ သိပ်ကျပ်တာပါပဲ၊ ဘာပြုလို့ ရိုးရိုးမပြောတာတဲ့လဲ၊ ဘာပြုလို့ သူ့မှာ လင်နဲ့လို့ ပြောရသလဲ၊ ပြီးတော့ ကုလားတဲ့ဗျာ၊ ကျွန်တော့်မိန်းမ ဒီလောက်ယုတ်ညံ့တဲ့အစား မဟုတ်ပါဘူး၊ ကျွန်တော့်မိန်းမကို တလွဲထင်မိတယ်ဗျာ၊ အသည်းနာလှချည်ရဲ့ ဆရာမရယ်၊

ကျွန်တော့်မိန်းမ သူတော်ကောင်းပါ ဆရာမရဲ့၊ ကျွန်တော် အထင်လွဲပြီး သူတိုက်တွန်းတာနဲ့ ဖြတ်စာတစ်စောင်တောင် ရေးလိုက်မိတယ် ဆရာမရဲ့၊ နာတယ် ဆရာမရယ်၊ ရင်ထဲမှာ ဘယ်လိုနာမှန်း မသိဘူး'

ဟု စိတ်လျှော့သော ငြိမ်သက်ခြင်းမျိုးနှင့် စိတ်ကိုချုပ်ကာ ပြောလေ၏။

'ဘယ်လိုဖြစ်ပြီး ဆေးရုံကို ရောက်လာတာလဲ ဆရာမရဲ့'

'တခြား မဟုတ်ပါဘူး၊ အချိန်စေ့လို့ ရောက်လာတာပဲ'

'ဘယ်နေရာ ဘယ်လိုဖြစ်တယ်လို့ ဘာမှ ဆရာမတို့ကို မပြောပြဘူးလား'

'မေးလို့မရဘူး၊ သူ့ငွေမင်းမိန်းမလို ထူးဆန်းတာ တစ်ခါမှ မတွေ့ခဲ့ရဘူး'

'အဲဒါ ခက်တာပဲ၊ နို့... ဘယ်ကိုသွားမယ်လို့ရော မပြောဖူးဘူးလား'



'သူ့ရပ်ရွာကို ပြန်ချင်တယ်လို့တော့ တစ်နေ့က ပြောသွားပဲ၊ ဝတ်လုံတော်ရမင်း သူ့ရွာကိုများသိလို့ လိုက်လေသလား မသိဘူး'

'ရွာကိုပြန်မှာ မဟုတ်ပါဘူး၊ ဆင်းဆင်းရဲရဲ စုတ်စုတ်ပြတ်ပြတ်နဲ့ ရွာကိုပြန်မှာ မဟုတ်ဘူး၊ ဒီမြို့ထဲမှာ ရှိမှာပဲ၊ သို့သော်လည်း ပြန်လိုပြန်ငြား ကိုဘဝင်း ခင်ဗျား မိရာသဘော်နဲ့ ဒေါင့်ကြီးကို လိုက်စမ်းပါ ခင်ဗျာ၊ ကျွန်တော် မြို့ထဲမှာ ရှာပါရစေ'

ဟု ပြောပြီး ဆရာမဘက်သို့လှည့်ကာ လက်ကိုဆန့်လျှက်...

'ကျွန်တော့်ကလေး ဆရာမရယ်'

ဟု ပြောလေ၏။

ကလေးကို ပိုက်ထွေးယုယကာ...

'သူ့အမေနဲ့ တူလိုက်တာ ဆရာမရယ်၊ ဩော်... ဒုက္ခ... ဒုက္ခ... ဘာမှမသိရှာဘူး ကလေးရယ်၊ မင်းမေမေ အင်မတန်မိုက်တာပဲကွယ့် ကလေးရဲ့'

ဟု ကလေး၏ ညင်သာသော ဆံပင်မွေးညင်းကလေးများကို ကိုင်ကာပြောပြီး အဖော်များကိုကြည့်ကာ...

'မကြံတတ်ကြတော့ဘူးလား၊ ကျုပ်ကို ကြည့်နေကြတော့မှာလား'

စသည်ဖြင့် ပြောလေ၏။

'ငါတို့ ရှိသမျှအကုန် လျှောက်တိုင်မယ်ဗျာ၊ လာ...

www.burmeseclassic.com

www.burmeseclassic.com



အခု သွားမယ်၊ သူ့ဓာတ်ပုံ မရှိဘူးလား'

ဟု တစ်ယောက်က ပြောလေ၏။

ဆရာမသည် နံရံ၌ချိတ်ထားသော ဓာတ်ပုံကို ဆွဲကြည့်ပြီး…

'ဟုတ်ပါတယ်… ဟုတ်ပါတယ်… ဒီပုံက ကျွန်းမာလတ်ဆတ်တုန်းက ရိုက်ထားတာမို့ နည်းနည်းကလေး…'

ဟု ပြောရင်း ဓာတ်ပုံကို ဆက်ကာကြည့်လေ၏။

'ဒီဓာတ်ပုံကို ဘလောက်တိုက်မှာအပ်ပြီး ဘလောက်တွေလုပ်ပြီး သတင်းစာတိုက်ရှိသမျှ လိုက်အပ်ကြော်ငြာ၊ ရပ်ကွက်ရှိသမျှ ကားနဲ့လိုက်ရှာ မေးမြန်းစုံစမ်းဖို့ ရှိတာပဲ၊ သင်း ဘယ်မှာပုန်းမလဲ၊ မြေလှန်ရှာမယ်၊ ကိုင်း… လာကြ… သွားမယ်၊ ကိုမြဒင်ဘယ်မှမသွားနဲ့၊ ကိုရွှေ မလိုက်နဲ့၊ ဒီမှာ နေရစ်၊ ခင်ဗျားလူဘယ်မှမသွားစေနဲ့၊ ကျုပ်တို့ စိတ်မချနိုင်ဘူး'

'ဆရာမ ပြန်ရင် ကျုပ်တို့ကားနဲ့ လိုက်ပို့လိုက်မယ်'

ဟု တစ်ယောက်က ပြောလေ၏။

ဆရာမက…

'ဟုတ်ကဲ့ သူဌေးမင်း၊ ကျွန်မတို့လည်း ကိစ္စရှိသေးတယ်၊ သူဌေးမင်း ဘယ်အခါမဆို အကြောင်းရှိရင် ခေါ်ပါ၊ ကျွန်မတို့သွားလိုက်ပါဦးမယ်'

ဟု ပြောပြီး သွားတော့မည်ပြုကြလေ၏။

မြဒင်က…



'နေပါဦး ဆရာမရယ်၊ ကျွန်တော့်မိန်းမကို ပြုစုရတဲ့အတွက်…'

ဟု ပြောပြီး အင်္ကျီအိတ်ထဲက သားရေအိတ်ကို ထုတ်ကာ ငွေစက္ကူများကို ထုတ်၍ပေးလေ၏။

'သြော်… ကိစ္စမရှိပါဘူး၊ ကျွန်မတို့အလုပ်က ကုသိုလ်တော်ဖြစ်ပါ'

ဟု ပြောဆိုငြင်းပယ်လေရာ မြဒင်က အတင်းပေးသဖြင့် ယူရပြီးနောက် အားလုံး နှုတ်ဆက်၍ ဆင်းသွားကြလေ၏။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၁)

ဝင်းကြည်သည်ကား အလုံရပ်ရှိ ဆေးရုံမှထွက်၍ အရှေ့ဘက်လျှောက်လာရာ လန်ချားတစ်စီးကို တွေ့လေ၏။

ထိုအခါ သုံးနာရီကျော်ခန့် ရှိလေရာ အိပ်သော ရန်ကုန်မြို့သည် မကြာမီ နိုးတော့မည်ကို သိရသဖြင့် ကြောက်ရမှန်းမသိ၊ ဆရာနီတို့နှင့်နေစဉ်က သိဖူးသော အိမ်နီးချင်းတစ်ယောက်၏အိမ်ကို သွားမည်ဟု ကြံရွယ်ကာ လန်ချားနှင့် အရှေ့ဘက်သို့ ထွက်၍ သွားလေ၏။

လမ်းမတော်ဘက်သို့ ရောက်သောအခါ တစ်ခုသော လမ်းထဲမှ လန်ချားနှစ်စီး ထွက်၍လာလေ၏။

ထိုလန်ချားကို ကြည့်လိုက်သောအခါ ဝင်းကြည် အံ့အားသင့်၍နေလေ၏။

ထို့နောက် 'မအုန်းစိန်… မအုန်းစိန်' ဟု ခေါ်လေရာ လန်ချားနှစ်စီး ရပ်၍နေကြလေ၏။



ဝင်းကြည်၏ လန်ချားသည် ၎င်းလန်ချားနှစ်စီးအနား ရောက်၍သွားလေ၏။

အုန်းစိန်သည် ဝင်းကြည်ကိုမြင်လျှင် မြင်ချင်း လန်ချားပေါ်က ဆင်းလေ၏။ ဝင်းကြည်လည်း ဆင်းလေ၏။

အုန်းစိန်သည် ဝင်းကြည်ကို ထူးခြားသောနည်းဖြင့် ကြည့်ကာ မသင်္ကာသော အမူအရာနှင့်…

'ညည်း ဘယ်ကလာတာလဲဟင်၊ ဖိုးရိုးဖားရားနဲ့ ဘာဖြစ်တာလဲ'

ဟု အပြစ်တင်သလို အမူအရာနှင့် မေးလေ၏။

ဝင်းကြည်သည် အဖြစ်အပျက်ကို တိုတိုတုတ်တုတ်ပြောပြီး…

'ညည်းတို့ ဘယ်သွားကြမလို့လဲ'

ဟု မေးလေ၏။

'ငါတို့ သဘော်ဆိပ်ကို သွားမလို့၊ မန္တလေးကို ဘုရားဖူးသွားမလို့၊ ကိစ္စကလည်း ရှိလို့၊ ဖြစ်မှဖြစ်ရလေ ကောင်းမရယ်၊ အချိန်မတော်အေ… မတော်တဆများ တစ်ခုခုဖြစ်ရင် ဒုက္ခပဲ၊ ခရီးသွားမယ့်ဆဲဆဲ ငါ စိတ်မချနိုင်ပါကလား ကောင်မရယ်၊ ဘယ့်နှယ်များ လုပ်ရပါ့မတုံး'

ဝင်းကြည်သည်, မိမိ၏ သူငယ်ချင်းဟောင်းကို မြင်ရသောအခါ မခွဲချင်ဘဲနေလေ၏။

အတည်မကျသော စိတ်သည် ကြံရာလိုက်ချင်တာတ်လေ

www.burmeseclassic.com

www.burmeseclassic.com



ရာ မန္တလေးကို လိုက်သွားရရင် စိတ်ပြေလက်ပြေဆိုသလို ကောင်း မှာပဲဟု တွေးပြီး…

'ငါ့မှာ ငွေတစ်ရာကျော်ကျော်လောက်တော့ ရှိတယ် ကောင်မရဲ့၊ ငါရော မလိုက်ရဘူးလား'

'အင်မတန် ကောင်းတာပေါ့အေ၊ အခန့်သင့်လိုက်တာ ချိန်းထားသလိုပဲ၊ ငါ ညည်းကိုရှာတယ်အေ့၊ ဘယ်မှာမှ မေးလို့ မရဘူး၊ ဝမ်းသာလိုက်တာ ကောင်မရယ်၊ လာ… ကိုင်း… သွားကြစို့၊ ပျော်စရာကြီးပေါ့အေ၊ ငါ ဘယ်လို ဝမ်းသာမှန်းမသိ ဘူး'

ဟု အုန်းစိန်ကပြောပြီး လှန်ချားပေါ်သို့ တက်ကြပြီးလျှင် သင်္ဘောဆိပ်သို့ သွားကြလေ၏။

ဝင်းကြည်၏စိတ်သည် လေထဲတွင် လွင့်ပါသလိုနေလေ ၏။ ရန်ကုန်မြို့နှင့် ဝေးပါစေဟူ၍သာ အောက်မေ့လေ၏။

မိမိချစ်သော လင်ယောကျ်ားသည် မိမိကို မုန်း၏။ မိ ဟု မုန်း၍စွန့်သော ယောကျ်ားနေသည့်မြို့သည် မသာယာသော မြို့ ဖြစ်၏။

ကမ္ဘာပေါ်တွင် ဤရန်ကုန်မြို့ထက် မသာမယာ ဆိုးဝါး သောမြို့မရှိနိုင်ဟု ဝင်းကြည်၏စိတ်၌ အောက်မေ့လေ၏။

မိမိ၏ အားကိုးရာဖြစ်သော ဝတ်လုံကြီးကဲ့သို့သော လူ တစ်ယောက်လုံးမှာပင် မကောင်းတဲ့ စိတ်အကြံတွေဝင်၍ နေလေ ရာ ထိုမြို့နှင့် ထိုမြို့သားတို့ထက် မုန်းစရာကောင်းသောနေရာ



အဘယ်မှာရှိပါမည်နည်းဟု ဝင်းကြည် တွေးတောကာ ရန်ကုန်မြို့ ကို စက်ဆုပ်မုန်းထားလေ၏။

သို့ဖြစ်၍ သင်္ဘောခရီးအစမှာ လွန်စွာပျော်ရွှင်လေ၏။

လွတ်ပြီကျွတ်ပြီ။ ငါထင်သလို နေနိုင်ပြီ။

မန္တလေးမှာ သဘင်ဆရာကောင်းကြီးများထံ နည်းခံမည်။

စိန်မြကြည်ကို အဘယ်သူ မကူမညီ ငြင်းပါမည်နည်း စသည်ဖြင့် တွေးတောကာ အားတက်လေ၏။

လောက၌ သုခသည်လည်းကောင်း၊ ဒုက္ခသည်လည်း ကောင်း တွေ့စမှာသာ ထင်ရှားသိလာ၏။

အတန်ငယ်ကြာလျှင် ရိုးတတ်လေရာ ပြောင်းလဲခြင်း အစ၌သာ အဟုတ်တကယ် ခံစားရလေ၏။

သင်္ဘောခရီးမှာ သုံး၊ လေးရက်ကြာသောအခါ သာယာ သော တောတောင်ဆိပ်ကမ်းတွေကို မြင်ရခြင်း၌ အဖော်များနှင့် ပြောဆိုရယ်မောကာ ပျော်သည်ထက် တစ်ကိုယ်တည်း တော တောင်ကမ်းခြေတို့ကို ရှုမျှော်လျက် ငေးပြီး တစ်ကိုယ်ထီးတည်းဖြင့် ပျော်စပြုလေ၏။

သို့ ပျော်စပြုရာတွင် လွန်ပြီးသော အဖြစ်အပျက်တွေကို ထင်စမြင်စပြုလေ၏။

ထိုအခါ မုန်းသည်ဟု မှတ်ထင်ခဲ့သော မျက်နှာသည် တစ္ဆေခြောက်သလို အားလုံးသော အထင်အမြင်တို့တွင် အထင်ပေါ် ဆုံး ဖြစ်၍လာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မြဒင်နှင့် တွေ့စအခါက ကုန်းလမ်း၊ ရေလမ်းဖြင့် လည်ပတ်သွားလာကြသည်များ၏ သဏ္ဌာန်သည် လတ်ဆတ်စွာ ပေါ်၍လာလေ၏။

ထိုအခါ မြဒင်အပေါ်၌ တကယ်မမုန်းနိုင်၊ တကယ်မနာနိုင်ကြောင်းကို သေချာစွာ သိရလေ၏။

ရင်ခွင်မှ ပူနွေးစွာ ဖယ်ချွတ်ခွာခဲ့သော သားကလေး၏ မျက်နှာကွက်ကွက်ကလေးကို ပြန်၍တွေးမိ၏။

သူ့အဖေဆီကိုမှ ရောက်ပါ့မလား။ ဝတ်လုံကြီးက တစ်မျိုးတစ်မည်လုပ်ကာ တော်ရာ မထင်မရှား ထားလေမလား၊ ငါ့သားကလေးမှာ ကြမ်းပိုးတွေ၊ ခြင်တွေနဲ့ နေရှာလေမလား စသည်ဖြင့် တွေးစပြုလေ၏။

ထိုအခါ မိမိထွက်လာခဲ့သည်ကို နောင်တရလေ၏။

အဖော်များအတွက် လွန်စွာပျော်စရာကောင်းသော ခရီးသည် မိမိအတွက် ငြီးငွေ့ဖွယ်ရာ ဖြစ်လေ၏။

မန္တလေးသို့ ရောက်သောအခါ ရန်ကုန်မြို့သို့ ချက်ချင်းပြန်ချင်လေ၏။ အဖော်များကိုလည်း မပြောဝံ့။

မန္တလေးမြို့၌ နေသမျှ ရက်အနည်းငယ်မှာ ငရဲလိုဖြစ်နေသောကြောင့် အဘယ်မည်သော သဘင်ပညာသည် ဆရာကောင်းများဆီကိုမျှ ဆည်းကပ်ရန် မရောက်။ ပျော်ရွှင်စွာ လည်ပတ်သွားလာသော အဖော်များ၏နောက်သို့ စိတ်မပါဘဲလျက် တကောက်ကောက်လိုက်လေ၏။



ဝင်းကြည်မှာ မာန်မာနတွေ အကုန်ကျစပြုလေ၏။

ပျော်ရွှင်သော သားအမိ၊ သားအဖ စုံတွဲများ မြင်သည့်အခါတိုင်း…

'ငါ အရင်က မမိုက်မိရင် ကိုမြဒင်နဲ့အတူ သားကလေးကို တစ်လှည့်စီချီပြီး အခုလို ပျော်ပျော်ပါးပါး လည်ပတ်သွားလာနေရမှာပဲ၊ ဩော်… ဒီလိုလည်း ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင်ရှိမှာမဟုတ်ပါဘူး ထင်ပါရဲ့၊ သူက ငါ့ကို သွားစေချင်နေတာပါပဲလေ'

ဟု ဝမ်းနည်းစွာတွေးပြီး မျက်ရည်များ လည်လေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၂)

မန္တလေးမြို့၌ တနင်္ဂနွေ နှစ်ပတ်လောက်ကြာ၍ ပြန်ကြသောအခါ ရန်ကုန်ဘူတာကြီးသို့ရောက်လျှင် အဘယ်ကို သွားရမည် မကြံတတ်ရှိလေ၏။

သားကလေးကို တွေ့ချင်သော်လည်း ဆေးရုံကို သွား၍ စုံစမ်းမှသာ သိရဖို့ရှိလေရာ တိတ်တဆိတ် ထွက်၍ပြေးခဲ့မိသောကြောင့် ဆေးရုံကိုလည်း မသွားဝံ့ဘဲ နေလေ၏။

မြဒင်နှင့် တွေ့ဖို့ရန်မှာလည်း ဝတ်လုံကို ရှေးဦးစွာတွေ့ဖို့လိုလေရာ ဝတ်လုံကိုလည်း မတွေ့ချင်၊ တွေ့ချင်လည်း အဘယ်မှာ ရှာရမည် မသိ၊ လက်ထဲ၌လည်း ငွေများစွာ မရှိ။ အုန်းစိန်ကို ချေးမိသဖြင့် မကြံတတ် မစည်တတ် ဖြစ်၍နေလေ၏။

အုန်းစိန်ကို ချေးမိသောငွေမှာလည်း အုန်းစိန်နှင့် တောသို့ ပြန်လိုက်မှ တဖြည်းဖြည်း ပြန်ရဖို့ရှိလေ၏။

သို့ဖြစ်လေရာ အုန်းစိန်ကလည်း မိမိနှင့်လိုက်ပါရန် အတန်တန်တိုက်တွန်းသောကြောင့် တောသို့ လိုက်ပါ၍သွားရလေ၏။



ထိုအခါ ဝင်းကြည်မှာ သွေးနုနုမှာ ခရီးသွားလာလျက် ရေမြေအပြောင်းအလဲများသောကြောင့် တစ်ကြောင်း၊ လင်နှင့်သားအတွက် မီးရတက် မရပ်မနား အစားအအိပ်မပျက်အောင် တွေးတောတမ်းတ၊ လွမ်းလျှဆွေးမှု နှလုံးသွေးဆူလှသောကြောင့် တစ်ကြောင်း စိတ်ထောင်းကိုယ်ကြေလျက် နေမကောင်း ထိုင်မသာ သွားရင်းလာရင်း အစားအသောက်ပျက်စပြုလေရာ မတော်တဆ ဆွေမျိုးအသိမရှိတဲ့ ရန်ကုန်မှာ ခိုကိုးရာမဲ့လျက် မကျန်းမမာဖြစ်ရချေက ဒုက္ခကြီးတွေ့တော့မည်ဟု ဆင်ခြင်ကာ တောသို့လိုက်ပါ၍ သွားပြန်လေသတည်း။

တောသို့ရောက်ပြီးနောက် မကြာမီ အုန်းစိန်မှာ ဝင်းကြည်ထံမှ ခေတ္တချေးယူသော ငွေများနှင့် မကျန်းမမာသော ဝင်းကြည်၏ ကြည့်ရှုပြုစုရလေရာ အတော်ကလေး ကျန်းမာသောအခါ ငွေကြေးမရှိ လုံးလုံးကြီး လက်မဲ့ဖြစ်၍ နေရှာလေတော့သတည်း။

ဝင်းကြည်သည် မိမိကိုယ်ကိုယ် အလွန်ဝေးလံသော တောခေါင်တောဖျားသို့ ရောက်၍နေသည်ဟု အောက်မေ့လေ၏။

မုန်းထားစွန့်ပစ်ခဲ့သော ရန်ကုန်မြို့ကို ပြန်၍တမ်းတကာ မြစ်ကမ်း၌ ဆိုက်၍ထားသော လှေဟောင်းကြီးတစ်စင်းပေါ်၌ ရပ်ကာ...

ရန်ကုန်မြို့ဟာ ဟောဟိုဘက်မှာရှိမှာပဲ။ ငါ့သားကလေး ဘယ်လိုများ နေပါလိမ့်မလဲ။ သူ့အဖေနဲ့လား၊ ကိုမြဒင် ဘယ်မိန်းမနဲ့ညားပြီး ဘယ်လိုများ ပျော်နေပါလိမ့်မလဲ။

www.burmeseclassic.com

www.burmeseclassic.com



အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်တာလို ငါဟာ သူ့ကိုညှာပြီး ထွက်ခွာ၍လာမိရာ အခုတကယ်ဖြစ်၍နေလေပြီ။

ဒီဘဝမှာဖြင့် ပြန်လို့တွေ့ကြဖို့ မရှိတော့ပါကလား။ ငါက သူ့ကို ညှာထွက်ခဲ့တယ်။ သူက ငါ့ကို တကယ်စွန့်ပစ်တယ်။

သြော်… ယောကျ်ားဆိုတာ မိန်းမများကို တကယ် ကြင်နာ တကယ်ချစ်တာ မဟုတ်ကြလို့သာ အခုလို နေနိုင်ကြတာ ပါပဲ။

တကယ်ဆိုရင် အခုလို သူနေနိုင်ဖို့ မရှိဘူး။ သူ့အပြစ် မဟုတ်ပါကလားလေ။ ငါ့အပြစ်၊ ငါမိုက်လို့ ဖြစ်တာ စသည်ဖြင့် တွေးတောထင်မြင်ရှာလေ၏။

သို့ ထင်မြင်ရာတွင် ကလေးကို တွေးပြန်လေရာ ရင်ဝမှာ ဟာလာဟင်းလင်း ဖြစ်သလိုနေလေ၏။

ငါ့သားကလေး အခုအနေ တော်တော်ကလေး ကြီးပြီ၊ တပွေ့တပိုက်ကြီးနေမှာပဲ။

ညကျလို့ငိုရင် ယောကျ်ားဆိုတာ အမေလို စိတ်ရှည်ပါ့ မလား။ ငါ့သားကလေးကို ကြိမ်းမောင်းငေါက်ငမ်း ထုရိုက်၍များ နေမလား။ တခြား အထိန်းငှားရင်လည်း ရက်စက်မှာပဲ။

သူ့အဖေဆီ မရောက်လို့ တစ်နေရာရာမှာနေရရင် သာပြီး ဆင်းရဲမှာပဲ။ ကလေးအမိုက်မို့ ထားသလို နေရမှာပါကလား။ ငါ့သားကလေးကို ငါယူလာခဲ့ရရင် တော်သေးသား။

'မေမေ့သားကလေးရဲ့… မေမေ အောက်မေ့လှချည်



ကွယ်၊ မေမေ တွေ့ချင်လှချည်ရဲ့။ အဆောပြေကလေးမှ သားကလေး ကို မေမေပွေ့ရရင် မေမေ အားရှိမှာပဲ၊ မေဇမ မှားလေခြင်း။

သြော်… အမိုက်မ၊ နှင် မစဉ်းမစား ထင်ရာတွေလုပ်ပြီး အခုမှ ပူရသလား'

စသည်ဖြင့် မချိသော အမူအရာနှင့် နှုတ်ခမ်းကိုကိုက်ကာ အံကြိတ်ကာ ရင်ဝကိုနှိပ်ပြီး မျက်ရည်ကို ဒူးနှင့်သုတ်ရရှာလေ သတည်း။

ထို့နောက် မျက်ရည်တွေဝေဝေနှင့် ဧရာဝတီမြစ်ရေကို ဖြတ်သန်းကာ ရှုမျှော်လိုက်ရာ တစ်ဖက်၌ ပြာမှိုင်းသောကောင်းကင် အောက်ရှိ စိမ်းစိုသော ကိုင်းတောကြီးများနှင့် မိမိကို ရပ်ကာကြည့် ၍နေသည်နှင့်တူသော ညိုပြာသော သစ်ပင်များကို မြင်ရလေ၏။

ထိုအခါသည်ကား တပို့တွဲလအခါ ဖြစ်လေ၏။

အနီးအနားရှိ မြစ်ကမ်းအနီးတွင် ပေါက်၍နေသော ပေါက် ပင်တစ်ပင်၏အထက် ကြက်တူရွေးနှင့် ဆက်ရက် အသံသာသည့် ငှက်တို့သည် မွန်းလွဲနေရောင်တွင် တောက်လောင်လျက်ရှိသော ပေါက်ပန်းတို့နှင့် ရောယှက်ကာ ဆူညံပျော်ပါး၍နေကြလေ့ရာ ဆွေးမြည့်သူ့နှလုံးကို တိုး၍ဆွေးအောင် နှိုးဆွသလိုဖြစ်လေ၏။

တဖျတ်ဖျတ် လှုပ်ရှားနေသော ရေနှင့် ရင်ဝကို ငွေ့တိုက် သော လေပြည်သည် အသည်းနှလုံးကို အလွမ်းတည်းဟူသော ဒန်းပခက်အေးယာဉ်မှာ ချိတ်တင်ကာ လွှဲ၍ပေးသလို ဖြစ်လေရာ ဝင်းကြည်မှာ ရန်ကုန်မြို့ကိုလည်း ပြန်ချင်၊ စရိတ်ကြေးငွေလည်း

www.burmeseclassic.com

www.burmeseclassic.com

မရှိ၊ ရောဝတီမြစ်ရေတွင် မျှောစုံကာ လိုက်ပါ၍သွားချေက မတော်တဆ ရောက်များရောက်လေမလားဟူ၍ အောက်မေ့မိလေ၏။

အထက်မှ တကြိုတ်ကြိုတ်မြည်ကာ စုန်ဆင်း၍လာကြသော ပေါင်းမိုးနှင့် လှေများ၊ သမ္ဗန်များကိုလည်းကောင်း၊ ကား၊ ဖောင်းညို၊ ရွှေ လေလွင့်ကာ ရွှေစင်ရော်ဝဲသလိုလာသော ရွက်လှေကြီးများ၊ တုန်ကင်းများကို မြင်ရသောအခါ ငါလိုက်၍သွားရလျှင် ရန်ကုန်ကို ရောက်မှာပဲဟု အောက်မေ့လေ၏။

အုန်းစိန်မှာလည်း ထိုအခါ ကျပ်တည်းသဖြင့် စရိတ်ငွေကြေးကို တောင်းရမှာ ခက်လေ၏။

မိမိ မမာခိုက်မှာ ညီအစ်မအရင်းပမာ ပြုစုသည့် မျက်နှာကို ထောက်ထားကာ အကျပ်အတည်းဖြစ်၍ မတောင်းဝံ့ဘဲနေလေ၏။

ဆွေမျိုးဉာတိတို့မှာမူ သာ၍ပင် ခက်ခဲမည်ဖြစ်လေရာ မိမိ အဘာယ်ပုံဖြစ်ပျက်၍လာသည်ကို သိမှာစိုးသောကြောင့် မကပ်ဝံ့ချေ။

ထို့ပြင်မှတစ်ပါး မကျန်းမာပြီစမို့ အားအင်နည်းပါး မိမိကိုယ်တိုင် တစ်စုံတစ်ရာကိုမျှ လုပ်ကိုင်အသက်မွေးနိုင်ဖို့ နည်းလမ်းမရှိဖြစ်လေရာ အကယ်၍ပင် စရိတ်ငွေရှိစေကာမူ ရန်ကုန်သို့သွားဖို့ရန် များစွာခက်၍နေသည်ကို စဉ်းစားမိလေ၏။

❀ ❀ ❀

## အခန်း(၁၃)

တစ်နေ့သ၌ အဆွေးစိတ်ပေါ်တိုင်း မိမိသွားနေကျဖြစ်သော မွှန်းလွဲအချိန်၌ မြစ်ထဲရှိ လှေကြီးပေါ်၌ထိုင်ကာ တစ်ဖက်ကမ်းကိုကြည့်၍နေခိုက်မှာ အသက် (၄၀)ကျော်ခန့်ရှိသော မိန်းမကြီးတစ်ယောက်၊ ကလေးတစ်ယောက် အပါးကပ်လာသည်ကို မြင်ရလေ၏။

ငှင်းမိန်းမကြီးသည် ဝင်းကြည်ကို ရပ်ကာကြည့်လျက်...

'တူမကို အဒေါ် ဘယ်မှာမြင်ဖူးပါလိမ့်မလဲ၊ ရန်ကုန်ကသား'

ဟု မေးလေ၏။

'ဟုတ်ပါတယ်'

'အခု ဒီ ဘာကိစ္စနဲ့ လာနေသလဲ'

'ကျွန်မ ဒီအရပ်သူပါပဲ၊ ရန်ကုန်မှာနေပြီး အခု မမာလို့ ပြန်လာပါတယ်၊ အဒေါ်က ရန်ကုန်ကလား'

www.burmeseclassic.com

www.burmeseclassic.com

'မြင်ဖူးရင်လည်း မြင်ဖူးမှာပဲ၊ တူတဲ့မျက်နှာတွေလည်း ရန်ကုန်မှာ ရှိတတ်တာပါပဲ'

'ဟုတ်ကဲ့… ဒါထက် ဘယ်တော့ပြန်မလဲ'

'ကျွန်မ မပြောတတ်သေးဘူး၊ ကျွန်မ ရန်ကုန်ကို အောက်မေ့မေ့ရှိတာနဲ့ တစ်ယောက်တည်း လာစဉ်းစားနေတာ'

'အောက်မေ့ရင် ပြန်ပါလား၊ အခေါ်တို့ နက်ဖြန် ပြန်ရမယ်၊ ကြာကြာမနေနိုင်ဘူး'

ဝင်းကြည်သည် ပြန်ချင်တဲ့အခါ ပြန်သွားချင်တဲ့အခါ သွားနိုင်သော ထိုမိန်းမကြီး၏ လွတ်လပ်သောအခြေကို အားကျသော အမူအရာနှင့်ကြည့်ကာ…

'ကျွန်မလည်း သိပ်ပြန်ချင်တာပဲ၊ သို့ပေမဲ့…'

ဟု ပြောလေ၏။

'ဘာဖြစ်လို့လဲ၊ ပြောသာ ပြောပါ'

'ကျွန်မ ကောင်းကောင်းလည်း မမာသေးဘူး၊ ရှိတဲ့ငွေကြေးလည်းကုန်လို့ စရိတ်တောင်မရှိတဲ့အနေ ရောက်နေတာပဲ'

'ရန်ကုန်မှာ ဘယ်သူရှိသလဲ'

'ကျွန်မ သားကလေးနဲ့ ကျွန်မယောကျ်ား ရှိတယ်၊ ကျွန်မ ယောကျ်ားနဲ့ ကွဲနေတယ်'

'ဩော်… ကွဲနေသလား၊ ယောကျ်ားက ဘာလုပ်သလဲ'

'အခုတော့ ဘာလုပ်တယ်လို့ ကျွန်မ မသိဘူး၊ အရင်ကတော့ စာရေးပါပဲ'



'ဘာပြုလို့ ကွဲရတာတုံး တူမရယ်၊ ရုပ်ရည်သနားကမားနဲ့ ယောကျ်ားက ဆိုးလို့လား'

'ကျွန်မယောကျ်ား မဆိုးပါဘူး၊ ကျွန်မက စိတ်ဆိုးပြီး ထွက်လာမိတာပါ'

'ပြန်စာရေးလိုက်ပါလား၊ စရိတ်ငွေကြေးပို့လိုက်ဖို့'

'ကျွန်မ ဒီလိုလည်း မကညှုချင်ဘူး'

'အို… ဘာဖြစ်သလဲ၊ လင်နဲ့မယား လျှာနဲ့သွားတဲ့၊ ဒီလိုပြင့် အခေါ်တို့နဲ့ အတူလိုက်မလား၊ အခေါ်မှာလည်း တစ်ယောက်တည်း၊ ဒီတူကလေးပဲ ရှိတယ်၊ အဖော်မရှိဘူး၊ တစ်ခါတစ်ခါ တူမများ လာနေတာပဲရှိတယ်၊ တူမယောကျ်ားနဲ့ ပြန်ပြီး သင့်တင့်အောင် အခေါ် စီမံပေးမယ်၊ ဒီလိုမှ မဖြစ်နိုင်ရင်လည်း အခေါ်နဲ့နေတာပေါ့၊ ကလေးက ဘယ်လောက်ကြီးသလဲ'

'မကြီးသေးပါဘူး၊ အခုမှ သုံးလသားကျော်ကျော်လောက်ရှိမှာပဲ'

'ဒါနဲ့ တူမက ပစ်ထားခဲ့သလား'

'မပစ်ရင် မဖြစ်လို့ ကျွန်မ ထားခဲ့ရပါတယ် အခေါ်၊ အခုတော့ အောက်မေ့နေတယ်၊ ရန်ကုန်ပြန်တောင် ကျွန်မကလေးနဲ့ ကျွန်မ တွေ့မှတွေ့ရမှာ၊ သူ့အဖေက…'

'သူ့အဖေက ဘာဖြစ်လို့လဲ'

ဝင်းကြည်သည် မပြောဘဲ တစ်အောင့်လောက်စဉ်းစားပြီးမှ…

www.burmeseclassic.com

www.burmeseclassic.com



'အဒေါ် ကျွန်မ ရန်ကုန်ကိုလိုက်ရရင် သိပ်ကျေးဇူးတင်မှာပဲ၊ ကျွန်မ ရန်ကုန်ရောက်ရင် အဒေါ့်ကျေးဇူးကို ပြန်ဆပ်နိုင်မှာပါပဲ'

ဝင်းကြည်၏စိတ်၌ ဘယ်လိုပဲဖြစ်ဖြစ် မြဒင်ကိုတွေ့အောင်ရှာပြီး မျက်နှာအောက်ချ၍သွားမည်၊ သားကလေးကိုမြင်ရရင်တော်ပြီဟု ကြံစည်လေ၏။

မိန်းမကြီးက…

'ကိစ္စမရှိပါဘူး တူမရယ်၊ ဒုက္ခဆင်းရဲရောက်သူ တစ်ယောက်ကို တတ်အားသမျှ ကူညီရတယ်ဆိုတာ နောင် အတွက် အလုပ်ရတတ်တာမျိုးလို့ အဒေါ်သဘောထားတာပဲ၊ လူ့ဘဝဆိုတာ အရှုပ်သား တူမရဲ့၊ အဒေါ်ဖြင့် ဘာပဲဖြစ်ဖြစ် ဘယ်သူ့ကိုမှ ကဲ့ရဲ့ အပြစ်တင်ချင်တဲ့စိတ် မရှိဘူး၊ ကူညီချင်တာတစ်ခု ရှိတာပဲ'

ဟု ပြောပြီး နေရပ်၊ နာမည်များကို မေးကြ ပြောကြပြီး အတူတကွ မြို့ထဲသို့သွားကြလေ၏။

ထိုနေ့တွင် အုန်းစိန်အား ရန်ကုန်ကို ပြန်မည့်အကြောင်း ဝင်းကြည်က ပြော၍ပြလေ၏။

နောက် ရက်များမကြာမီ ဝင်းကြည် ရန်ကုန်သို့ရောက်လေသတည်း။

✻ ✻ ✻

## အခန်း(၁၄)

ဒေါ်ဆင်သည် ဝင်းကြည်အပေါ်၌ များစွာ ကြင်နာသနားလေ၏။

အစေခံလို ခိုင်းစေခြင်းမပြု၊ ဆွေမျိုးလို ထားလေ၏။

ဝင်းကြည်ကလည်း လွန်စွာအလိုက်သိသူ ဖြစ်လေ၏။

သားကလေးကိုတွေ့အောင် အဘယ်ပုံကြံရမည်၊ အဘယ်မှာ ရှာရမည်ဟု မသိချေ။

ဒေါ်ဆင်အားလည်း မိမိ၏ယောကျ်ား မည်သူမည်ဝါဖြစ်သည်ဟု ပြော၍မပြသေးချေ။

ပြောရရင် ကောင်းမလား၊ တိတ်တဆိတ် မိမိဘာသာ ကြံလျှင် ကောင်းမလားဟု စဉ်းစား၍နေလေ၏။

သို့နေခိုက်တွင် တစ်နေ့သ၌ အိမ်ရှေ့ခန်းမှာ တံမြက်စည်းလှည်း၍နေစဉ် အိမ်ရှေ့ရှိ လေးထပ်တိုက်သစ်ကြီးတစ်ခု၏ရှေ့ဘက်၌ တစ်စုံတစ်ရာကို မြင်ရလေရာ ဝင်းကြည်မှာ အံ့အားသင့်၍နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအရာသည်ကား သားနားလှပစွာ ဝတ်ဆင်လျက် ဝရံ တာကို မေးထောက်ကာ မှီ၍နေသော ညိုညို၏မျက်နှာဖြစ်လေ၏။

ဝင်းကြည်သည် မိမိကို ညိုညိုမမြင်ရအောင် ပြတင်း တံခါးရွက်ကိုစေ့ကာ တရုတ်ကတ်ကြားမှ ကြည့်လေရာ ညိုညို ညိုညိုအစစ်။ အဘယ်ပုံ ဤနေရာသို့ ရောက်၍နေပါသလဲ ကုလားသူဌေးတစ်ယောက်နဲ့ညားပြီး ကောင်းစားနေသလားဟု အောက်မေ့လေ၏။

ထိုအခိုက်တွင် လူတစ်ယောက် ညိုညို၏အပေါ်းကို ရပ်လာ လေ၏။

ဝင်းကြည်မှာ မူးမိုက်၍သွားသဖြင့် ပြတင်းပေါက်တရုတ် ကတ်ကို ကိုင်၍ထားရလေ၏။

ဟုတ်မှဟုတ်ပါ့မလားဟု ဝင်းကြည်သည် မျက်လုံးများ ကို လက်နှင့်ပွတ်ကာ ကြည့်လေ၏။ မြဒင်ဖြစ်ကြောင်း မငြင်းနိုင် အောင် ထင်ရှားစွာ မြင်ရလေ၏။

မြဒင်မှာ တရုတ်ပိုးဘောင်းဘီနှင့် ရှပ်အင်္ကျီကိုဝတ်ကာ ဆေးတံကိုကိုက်လျက် လက်ခါးထောက်ပြီး လှုပ်ရှားသောလမ်းကို ကြည့်၍နေလေ၏။

ညိုညိုကို မကြည့်ချေ။ ညိုညိုသည်ကား မြဒင်ကို မော့၍ ကြည့်ကာ ပြုံးရွှင်သောအမူအရာနှင့် စကားများကို ပြော၍နေလေ၏။

မြဒင်သည်ကား လှည့်၍မကြည့်ဘဲ အခြားကို ဂရုစိုက် ရင်း ညိုညို၏ ပြောသောစကားများကို ခေါင်းညိတ်ခြင်း၊ ခေါင်းခါ



ခြင်းဖြင့်သာ ပြန်၍ဖြေလေ၏။

မြဒင်မှာ အရင်ကနှင့်မတူ။ မျက်နှာဖျော့လျက် မှေးမှိန် သောအသွင် ရှိလေ၏။

ထိုကဲ့သို့နေရာမှ ဝင်းကြည် ကြည့်၍နေသော ပြတင်း ပေါက်ကို တည့်တည့်စိုက်၍ ကြည့်လေ၏။

ဝင်းကြည်၏စိတ်၌ ငါ့ကိုများ မြင်လေသလားဟု အောက် မေ့ကာ ထိတ်ခနဲဖြစ်၍သွားလေ၏။

ထို့နောက် မြဒင်ကိုလှည့်ပြီး အခန်းထဲကို ပြန်ဝင်သွား လေ၏။

ဝင်းကြည်မှာ အားတက်ခြင်း၊ အားငယ်ခြင်း ရောစပ်၍ နေလေ၏။

မြဒင်ကို တွေ့ဖို့ရန် မခက်တော့သည်ကို သိသဖြင့် အား တက်၏။

ညိုညိုနှင့် ညားနေသလားဟု အောက်မေ့ကာ အားငယ် လျက် မခံမရပ်နိုင်အောင် ရှိလေ၏။

'ကိုမြဒင် ဤအခန်းမှာ နေသလား၊ သို့မဟုတ် ညိုညိုကို ယူပြီး ဤအခန်းမှာ ထားလေသလား' စသည်ဖြင့် တွေးတောကာ မခံချိမခံသာ ဖြစ်၍နေလေ၏။

ညိုညိုမှာ ရှေးကနှင့်မတူ။ ရွှေငွေ လက်ဝတ်လက်စားနှင့် ပြည့်စုံဝေဆာ အရင်ကထက်ပင် လှပ၍နေသည်ဟု မှတ်ထင်ရလေ ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဂေါ်ဒ်ဖွ အရင် တေးဆိုရန် ခေါ်ကတည်းက အကျွမ်းဝင်ကြပြီး အခု ညားနေကြတာပဲ'

ဟု တွေးမိလေ၏။

ထိုအခါက ငါလိုက်သွားမိရင် အခုလို အဖြစ်မျိုးတွေ ဖြစ်မှာမဟုတ်ဘူးဟု အောက်မေ့ကာ နောင်တရလေ၏။

သို့ ကြည့်၍နေခိုက်တွင် အတန်ကြာသောအခါ ၄င်းတိုက်ရှေ့သို့ ကားတစ်စီး ဆိုက်၍လာလေ၏။

မြဒင် တိုက်ပေါ်မှဆင်းလာပြီး ကားနှင့်ထွက်၍သွားလေ၏။

ဝရန်တာကို မြဒင် ပြန်၍ကြည့်ရာ ညိုညိုနှင့် ဆရာကတော်တို့ မြဒင်ကို ပြုံးရွှင်သောမျက်နှာနှင့် ကြည့်၍နေကြသည်ကို မြင်ရလေ၏။

ထိုအခါကျမှ 'ဟုတ်ပါပြီ… သူတို့ ညားနေပါပြီ၊ သူတို့ကို ဒီတိုက် ငှားပေးထားတာပဲ'

ဟု စိတ်ချကာ ရင်ထဲမှာနာပြီး အခန်းထောင့် မိမိ၏အိပ်ရာကလေး၌ခွေကာ လူးလှိမ့်၍နေရရှာလေ၏။

သို့ နေခိုက်မှာ ဝင်းကြည်သည် မိမိကိုယ်ကိုယ် အပြစ်တင်လေ၏။

ယောကျ်ားဆိုတာ ဒီလိုနေမယ်ဆိုတာ နင် အစက မသိဘူးလား။ နင် ဘာပြုလို့ သွားရသလဲ။ အခု ဘယ့်နှယ်ရှိသလဲ။ ခံကောင်းရဲ့လား၊ အမိုက်မ၊ အရူးမ၊ နင့်လင် ညိုညိုနဲ့ ညားနေပြီ။



နင့်ကိုမုန်းတဲ့ ညိုညို၊ နင့်ကို မနာလိုတဲ့ကောင်မကို သူ့ရင်ခွင်မှာထားပြီး အမျိုးမျိုး ကျီစယ်ကစား၊ နင့်ကိုတောင် သတိမရ၊ ကောင်မက အငြိမ့်သမမို့ အမျိုးမျိုးညုတာ မူတာတွေနဲ့ ဘဝင်မှာခွေ့ပြီး သူ့ရင်ခွင်မှာ အပျော်တွင် မေ့မြော အဘယ်ပုံများ သဘောကျပြီး ဒေါသဟုန်ကြီးကြီးနဲ့ အနည်းနည်းမက်မော၍နေမှာပါပဲ။

'ဟို… ဆရာကတော်ဆိုတဲ့ ကောင်မကြီးကလည်း ပလီပလာ တီတီတာတာနဲ့ ကိုမြဒင်ကို ဟိုကောင်မနဲ့မြူကာ သူတို့နှစ်ယောက် ပြီးတဲ့အခါမှာ အကြည်ဆိုက်ပြီး တပြုံးပြုံးနဲ့တွေးပြီး သူ့မှာလည်း အလုံးကြီးဆို့ဆို့နေမှာပဲ။

ပျော်ကြပါစေ၊ အကြည်ဆိုက်နိုင်ကြပါစေ၊ ဆီဦးထောပတ်အဖိုးတန်တွေကို စားစားပြီး အားရပါးရ စည်းစိမ်ခံစား၍ နေနိုင်ကြပါစေ။

ကိုမြဒင်မှာ ပါးပိန်နေတာဟာ ငါ့ကို သတိရလို့ မဟုတ်ပါဘူး။ အပျော်လွန်လို့ အခုလို ဖြစ်နေတာပါပဲ။ လင်ခိုးမတွေ။ ဒီဆရာကတော်ဆိုတဲ့ ကောင်မကြီး ငါ မသက်ာဘူး။ ကြည့်ပုံက ကြာဆန်ဆန်နဲ့၊ ငါ့ကို ရန်လိုမုန်းထားပြီး ငါ့လင်ကို ပြောင်ပြောင်ခိုးတဲ့ ကောင်မတွေ။ ငါမခံဘူး၊ သိရစေမယ်။

'ကိုမြဒင် ဘယ်လိုဖြစ်လို့ ဒီကောင်မမျိုးကို မက်ရပါလိမ့်မလဲ'

စသည်ဖြင့် တွေးကာ ရင်ဝမှာ အလုံးကြီးတွေ တစ်လုံးပြီးတစ်လုံး တက်၍ဆောင့်ကြသဖြင့် နုံးခွေကာ နေရှာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ညိုညိုနှင့် မြဒင် အဘာယ်လိုနေကြမည့်အရေး တွေးလို့ အမျိုးမျိုးထင်လေ၏။

ကိုမြဒင်ကလည်း ကဲကဲ၊ ကောင်မလေးကလည်း ရဲရဲနဲ့ ဩော် ဖြစ်ချင်တိုင်း ဖြစ်နေကြတော့မှာပဲ စသည်ဖြင့် တွေးတိုင်း မြဒင်နှင့် နေစဉ်က တွေ့ခဲ့ရပုံတွေ၊ မြဒင်၏ မျက်နှာထားအမူအရာ၊ မြဒင်၏ ဒေါမာန်ပါပါ ပြောင်းလဲပုံ အဖြာဖြာ၊ နေပုံထိုင်ပုံ အရာရာ တို့ကို ထင်မြင်ကာ...

ကိုမြဒင်က အဘာယ်ပုံ ကျီစယ်ကစားမှာပဲ၊ သူ့လက် သူ့ခြေက မြန်ဆန်ပါဘိသနဲ့။ ဆရာကတော်ဆိုတဲ့ မိန်းမကြီး မမြင်ဟန်ဆောင်ကာ အဘာယ်ပုံ ကျိတ်ကာသဘောကျပြီး တပြုံးပြုံး နေမှာပဲ။

ကောင်မက ဘယ်ပုံမူမှာပဲ၊ ဘယ်ပုံချွဲမှာပဲ၊ ကိုမြဒင်က ဘယ်ပုံ သဘောကျပြီး သူ့မျက်နှာက ဘယ်လိုနေမှာပဲ စသည်တို့ ကို ကမ္ဘာ့ဗွာန်းရှုသလို အမြင်အထင်ပေါက်အောင် ရှုလေရာ...

တစ်ကိုယ်လုံးမှာ စိုးစိုးစစ်စစ်။ တစ်ကမ္ဘာလုံးကလွှတ် သော ဝိုင်ယာလက်လျှပ်စစ်အရှိန်တွေ ပူးကပ်သလိုဖြစ်ကာ လူးလိမ့် လျက် ငါးမြွေလိမ်၊ ငါးရှဉ့်လိမ် လူ့ပ်ရှားဍ်နေရရှာလေသတည်း။

ထိုအခိုက် ဒေါ်ဆင်သည် အိမ်လည်ရာမှ ပြန်လာသဖြင့် ဝင်းကြည်ကို မြင်လေရာ...

'တူမ ဘာဖြစ်နေသလဲ၊ ဖျင်းနေသလား၊ နေမကောင်းဘူး လား'



ဟု မေးရင်း ပိတ်ထားသော ပြတင်းပေါက်ကို ဖွင့်လိုက် လေ၏။

ဝင်းကြည်က...

'ငါးသလောက်နဲ့ ငံပြာရည်ချက်ကို စားလိုက်တာ သိပ် တက်တာပဲ အဒေါ်ရဲ့'

ဟု ပြောပြီး ထ၍လာလေ၏။

အိမ်ရှေ့ကို ကြည့်ပြန်ရာ ညိုညိုကို ပထမမြင်ရသော အခန်း၏နံဘေးခန်းမှာ အခြားမိန်းမများနှင့် စားပွဲတစ်ခုတွင် ဖဲ ကစား၍နေသည်ကို မြင်ရလေ၏။

–'ဩော်... ပျော်နိုင်ပါပေရဲ့၊ ကိုမြဒင်လည်း သွားရော တစ်ဖက်ခန်းကိုရောက်ပြီး ကစားတာပဲ၊ သုခချမ်းသာနဲ့ ပြည့်စုံပါ ပေရဲ့၊ ကြာကြာကြီး ပျော်ပါးနိုင်ပါစေ'

စသည်ဖြင့် ဆုတောင်းကာနေလေ၏။

❊ ❊ ❊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၅)

ထိုအခါမှစ၍ ဝင်းကြည်၏ မျက်လုံးများသည် အိမ်ရှေ့တိုက်ခန်းကိုသာ စူးစိုက်၍နေလေ၏။ ညနေဘက်၌ မြဒင် ပြန်၍လာသည်ကို မြင်ရလေ၏။

ဝင်းကြည်သည် အိမ်ရှေ့ကို ကြည့်ချင်သဖြင့် ဒေါ်ဆင်အား…

'အဒေါ်သွားရင် ကျွန်မ နှိပ်ပေးမယ်လေ'

ဟု ပြောပြီး အိမ်ရှေ့ကို မြင်သာ၍ အိမ်ရှေ့မှပြန်၍လွယ်ကူစွာ မမြင်ရသောနေရာ၌ မွေ့ရာအိပ်ရာကို ခင်းလေ၏။

ဒေါ်ဆင်လည်း…

'သွားတယ် တူမရယ်၊ တူမကလည်း နေကောင်းသေးပုံမပေါ်တာနဲ့ အဒေါ်က မပြောဘူး၊ ရန်ကုန်မြို့မှာ အနှိပ်သည်အနင်းသည် အတော်ရှားတာပဲ၊ တော်ရုံသင့်ရုံဆိုရင် တစ်ကျပ်၊ နှစ်ကျပ်၊ ငါးကျပ်၊ တစ်ဆယ် တူမရဲ့၊ ညလျှောက်အော်တဲ့ တပါ



နေးဝါလားဆိုတဲ့ အကောင်တွေကိုတော့ ညစ်ပတ်လို့ မခံချင်ဘူး၊ ဆရာဘယ်သူဆိုလား၊ အဲဒီ ပုဏ္ဏားဆရာကတော့ သန့်ရှင်းသားနားချင်ပါရဲ့၊ ငါးကျပ်တောင်ဆိုတော့ မတတ်နိုင်ဘူး'

ဟု ပြောရင်း လာ၍မှောက်လေရာ ဝင်းကြည်သည် နင်း၍ပေးရင်း အိမ်ရှေ့ကို ကြည့်လေ၏။

ထိုအခါ ခြေချော်၍ကျတော့မလို ဖြစ်လေ၏။

အကြောင်းမူကား အိမ်ရှေ့ဝရန်တာ၌ ညိုညို၏လက်မှ ကလေးဝဝ ဖြူဖြူကလေးကို မြဒင် ယူ၍ပွေ့ကာ နမ်းရှုပ်နေသည်ကို မြင်ရသောကြောင့်တည်း။

ဝင်းကြည်၏နှလုံးသည် ရင်ဝကိုဖောက်ကာ ကလေးရှိရာသို့ အတောင်ပေါက်၍ ရောက်သွားလေ၏။

ငါ့သားကလေးပါပဲဟု ပါးစပ်က တီးတိုးပြောပြီး ရင်ထဲမှာ ဖိုလှိုက် ဖိုလှိုက်ဖြစ်၍နေလေ၏။ နင်းသောခြေမှာ အချက်မမှန်ဘဲနေလေ၏။

အတန်ငယ်မျှ ကြာသောအခါ မြဒင်သည် ကလေးကို ညိုညိုအား ပြန်၍ပေးလေ၏။

ညိုညို၏လက်သို့ ကလေးရောက်သည်ကို ဝင်းကြည် မခံချိနိုင်ဘဲ ရှိလေ၏။

'ငါ့ကလေးနဲ့ စတိုင်လုပ်တဲ့ကောင်မ၊ ကိုမြဒင်နဲ့ရှိတဲ့သူ့ကိုယ်ပိုင်ကလေးဟန်ဆောင်ပြီး သင်း အသားယူနေတာပါ၊ ယူပါစေဦး၊ ငါ့ကလေးကို ငါပြန်ယူမယ်၊ သင်းလက်နဲ့ ယိတာကို ငါ

www.burmeseclassic.com

www.burmeseclassic.com



မခံနိုင်ဘူး’ စသည်ဖြင့် ကျိတ်ကာ ရန်တွေ့၍နေလေ၏။

ဝင်းကြည်မှာ မိမိ၏ကလေးကို ယခုကဲ့သို့ ကောင်းစွာမြင်ရသဖြင့် စိတ်ထဲမှာ အေးသလိုရှိသော်လည်း ပွေ့ချင်ယူချင် ထွေးပိုက်နမ်းရှုပ်ချင်သော စိတ်က ဆွဲငင်သဖြင့် မခံမရပ်နိုင်အောင် လှုပ်လှုပ်ရှားရှား ဖြစ်၍နေလေ၏။

အဘယ်ပုံ တွေ့အောင်ကြံရပါ့မလဲဟုသာ စိတ်ကူး၍နေလေ၏။

ဝင်းကြည်၏ မျက်နှာမှာ ဝင်းထိန်တောက်ပ၍ နေလေ၏။

အိမ်၌ လုပ်ပုံကိုင်ပုံများမှာ လျင်မြန်သထက်လျင်မြန်လျက် အထူးဖျတ်လတ်နေသောကြောင့် ဒေါ်ဆင်က..

‘တူမ ရန်ကုန်မြို့နဲ့ တည့်တယ်ထင်တယ်၊ အရင်ကနဲ့ မတူဘူး၊ တစ်နေ့တခြား မျက်နှာတွေကောင်းလာတယ်၊ ကျန်းမာပြီနော်’

ဟု ပြောလေ၏။

‘ရန်ကုန်နဲ့ တည့်တာလည်း မှန်ပါလိမ့်မယ် အဒေါ်ရဲ့၊ သာပြီးမှန်တာကတော့ အဒေါ်အိမ်နဲ့ တည့်လို့ပါ၊ အဒေါ့်စိတ်က အင်မတန်ဖြူစင်ကြင်နာတဲ့အတွက် အဒေါ့်မေတ္တာနဲ့ ကျွန်မ ကျန်းမာလာတယ်လို့ ထင်တာပဲ’

‘တူမ ဒီလိုပြောတာ အဒေါ် အင်မတန် ဝမ်းသာတယ်၊ တူမ အဒေါ်နဲ့ ကြာကြာမှနေပါ့မလားဆိုတာ တွေးပြီးပူနေတာပဲ၊ အခု အဒေါ်သွားချင်ရာ သွားနေနိုင်တယ်၊ တူမရှိလို့ အိမ်အတွက်



ဘာမှမပူရဘူး၊ တိုးတိုးဖော်လည်း ဖြစ်တယ်၊

အဒေါ့်မှာတော့ အသိမိတ်ဆွေတွေ အများသားကလား၊ သွားလေသူ ကျေးဇူးရှင်ကြီးရဲ့ ကောင်းမှုကြောင့် အေးအေးဆေးဆေး မသေမီ အခုလို သွားလာလည်ပတ်ပြီး နေရပါပေတယ်၊ အဒေါ် ဥပုသ်ရက်ရှည်စောင့်မလို့၊ အဒေါ့်ညီမတစ်ယောက် လဗ္ဗာလမ်းမှာ ကလေးမျက်နှာမြင်ပြီး မမာတာကို မာအောင် အဒေါ် အစီရင်ပြုထားတယ်၊

အဒေါ့် ဒီနည်းကို လူများမသိကြဘူး၊ အရက်လေးဆယ်ဖြင့် လေးဆယ်၊ တစ်လဖြင့် တစ်လ သက်သတ်ရှောင်ပြီး ရှစ်ပါး၊ ငါးပါး၊ ဆယ်ပါး ကိုယ်တတ်နိုင်သလို ဆောက်တည်ပါ့မည်၊ သည်ကုသိုလ်ကောင်းမှု၏ အကျိုးကြောင့် ဘယ်နေ့သမီး ဘယ်နေ့သား ဘယ်သူဘယ်ဝါ ချမ်းသာပါစေဆိုတဲ့ ဆုတောင်းပြီး ယုံယုံကြည်ကြည်နဲ့ မိဋ္ဌာန်ရင် ချမ်းသာတာပဲ၊

သေဘေးဆိုတာတော့ နောက်ဆုံးမှာ မတားနိုင်ကြဘူးပေါ့၊ သို့သော်လည်း တစ်နည်းနည်းနဲ့ အကျိုးလိုတာ သိသိသာသာ ခံစားရတာပဲ’

ဟု ပြောလေ၏။

ဝင်းကြည်မှာ ထိုအိမ်၌ လွတ်လပ်စွာနေနိုင်သော လူပိုတစ်ယောက်ဖြစ်၍နေသည်ကို ထိုစကားများဖြင့် သိရလေရာ မိမိ၏ အကြံအတွက် တစ်နည်းအားဖြင့် လွယ်ကူခြင်း အထောက်အပံ့ကို ရ၍နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com

'စိတ်ချပါ အဒေါ်၊ ကျွန်မ ကြာကြာကြီးမနေနိုင်သော်လည်း နေနိုင်တဲ့အခိုက်မှာ ကျွန်မ ဂရုစိုက်ပါ့မယ်၊ အခုအနေတော့ ကျွန်မကလေးနဲ့ ကျွန်မယောကျ်ားသတင်းကို ကြားရဖို့ အလုပ်တစ်ခုတည်း ရှိတာပဲ၊ အဒေါ့်ကျေးဇူးကို ကျွန်မ တစ်သက်လုံးဆပ်လို့ကုန်မှာ မဟုတ်ပါဘူး'

ဒေါ်ဆင်သည် သေသေချာချာကြည့်ပြီး...

'ဟုတ်တယ် တူမရဲ့၊ အဒေါ် တူမကို အရင်က ဘယ်နေရာမှာ မြင်ဖူးသလဲ မသိဘူး၊ အဒေါ် စဉ်းစားလို့ကို မရအောင်ရှိတာပဲ'

ဟု ပြောလေ၏။

ဝင်းကြည်သည် မိမိ နာမည်ကျော် အငြိမ့်မင်းသမီးတစ်ယောက် ဖြစ်ခဲ့ကြောင်းကို ပြော၍မပြဘဲ နေလေ၏။

ဝင်းကြည်သည် ကလေးကို လွန်စွာတွေ့ချင်၏။ အဘယ်ပုံကြံရမည်ကိုသာ အမြဲစဉ်းစားခဲ့၏။

တစ်နေ့ ညနေအချိန် မြဒင် ကားနှင့်ထွက်၍ သွားလေ၏။

ညိုညိုသည် တစ်ဖက်ခန်းသို့ ရောက်၍လာပြီး ဖဲရိုက်၍နေသည်ကို ဝင်းကြည် မြင်ရလေ၏။

သို့နေခိုက်တွင် ကစားသူ အဖော်တစ်ယောက်က ညိုညိုအား မြဒင်၏ အခန်းဘက်သို့ မေးငေါ့ကာ တစ်စုံတစ်ရာကို ပြောလေ၏။

ညိုညိုသည် ဒေါ်သနှင့် ဖဲများကိုပစ်ချကာ ထ၍သွားပြီးတစ်အောင့်မျှ မကြာမီ ပြန်၍လာလေ၏။

ကစားသော စားပွဲ၌ထိုင်ကာ လက်ဟန်ခြေဟန် ဒေါသနှင့် ပြောလေ၏။

ဝင်းကြည်က ဘာများပါလိမ့်မလဲ၊ ကလေးငိုလို့လား၊ ကလေးငိုသည့်အတွက် ကောင်းကောင်းမကစားရလို့ ကလေးကို ကြိမ်းတာမောင်းတာ ထင်ပါရဲ့။ ဩော်... သူ့ကလေးမဟုတ်တော့ ချစ်မှာမဟုတ်ပါဘူး။

ကိုမြဒင် မရှိတဲ့အခါမှာ လုပ်ချင်သလိုလုပ်မှာပဲ။ ငါ့သားကလေးကို ဆိတ်ဆွဲမလား၊ လိမ်ဆွဲမလား၊ ယောကျ်ားများဟာ ဘာမှမသိပါကလား။

ဒီကောင်မကို ကလေးနဲ့ပစ်ပြီး စိတ်ချလက်ချ သွားရက်ပါပေရဲ့ စသည်ဖြင့် ဆင်ခြင်ကာ လွန်စွာစိတ်ပူလေ၏။

ငါ့သားကလေးကို နှိပ်စက်မှာပဲ၊ ငါ့သားလေး စကားလည်း မပြောတတ်၊ နားလည်း မလည်၊ မျက်လုံးကလေးကလည်း ကလယ်ကလယ်နဲ့၊ လုပ်သမျှ ခံရမှာပါကလား သားကလေးရဲ့၊ မေမေ မိုက်လေခြင်း။

မင်းဖေဖေကို ယုံမိလို့ သားကလေး အခုလိုနေရတာပါကလား။ ငါ့သားကလေးကို မုန်းမှာပါပဲ။ ကလေးဆိုတာ ဘာမှမသိ။ လက်ထဲမှာ အပေါ့အလေး သွားမှာပဲ။ ဒီကောင်မဟာ ငါ့သားကလေးကို ရှုံ့တိုင်း၊ ရှုံ့တိုင်း တိတ်တဆိတ်ညှဉ်းဆဲရင် ကိုမြဒင် သိမှာမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com

ငါ့သားကလေးမှာ စည်းစိမ်ရွှေငွေ အခြွေအရံတွေရဲ့ အလယ်မှာ ဘာမသိ ညာမသိ ငရဲခံ၍နေရမှာပဲဟု တွေးကာ မျက်လုံးကလေးများမှာ ကလယ်ကလယ်နှင့် ခံ၍နေရမည်ဖြစ်သော ကလေး၏ ပုံသဏ္ဍာန်ကို ထင်မြင်ကာ မကြာမကြာ တွေးတိုင်းပင် မျက်ရည်ကျရရှာလေ၏။

❊ ❊ ❊

## အခန်း(၁၆)

ညတစ်ညသို့ မြဒင် အခါတိုင်းနည်းတူ ထွက်၍သွားပြီး နောက် ညှိုညှို တစ်ဖက်ခန်း၌ ကစား၍နေသည်ကို တွေ့ရလေ၏။

ဝင်းကြည်က ဒေါ်ဆင်အား အသိတစ်ယောက်ဆီ သွားပြီး စုံစမ်းဖို့ သွားပါရစေဟု ပြောပြီး အိမ်ပေါ်မှဆင်း၍လာပြီးလျှင် အိမ်ရှေ့တိုက်လှေကားအနီးသို့ ကူးရောက်၍ သွားလေ၏။

တစ်အောင့်မျှ ရပ်၍နေခိုက်မှာ ကလေးငိုသံလိုလို ကြားရသဖြင့် ဘာကိုမျှမတွေးမိဘဲ တိုက်ပေါ်သို့ တက်၍သွားလေရာ အခန်းတံခါးဝသို့ ရောက်၍သွားလေ၏။

တံခါးမှာ ဟ၍နေလေ၏။

အတွင်းမှ ကျယ်လောင်စွာငိုသော ကလေး၏အသံကို ကြားရလေရာ မိမိ၏အထင်အတိုင်း ဟုတ်မှန်၍နေလေသည်ကို သိရလေ၏။

ရင်ဝသို့ အလုံးကြီးတစ်လုံး တက်ကာဆို့လေ၏။

www.burmeseclassic.com

www.burmeseclassic.com

ဘာကိုမှ မတွေးမကြောက်။ အခန်းတံခါးကို တိုးဖွင့်ကာ ဝင်၍သွားလေ၏။

ပုခက်ထဲ၌ ငိုငိုနေသော ကလေးကို ပြေး၍ကြည့်ရာ နို့ဘူးမှာ နံဘေးသို့ကျ၍နေသည်ကို မြင်ရလေ၏။

ဝင်းကြည်သည် နို့ဘူးကိုယူကာ ပါးစပ်သို့တပ်ပေးပြီး ကလေးကို ကပျာကယာ ကုန်း၍နမ်းလေ၏။ တစ်ဖန် ကလေးငိုပြန်၏။

ဝင်းကြည်မှာ ကတုန်ကယင်နှင့်…

'အေး… အေး… မငိုပါနဲ့ သားရယ်၊ မေမေလေ… မေမေလေ'

ဟု ပြောကာ လက်မောင်းကလေးက အမှတ်ကို ကိုင်ကြည့်လေ၏။

ဝင်းကြည်သည် ကလေးကို ပွေ့ယူကာ ပိုက်ချီနမ်းရှုပ်ချင်၏။ ကလေး အငိုတိတ်၍သွားလေ၏။

ပုခက်ကို တုပ်၍လွှဲရင်း…

'မေမေရယ်လေ…မေမေ့ကို မသိဘူးလားကွယ် ကလေးရဲ့၊ အောင်မယ်လေး… သူ့အဖေနဲ့ဖုံးပါပဲ'

ဟု ပြောကာ နဖူးကလေးကို ကိုင်၍ကြည့်လေ၏။

မျက်ရည်များသည် ကလေး၏မျက်နှာပေါ်သို့ ကျလေ၏။

ကလေးသည်ကား မျက်လုံးကလေး ကြောင်တောင်နှင့် ဝင်းကြည်ကို စိုက်ကာကြည့်လေ၏။



တစ်ချက်၊ နှစ်ချက် မဲ့လေရာ ဝင်းကြည်၏ ရင်ဘတ်ထဲမှာ ဆို့၍လာပြီး…

'မငိုပါနဲ့ ကလေးရယ်၊ မေမေပါကွယ် ကလေးရဲ့'

ဟု ပြောပြီး အသံတစ်ခုကိုကြားတိုင်း ထိတ်ခနဲဖြစ်ကာ လှည့်၍ကြည့်မိလေ၏။

အခန်းထဲမှာ ဓာတ်မီးတစ်လုံးပွင့်လျက် ထိန်၍နေလေ၏။

ကလေးမှတစ်ပါး အခြား မည်သူမျှမရှိ။ ဆရာကတော်ကြီးကိုလည်း မတွေ့ရ။ သူ တစ်ခါတစ်ခါမှ လာတာထင်ပါရဲ့ဟု ဝင်းကြည် တွေးမိလေ၏။

ကလေးကို တုပ်၍လွှဲရင်း…

'ကလေးတစ်ယောက်တည်း နေရပါကလား ကလေးရယ်၊ မင်းဖေဖေ အထွာအကြီးဟာ ဘာကိုမှမသိပါကလား၊ ကလေး ဒီလိုပဲ အခါတိုင်းနေရသလား၊ မေမေ ရင်ကွဲရချည်ရဲ့ ကလေးရဲ့၊ မေမေ အသည်းနာလှချည်ရဲ့ ကလေးရဲ့၊ ကလေးကို မေမေ ဘယ့်နှယ်လုပ်လို့ ကယ်ရပါ့မလဲ'

စသည်ဖြင့် ပြောလေရာ ကလေးသည် ဝင်းကြည်ကို မျက်တောင်မခတ်ဘဲ ကြည့်၍နေလေ၏။

သို့ ကြည့်နေရာမှ သိသလို အမူအရာနှင့် မဲ့ကာ နို့ဘူးကို လွှတ်၍ငိုလေ၏။

'အို… အို… မငိုပါနဲ့ ကလေးရဲ့၊ ကလေး ဘာဖြစ်သလဲ၊ တိတ်ပါ… ကလေးရယ်၊ တိတ်ပါ'

www.burmeseclassic.com

www.burmeseclassic.com



ဟု တုန့်လှုပ်သောအသံနှင့် ပုခက်ကို တုပ်ကာလွှဲလေ၏။

ထိုအခိုက်တွင် တစ်ဖက်ခန်းမှ…

'ဒီမအေ့လင်ကလေးဟာ ငိုလိုက်တာ၊ အင်မတန်ယုတ်တဲ့ ဟာကလေး၊ သိပ်ဒုက္ခပေးတာပဲ၊ ညစ်ပတ်လား ညစ်ပတ်ရဲ့၊ ချေးတပြွတ်ပြွတ် သေးတရွှတ်ရွှတ်နဲ့'

ဟု ပြောပြီး ရှပ်တိုက်၍လာသောအသံကို ကြားရလေရာ ဝင်းကြည်သည် ပုခက်ကိုရပ်ပြီး ခုတင်အောက်သို့ ပြေးဝင်ကာ ပုန်း၍နေလေ၏။

ညိုညိုသည် ရောက်၍လာပြီး ပုခက်ကို ဒေါသနှင့် လှုပ်ကာလွှဲလေ၏။

နံဘေး၌ကျ၍နေသော နို့ဘူးကိုယူပြီး ကလေး၏ ပုခက်ထဲသို့ ထိုးထည့်ကာ အပင်းဆို့ မျိုဟု ပြောလေ၏။

ကလေးက ဆက်၍ငို၏။

ညိုညိုသည် ရိုက်တော့မည့်ဟန်နှင့် လက်ကိုမြှောက်ကာ လက်ဝါးနှင့်ရွယ်လျက်…

'တိတ်လေ… မတိတ်သေးဘူးလား၊ အယုတ်မာကောင်ကလေး၊ တစ်နေ့လုံး မသေနိုင်ဘူး၊ တိရစ္ဆာန်ကလေး… ငါ့ကိုနင့်အမေ မှတ်လို့လား၊ တိတ်ဆို မတိတ်သေးဘူးလား၊ ငါထင်သလို လုပ်လိုက်ရရင် အသက်ပြွတ်ပြွတ်ထွက်မှာ'

ဟု အံကြိတ်ကာ သွားကျဲကျဲ၊ မျက်လုံးမျက်ဆန်ပြူးတူးပြဲတဲ ဘီလူးသဘက်လိုဖြစ်ကာ ကြိမ်းမောင်းလေ၏။



ဝင်းကြည်မှာ ခုတင်အောက်၌ ပုန်းနေရာမှ ကျားစီးသလိုညိုညိုကို အုပ်စီးကာ လည်ဆံကိုညှစ်၍ သတ်ချင်လေရာ စိတ်ကိုမနည်းကြီး ချုပ်၍ထားရလေ၏။

ကလေးသည်ကား တစ်စုံတစ်ရာသိသော လက္ခဏာမျိုးနှင့် တိတ်၍သွားလေ၏။

ထိုအခါ ညိုညိုက…

'ငြိမ်ငြိမ်နေ၊ နောက်တစ်ခါ အော်သံကြားရင် နင့်ကိုလည်ပင်းဖျစ်သတ်မယ်'

ဟု လက်ညှိုးထောင်ကာ ကြိမ်းပြီး 'သေ'ဟု ပြောကာ ပုခက်ကို တစ်ချက်မျှတွန်း၍လွှဲပြီး ကိုယ်လုံးပေါ်မှန်ရှေ့၌ရပ်ကာ ဆံထုံးကို လက်နှင့်သ၍ အခန်းမှထွက်သွားလေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၇)

ဝင်းကြည်သည် ခုတင်အောက်မှ ထွက်၍လာပြီး အပြင်ဘက်သို့ တစ်ချက်မျှကြည့်ကာ ပုခက်အနီးသို့ ကပ်ပြန်လေ၏။

ကလေးကို ရပ်ကာ စိုက်၍ကြည့်ရင်း တစ်ကိုယ်လုံးမှာ ဒေါသနှင့် ဆတ်ဆတ်တုန်၍နေလေ၏။

ထို့နောက် ပုခက်အနားမှ ဒူးထောက်ကာ ကလေး၏ မျက်နှာကို ကပ်၍ကြည့်ပြန်လေ၏။

နီမြန်းသော နှုတ်ခမ်းကလေးများကို အားရပါးရ နမ်းရှုပ်လေ၏။ ထို့နောက် အားမရသဖြင့် ကလေးကို ကောက်ယူကာ ရင်ဘတ်တွင်ပွေ့ပြီး အားရပါးရ နမ်းလိုက်လေရာ တစ်ဖန် ကလေး ငိုပြန်လေ၏။

ကပျာကယာ ပုခက်ထဲသို့ ပြန်၍ထည့်ခိုက်တွင် အိမ်ရှေ့မှ မော်တော်ကားရပ်သံကို ကြားရလေရာ ကိုမြဒင်ပါပဲဟု သိပြီး ကပျာကယာ ပြေးထွက်၍ လှေကားသို့ရောက်သောအခါ အပေါ်သို့ တက်ပြေးလေ၏။



အတော်ကလေး မှောင်သောနေရာသို့ ရောက်သောအခါ လှည့်ပြီး ဆင်းမည်အပြုတွင် ညိုညို အခန်းထဲသို့ ပြန်၍ဝင်သွားသည်ကို မြင်လိုက်ရလေ၏။ထိုအခါ ဝင်းကြည် ဆင်း၍လာလေ၏။

မြဒင်၏အခန်းကို လွန်၍ အောက်ခန်းသို့အရောက်မှာ မြဒင် တက်၍လာသည်ကို မြင်ရလေ၏။

ဝင်းကြည်၏ နှလုံးသွေးသည် အုန်းအုန်းကျွက်ကျွက်မြည်အောင် လှုပ်ရှား၍နေလေ၏။

မြဒင်သည် ဆင်းလာသော ဝင်းကြည်ကို မထိမိအောင် နံဘေးကိုကပ်ကာ ရှောင်၍ နေရာပေးလေ၏။

ဝင်းကြည်သည်လည်း မျက်နှာကို လွှဲဖယ်လျက် မရဲတရဲ အမူအရာနှင့် တစ်ဖက်ကိုကပ်ကာ ဆင်း၍အလာတွင် မြဒင်၏ လက်မောင်းနှင့် တိုက်မိလေရာ မြဒင်က လှည့်၍ကြည့်ပြီး…

'ဩော်… မတော်လို့ပါ ခင်ဗျာ'

ဟု ပြောလေရာ ဝင်းကြည်က…

'ကိစ္စမရှိပါဘူး'

ဟု ခပ်တိုးတိုး ပြန်၍ပြောပြီး ဆင်းခဲ့လေ၏။

ဝင်းကြည် ပြန်၍ကြည့်လိုက်သောအခါ မြဒင်လည်း ပြန်၍ကြည့်နေရာမှ ချာခနဲလှည့်ပြီး တက်၍သွားသည်ကို မြင်လိုက်ရလေ၏။

ဝင်းကြည်မှာ ရင်ထဲတွင် တဒိန်းဒိန်းလှုပ်ရှားလျက် အောက်သို့ရောက်မှန်းမသိ ရောက်လာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုမြဒင် ငါ့အသံကို ကျက်မိလို့များ လှည့်ကြည့်သလား ဟု အောက်မေ့ကာ တိုက်နံဘေးကိုလှည့်ပြီး ၃၇ လမ်းအထက် လမ်းထဲကို လျင်မြန်စွာ ဝင်၍သွားလေ၏။

ထို့နောက်မှာ အခြားလမ်းဘက်မှကွေ့ပြီး အိမ်ကိုပြန်၍ သွားလေ၏။

ဝင်းကြည်သည် အိမ်ပေါ်မှကြည့်၍နေပြန်လေရာ မကြာမီ မြဒင်နှင့် ညိုညို အိမ်ရှေ့ခန်း ဓာတ်မီးရောင်အောက်မှာ ကလေးကို မြူ၍နေကြသည်ကို မြင်ရလေ၏။

ညိုညိုက ကလေးကိုပိုက်ကာ ယုယလျက် ခဏခဏ နမ်းလေ၏။

မြဒင်က သဘောကျပုံနှင့် ခါးထောက်၍ ကြည့်နေရာမှ တစ်ချက်တစ်ချက် ကလေးကို လက်နှင့်တို့ကိုင်လေ၏။

ကိုင်သောအခါ ညိုညိုက မြဒင်၏လက်ကို အကိုင် အတွယ်ကြမ်းသောကြောင့် စိတ်ဆိုး၍ဖယ်သလို အမူအရာမျိုးနှင့် ကိုင်ဖယ်ပြီး သားဦးကလေးကို ရသဖြင့် အတိုင်းမသိ အားရဝမ်း သာဖြစ်သော မိခင်ပျို၏ပမာ ကလေးကိုပိုက်ရင်း လှုပ်ရှားယိမ်း ယိုင်လျက် တဆတ်ဆတ် တဖျတ်ဖျတ်ဖြစ်၍နေလေ၏။

ထိုလှုပ်ရှားပုံမှာလည်း အငြိမ့်မင်းသမီးပီပီစွာ ဇာတ်အက ဟန် ပါ၍နေလေရာ မြဒင်မှာ ပီတိသောမနသနှင့် ကြည့်၍နေ သော အမူအရာရှိလေ၏။

မြဒင်သည် ထိုကဲ့သို့ကြည့်၍နေပြီးမှ သက်မကြီးချသော



အမူအရာမျိုးနှင့် နောက်သို့လှည့်သွားပြီး စားပွဲမှာထိုင်ကာ သတင်း စာတို့ကို လှန်လှော၍နေလေ၏။

ညိုညိုသည်ကား သားသည်အမေလို ကလေးကိုပိုက်ကာ ချော့ရင်း မြဒင်အနားသို့ကပ်ကာ တရစ်ဝဲဝဲ စားပွဲကိုလှည့်ပတ်၍ နေလေ၏။

ထို့နောက် မြဒင်သည် ရုတ်တရက် မော်ကြည့်ကာ ညိုညို အား တစ်ခုခုကို ပြောလေ၏။

ညိုညိုသည် အားရဝမ်းသာသော အမူအရာနှင့် ကလေး ကို မြဒင်အား ပေးလေ၏။

မြဒင်သည် ကလေးကို ညိုညို၏လက်မှ ညင်သာစွာယူ လေ၏။

ညိုညိုသည် အခန်းထဲသို့ ဝင်၍သွားလေ၏။

အတန်ကြာလျှင် လှပစွာဝတ်စား၍ ထွက်လာပြီးနောက် မကြာမီ အိမ်ရှေ့ကားပေါ်သို့ ရောက်ကြပြီးလျှင် အဘယ်ကိုသွား ရမည်မသိရ။ ထွက်သွားသည်ကို ဝင်းကြည် မြင်လိုက်ရလေ၏။

သူတို့ ညားနေတာပဲ။ သူတို့ လင်မယားပါပဲ။ ဒါကြောင့် သူ ငါ့ကို ဖြတ်လိုက်တာပဲဟု တွေးကာ ရင်ထဲတွင် မချိတလိဖြစ် လျက် အိပ်ရာသို့သွားပြီးလျှင် တစ်ညလုံး မအိပ်နိုင်ဘဲ မြင်ရသမျှ ကြားရသမျှတွေကို စိတ်နာနေရှာလေတော့သတည်း။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၈)

တိုနေ့မှစ၍ ဝင်းကြည်မှာ ဝမ်းလည်းသာ၊ ဝမ်းလည်းနည်း အိမ်ရှေ့ကိုသာ အမြဲကြည့်လေ၏။

မြဒင်နှင့် ညိုညိုကို မြင်သည့်အခါတိုင်း အသည်းကိုစွဲ၍ ရှမ်းသလို နာလေ၏။

သင်း ဘာဆိုင်လို့ ကိုမြဒင်ဆီ ရောက်ရသလဲ၊ သင်း ဘာဆိုင်လို့ ငါ့သားကလေးကို သူ့သားဖြစ်နေဟန် လုပ်ရသလဲ စသည်ဖြင့် တွေးကာ အမြဲ မခံမရပ်နိုင်ဖြစ်၍ နေလေ၏။

ငါ့သားကလေးကို တိတ်တဆိတ် ကိုမြဒင် မသိအောင် နှိပ်စက်မှာပဲ။ ငါ့သားကလေးကို ဆိတ်လို့များဆွဲမလား၊ ဒုက္ခပေးသည့်အတွက် မုန်းထားပြီး အပ်နဲ့များထိုးမလား၊ ကြမ်းပိုးတွေ၊ ခြင်တွေကိုက်တာကို ခံနေရမှာပါပဲ စသည်ဖြင့် တွေး၍ပူလေ၏။

နေ့ဖြစ်စေ၊ ညဖြစ်စေ ဝင်းကြည်သည် လစ်သည့်အခါတိုင်း ကလေးကို တက်၍ကြည့်လေ၏။

သူ့ခိုးပမာ မိသွားမှာကိုလည်း ကြောက်လေ၏။

ကြောက်သည်ထက် မြဒင်၏မျက်နှာကို မြင်ရမှာ ပိုမို၍ ရှက်လေ၏။

မြဒင်မှာ ခြံထဲမှာလည်း မနေနိုင်၊ ထိုအခန်း၌လည်း ရပ်တည်လို့မရသကဲ့သို့ဖြစ်ကာ အမြဲလိုလို ကားနှင့် သွား၍နေပြီး မကြာခဏ ပြန်၍လာ၊ တစ်အောင့်လောက်သာနေသည်ကို ဝင်းကြည် သိမြင်လေ၏။

သို့သော်လည်း မိမိအတွက် ထိုကဲ့သို့ဖြစ်ခြင်းမဟုတ်၊ ညိုညိုနှဲ့ ညားနေပြီး အဘယ်အတွက် မသာမယာမျက်နှာနှင့် ထိုကဲ့သို့ သွားလာ၍သာ နေပါသနည်းဟု ဝင်းကြည် တွေးမိလေ၏။

မြဒင် ဖြတ်စာကို ရေးသည်မှာ ညိုညိုကို လိုချင်လို့ပဲ။ ညိုညိုနှင့် ပထမတွေ့ကတည်းက စွဲတာထင်ပါရဲ့ဟူ၍တွေးကာ မြဒင်နှင့် မိမိစပ်ကြားမှာ ပင်လယ်ကြီးခြားသလို ဖြစ်၍နေလေ၏။

အကယ်၍ မြဒင်ထံ မျက်နှာချကာ ဝင်၍ကပ်လျှင် ညိုညိုက အကြီးဖြစ်ပြီး မိမိမှာ အငယ်လိုနေရမှာပဲ။ ဤနည်းမျိုးနှင့် မနေ။ မိမိယောကျ်ားထံပြန်၍ အမြှောင်မလုပ်။ အကြောင်းလမ်းညီညွတ်လျှင် အငြိမ့်ထဲကို ပြန်၍ဝင်မည်ဟူသော မာနကိုသာ တင်းတင်းထားရှာလေ၏။

သို့ပင် တင်းစွာထားသော်ငြားလည်း ထိုတင်းခြင်းမြင့် မိမိနှလုံးကြောများသာ ပြတ်ဖို့ရှိ၍ မြဒင်အပေါ်၌ကား စိတ်မပြတ်နိုင်သည်ကို 'စိတ်၊ ရင်'အတွင်း၌ သိရလေ၏။ သိသည့်ကို မသိ

www.burmeseclassic.com

www.burmeseclassic.com



ဟန်ဆောင်ခြင်းသည် ရောဂါဝေဒနာဆိုးတစ်မျိုး ဖြစ်သည်ကို မသိသော ဝင်းကြည်မှာ နာလန်ထပြီးစတွင် ပြန်၍ တစ်ဖန် လဲရမည်ကဲ့သို့ အားငယ့်ယိမ်းယိုင် ညိုးမှိန်စပြုပြန်လေ၏။

သို့ပင် အားငယ်သော်လည်း မိမိအပေါ်၌ ကြင်နာသနားသော အဒေါ်ကြီးအတွက် အိမ်အလုပ်ကို ဝတ်ကျေအောင် လုပ်ရလေ၏။

မချမ်းမသာဖြစ်တိုင်းလည်း ကလေးကို ပြေး၍ကြည့်ရ၏။

တစ်ခါတစ်ခါ အိမ်ပေါ်သို့ ပြန်၍ရောက်သည့်အခါ မောပန်း အားကုန်သောကြောင့် အဒေါ်ကြီးမြင်လျှင် စိတ်မကောင်းမှာစိုးသောကြောင့် တိတ်တဆိတ် လှေကားထိပ် အခန်းအပြင်ဘက်မှာ နံရံကိုမှီကာ အမောဖြေ၍ နေရှာလေ၏။

အဘယ်မျှပင် စိတ်ရောကိုယ်ပါမောပန်းကုန်ခန်း၊ အဘယ်မျှပင် နွမ်းသော်လည်း မျက်နှာ၌ ကြည်လင်ပျော်ရွှင်သော ရုပ်ကိုဆောင်ကာ အိမ်ကိုသုတ်သင်ခြင်း၊ မီးဖိုအလုပ်ရှိသမျှကို လုပ်ခြင်းစသည်တို့၌ ပေါ့လျော့ခြင်းမရှိချေ။

ထိုအိမ်၌ အခြားအစေခံမရှိသဖြင့် ဝင်းကြည်မှာ အခါခါ ဝယ်ခြမ်းရန် အောက်သို့ဆင်းရလေ၏။

သို့သော်လည်း မြဒင်နှင့်မတွေ့အောင် အမြဲ သတိနှင့်ရှောင်ရလေ၏။

ညတစ်ည၌ မြဒင်မရှိမီ ညိုညိုနှင့် ဆရာကတော်ကို တစ်ဖက်ခန်းမှာ မြင်ရလေရာ ဝင်းကြည်သည် စောင်နက်ကြီးကို ခြုံလျက် လျှင်မြန်စွာဆင်း၍လာပြီး လူသူအလစ်မှာ ပြေး၍တက်လေ၏။

ကလေး၏ ပုခက်နားသို့ရောက်လျှင် မောဟိုက်လျက် ပုခက်ကြိုးကိုကိုင်ကာ ဒူးတုပ်လျက် ပုခက်ပေါ်တွင် ဦးခေါင်းကို ထပ်၍ ကလေး၏မျက်နှာကို စိုက်ကာကြည့်နေလေ၏။

ထိုအခိုက်တွင် ကလေး လန့်၍နိုးလေရာ ညိုညိုနှင့် ဆရာကတော် ပြေး၍ဝင်လာကြလေ၏။

ဝင်းကြည်သည် ၎င်းတို့၏ ခြေသံကို ကြားရသောအခါ ခုတင်အောက်သို့ တိုးဝင်လေ၏။

ပုခက်မှာ ယမ်းလှုပ်လျက် ကျန်ရစ်လေ၏။

'လာပြီ... လာပြီ... ဆိပ်ကမ်းသာလမ်းထိပ်မှာ ကားရပ်ထားပြီး လူတစ်ယောက်နဲ့ စကားပြောနေတယ်၊ မြန်မြန်ယူ' ဟု ဆရာကတော်က ပြောပြီး ပုခက်လှုပ်ပုံကိုကြည့်ကာ...

'ဘယ့်နှယ်လဲ လေလည်းမတိုက်ပါကလား ညိုညို၊ ဘာပြုလို့ လှုပ်တာလဲ၊ လူကိုင်လိုက်သလိုပဲ' ဟု ပြောလေ၏။

ညိုညိုသည်ကား ကလေးကို ကြိမ်းမောင်းဆဲဆိုရသဖြင့် ပုခက်ကို သတိမထားမိချေ။

ထိုအခိုက်တွင် ဝင်းကြည်မှာ လည်ချောင်း၌ ယား၍လာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ချောင်းဆိုးမှာစိုးသောကြောင့် အနိုင်နိုင်ချုပ်ထားရလေ၏။

ချုပ်သော်လည်းမရ။ 'ဟွတ်' ခနဲ အသံထွက်၍သွားလေ၏။

ညိုညိုနှင့် ဆရာကတော်တို့သည် လန့်လျက် စကား မပြောဘဲ တစ်ယောက်ကိုတစ်ယောက် ကြည့်၍နေကြလေ၏။

ညိုညိုက ကလေးကိုပိုက်ရင်း နို့ဘူးတိုက်လျက် ငေး၍ နေလေ၏။

'ဘယ်က အသံလဲ၊ ဘယ်သူမှလည်း မရှိပါဘူး၊ ကြည့် စမ်းပါဦးဟဲ့'

ဟု ပြောပြီး ဆရာကတော်သည် ခုတင်ကို ငုံ့၍ကြည့် ပြီး…

'အောင်မယ်လေးတော့… ဘာပါလိမ့်မလဲ'

ဟု လန့်၍အော်လေ၏။

ညိုညိုလည်း ကလေးကို ပုခက်ထဲပြန်ချပြီး ပြေးလေ၏။

မကြာမီ နှစ်ယောက်စလုံး တစ်ဖက်ခန်းသို့ ရောက်သွား ကြပြီး တရုတ်ရုတ်ဖြစ်ကြသည်ကို ဝင်းကြည် ကြားရလေ၏။

ဝင်းကြည်သည် ခုတင်ခြေရင်းဘက်မှ ခေါင်းမြီးခြုံလျက် ထွက်၍ ပြေးမည်အပြုတွင် ညိုညိုရော၊ ဆရာကတော်ရော၊ ကစ်ဖက်ခန်းမှ မိန်းမကြီးတွေရော…

'သူခိုး… သူခိုး'

ဟု အော်လျက် ပြေး၍လာကြရာ ဝင်းကြည်သည် ၎င်းတို့ ၏စပ်ကြားတိုး၍ တံခါးသို့ပြေးလေ၏။



မိန်းမများသည် ဝင်းကြည်ကို ဝိုင်း၍အုပ်ကာစီးပြီး လက်ရဖမ်းကြလေ၏။ ဝိုင်း၍ စိုက်ကြည့်ကြလေ၏။

တချို့က ခုံဖိနပ်များနှင့် ဦးခေါင်းကို ခုတ်ကြလေ၏။

'ကျွန်မပါ… ကျွန်မပါ'

ဟု ဝင်းကြည်က အော်လေ၏။

ဦးခေါင်းမှ စောင်ကွာ၍ကျလေ၏။

သို့သော်လည်း ဆံပင်တွေ ဖားလျားကျ၍ မျက်နှာကို ပ်နိုက်…

'သူခိုးမ… ဘယ်က ကျွန်မရမလဲ'

ဟု ပြောကာ ညိုညိုက ဆံပင်များကို လက်နှစ်ဖက်နှင့် အားဆွဲပြီး သမံတလင်းပေါ်သို့ ပက်လက်လှန်၍ ချလိုက်လေ၏။

မြဒင် အခန်းထဲသို့ ဘွားခနဲရောက်၍လာလေ၏။

တစောင်းခွေကာ မျက်နှာကိုချပြီး လက်နှစ်ဖက်ကို ရှေ့ သို့ပစ်လျက် လဲကျ၍နေသော ဝင်းကြည်ကို ညိုညိုသည် ဖနောင့် င် ပေါက်လေ၏။

'ဟဲ့… ဘာလဲဟဲ့… ဘယ့်နှယ်လဲဟဲ့'

ဟု ပြောကာ မြဒင် ပြေး၍လာပြီး ဝင်းကြည် ဆံပင်များ ို ဆွဲကိုင်၍လှန်လိုက်ရာ မြဒင် ကြက်သေသေ၍ နေလေ၏။

ညိုညိုနှင့် ဆရာကတော်တို့လည်း ပါးစပ်ဟလျက် မိန်း ာ၍နေကြလေရာ အခြားမိန်းမများလည်း အံ့အားသင့်၍နေကြ လေ၏။

www.burmeseclassic.com

www.burmeseclassic.com



မြဒင်သည် တစ်ကိုယ်လုံး တုန်လှုပ်လာပြီး…

'အောင်မယ်လေး… ဝင်းရဲ့'

ဟု ခေါ်ကာ ဒူးထောက်လျက်လဲကျပြီး ပွေ့ယူကာ ပေါင်ပေါ်၌ ပက်လက်ထားပြီး…

'ရေယူခဲ့ကြပါ၊ ကျွန်တော့်မိန်းမပါ၊ ဘယ့်နှယ်လုပ်ကြတာတုံး၊ ဝင်း… ဝင်း… ဝင်းရဲ့၊ မျက်လုံးကိုဖွင့်ပါဦး၊ အောင်မယ်လေး… အသက်ရှိသေးရဲ့လား၊ ဘယ့်နှယ် အရမ်းလုပ်လိုက်ကြပါလိမ့်ခင်ဗျာ'

မျက်ရည်စက်လက်နှင့် ပြောပြီး ပိုက်ထွေးယုယ ဦးခေါင်းကို ရေများနှင့်ဆွတ်သူက ဆွတ်၊ ယပ်ခတ်သူက ခတ်၊ ခြေလက်ကို စမ်းသပ်သူက စမ်းသပ်၊ ငယ်ထိပ်ကို မှုတ်သူက မှုတ်၊ ညိုညို၏ ခုံဖိနပ်စောင်းကြောင့် သွေးကျသောဒဏ်ရာကို ဆေးသူက ဆေးကြလေ၏။

မြဒင်သည်ကား ပွေ့ချီလျက် မျက်နှာချင်းကပ်ကာ တတွတ်တွတ် နာမည်ကိုသာ ခေါ်၍နေလေ၏။

မထိန်းနိုင်သော မျက်ရည်ပေါက်ကြီးများသည် ဝင်းကြည်၏ မျက်နှာပေါ်သို့ ကျလေ၏။

ညိုညိုမှတစ်ပါး အခြားမိန်းမများနှင့် ဆရာကတော်ပါ မကျန် မျက်ရည်ကို မချုပ်တည်းနိုင်အောင် ဖြစ်ကြလေသတည်း။

✻ ✻ ✻

## အခန်း(၁၉)

အတန်ငယ်ကြာလျှင် ဝင်းကြည်သည် မျက်လုံးများကို ဖွင့်၍ ကြည့်လေ၏။

မြဒင်နှင့် မျက်လုံးချင်းဆိုင်မိလေ၏။

ထိုအခါ စကားမပြောနိုင်ကြချေ။

မြဒင်သည် ပြောစရာ မေးစရာ စကားရှာ၍မရ။ မျက်နှာကိုစိုက်ကာကြည့်၍နေရာမှ အံကြိတ်ကာမဲ့ပြီး မျက်နှာကို ဝင်းကြည်၏ ရင်ဘတ်ပေါ်သို့ချကာ တစ်ကိုယ်လုံး သိမ့်သိမ့်ခါအောင် ရှိုက်ငင်ငိုကြွေးရာလေတော့သတည်း။

ဝင်းကြည်သည် သတိရလာလေ၏။ အားယူကာထ၍ ထပြီး မြဒင်၏ ရင်၌မှီကာ မြဒင်၏မျက်နှာကို မော်၍ကြည့်ရင်း မျက်နှာမှာ နီမြန်းလျက် မျက်လုံးများမှာ ရွှန်းဝေ၍လာလေ၏။

မြဒင်၏လည်ကို တွယ်ဖက်ကာ မျက်တောင်မခတ်ဘဲ မျက်နှာကို ကြည့်၍နေလေ၏။

ထို့နောက်မှ တစ်စုံတစ်ရာကို သတိရသလိုဖြစ်ကာ ဝင်းကြည်မှာ မျက်နှာပျက်ပြီး…

www.burmeseclassic.com

www.burmeseclassic.com



'ကိုမြဒင် ကျွန်မကိုလွှတ်ပါ၊ ကျွန်မနဲ့ ဘာမှမဆိုင်ပါဘူး။ ကျွန်မ ကလေးကိုမြင်ချင်လို့ လာတာပါ'

ဟု အားငယ်သောအသံနှင့် ပြောလေ၏။

'ဘာပြုလို့ မဆိုင်ရမှာလဲ ဝင်းရယ်၊ မင်း ဘယ်ကိုသွားချင်သေးလို့လဲ၊ မသွားရဘူး၊ ဘယ်မှာ နာသလဲ၊ ဘယ့်နှယ်နေသလဲ'

ဟု တစ်ကိုယ်လုံးကို စမ်းသပ်ကာ မေးလေ၏။

မိန်းမများက မိမိတို့ တစ်စုံတစ်ရာမသိကြသဖြင့် ဝိုင်း၍ ဆွဲမိ လွှဲမိ ပုတ်ခတ်မိကြကြောင်းများကို ဝမ်းနည်းစွာ ပြောကြလေ၏။

ဝင်းကြည်သည်ကား ညိုညိုကို ထူးခြားသော ကြည့်ခြင်းမျိုးဖြင့် ကြည့်လေ၏။

ထိုအခါ ဆရာကတော်က…

'အကြည် အထင်မလွဲနဲ့၊ အဒေါ်နဲ့ ညိုညိုက ကလေးကို ထိန်းတာပါ၊ စိတ်ထဲမှာ စနောင့်စနင်းမဖြစ်ပါနဲ့'

ဟု ပြောလေ၏။

ဝင်းကြည်၏မျက်နှာမှာ လန်းသလိုဖြစ်ပြီး မြဒင်၏ပေါင်ပေါ်မှ အားယူ၍ထလေရာ မိန်းမများက ခုတင်ပေါ်သို့ တွဲယူ၍ ပို့ကြလေ၏။

မြဒင်က အပါး၌ထိုင်ကာ စိန်မြကြည်ဆိုတာ ဝင်းကြည်ဖြစ်ကြောင်းသိသဖြင့် ညိုညိုနှင့် ဆရာကတော်ထံ စုံစမ်းရန်သွား



ကြရာမှာ ညိုညိုက မိမိ၏သူငယ်ချင်းကလေးမို့ ထိန်းပါရစေဟု တောင်းပန်သည့်အတွက် ခေါ်၍ထားရကြောင်း ပြော၍ပြလေ၏။

ဆရာကတော်က…

'မကြည်အကြောင်း ကြားကတည်းက အားလုံးပဲ စိတ်မကောင်းဖြစ်ပြီး စိတ်ပူလိုက်ကြတာ၊ မကြည်ဦးလေးကလည်း တဖျစ်တောက်တောက်နဲ့၊ ညိုညိုကလည်း မကြည် ကလေးအကြောင်းကြားတော့ အရူးလိုဖြစ်နေတာနဲ့ သူ့ဒွေးမင်းဆီ ကူညီဖို့ ပို့ထားရတာပဲ၊ အဒေါ်ကတော့ တစ်ခါတစ်ခါ လာတာပါ'

ဟု ပြောပြလေ၏။

ထိုစကားကို ကြားရသောအခါ မယုံနိုင်သကဲ့သို့ ဖြစ်၍ နေလေ၏။

ထို့နောက်မှ မိမိ၏အဖြစ်အပျက်၊ အဘယ်အတွက် ထွက်၍သွားကြောင်း စသည်တို့ကို ပြောပြလေ၏။

ဆရာကတော်က ကလေးကို ရင်ခွင်ထဲသို့ လာ၍ပေးလေရာ ဝင်းကြည်သည် အားရပါးရ ပွေ့ယူနမ်းရှုပ်လေ၏။

ညိုညိုမှာကား စကားတစ်လုံးမျှ ပြောဖော်မရ၊ ဟန်ဆောင်၍မျှ မရ၊ မျက်နှာမှာ နာမည်နှင့်လိုက်အောင် ညိုပုပ်လျက် သေအောင်မလုပ်လိုက်မိတာ မှားလေခြင်းဟူ၍များ တွေးတော၍ နေလေသလား မသိရချေ။

ဝင်းကြည်သည် အားယူ၍ ထိုင်လေ၏။

ဆံပင်များကို ပတ်ရစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



အားလုံးသော မိန်းမများက ဝင်းကြည်အား…

'သူဌေးကတော်'

ဟု စ၍ခေါ်ကြလေရာ ဝင်းကြည်က…

'ကျွန်မ သူဌေးကတော် မဟုတ်ပါဘူး။ ကျွန်မကို သူ ကွာထားတာ ကြာလှပါပြီ၊ ကျွန်မကို မကွာရင်လည်း မဖြစ်ဘူး ကျွန်မ ဒီမှာလည်း မနေနိုင်ဘူး'ဟု ပြောလေ၏။

ဒင်…

'ဘာဖြစ်လို့ မဖြစ်ရမှာလဲ၊ ဒီခွေးသူဌေး အလုပ်ကို မလုပ် ချင်ဘူး၊ ဒီစည်းစိမ်တွေကို ဘာလုပ်ဖို့လဲ၊ ကျုပ်သားကလေး ကျုပ်မိန်းမထက် ဒီစည်းစိမ်တွေက ပိုပြီးအဖိုးတန်မှာလား၊ ဝင် ဘယ်ကိုမှ မသွားရဘူး၊ ဝေါ်ရင် ကျုပ်မိန်းမနဲ့ ကျုပ်ကလေး သဘောဆင်းပြီး ကူလီလုပ်ကျွေးမယ်၊ ကွမ်းယာရောင်းကျွေးမယ် သုခချမ်းသာကိုမပေးတဲ့ ဒီစည်းစိမ်တွေကို ဘာလုပ်ဖို့လဲ'

ဟု ပြောလေ၏။

ထိုအခါ မိန်းမများသည် တီးတိုးစကား ပြောကြလေ၏

ညိုညို၏မျက်နှာမှာ သာယာသော ပြောင်းလဲခြင်းတစ် ဖြစ်၍လာလေ၏။

၄င်းတို့သည် မြဒင်၏ စည်းစိမ်ဥစ္စာအကြောင်းနှင့် ပ သက်၍ သေတမ်းစာမှာ စကားအခံ အဘယ်လို ပဋိညာဉ်ရှိသည် ကို သိကြလေရာ ဝင်းကြည်နှင့် မြဒင် မမြင်ရအောင် မေးထိုး လေ၏။

BURMESE CLASSIC .com



များမကြာမီ ဝင်းကြည်နှင့် မြဒင်ကိုထားခဲ့ကြပြီး တစ်ဖက် ခန်းသို့ ပြန်ကြပြီးလျှင် မြဒင် သူဌေးဘဝမှ ရှာနံလျှောမည့် အကြောင်းကို ဆွေးနွေးကြရာ ညိုညိုမှာ များစွာစိတ်အားထက်သန် သူတစ်ယောက် ဖြစ်လေသတည်း။

✲ ✲ ✲

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၀)

နောက် ရက်ပေါင်းများမကြာမီ သူဌေးဦးမြဒင်မှာ ကွယ်လွန်သူ ခေါင်ငြိမ်း၏ သေတမ်းစာတွင် ပါရှိသော ပဋိညာဉ်နှင့် မညီညွတ်သည့်အတွက် စည်းစိမ်ဥစ္စာတို့ကိုစွန့်ရန် ခေါင်ငြိမ်း၏ ဆွေမျိုးအရင်းများက ရုံးသို့လျှောက်သဖြင့် ထိုပစ္စည်းများနှင့်ပတ်သက်၍ အချင်းချင်း တရားဖြစ်ပွားဖို့ရှိကြောင်း သတင်းများ ထွက်ပေါ်လာလေ၏။

ထို့နောက် မြဒင်မှာ ထိုပစ္စည်းများကို စွန့်လွှတ်ဖို့ရန် နို့တစ်စာများကို ရရှိသဖြင့် မြဒင်မှာ ခုခံခြင်း တစ်စုံတစ်ရာမပြုဘဲ ရှောင်ရှား၍ စွန့်ခွာခဲ့လေ၏။

ဝင်းကြည်သည်ကား ထိုကဲ့သို့ဖြစ်မည်ကို သိသဖြင့် မိမိကပင် ထွက်၍သွားရာ ယခု မိမိ ပြန်၍ရောက်လာသည့်အတွက် မြဒင်မှာ ဤကဲ့သို့ဖြစ်ရသည်ဟုပြောကာ မိမိအား ခွဲ၍နေခွင့်ကို ပေးရန်၊ သို့မဟုတ် ရသေ့မလုပ်၍ တရားကိုအားထုတ်ဖို့ရန် အခွင့်ကို ပေးပါဟု တောင်းပန်လေ၏။



တောင်းပန်သော်လည်း မြဒင်သည် နားမထောင်၊ အချစ်မရှိသောဘဝထက် ဆိုးသောဘဝမရှိ၊ အချစ်ကင်းမဲ့ သွေ့ခြောက်ရခြင်းကို စည်းစိမ်ဥစ္စာသည် စိုပြည်အောင် မလုပ်နိုင်ကြောင်းနှင့် ခေါင်းမာမှာ ခုခံလေရာ ဆင်းရဲ၍နေကြရာလေသတည်း။

ထိုအခိုက်တွင် ခေါင်ငြိမ်း၏ ဆွေမျိုးများသည် ပစ္စည်းများ ပိုင်ဆိုင်ခွင့်ကို ရဖို့ရန် ရုံး၌ ကြိုးစား၍နေကြလေ၏။

မြဒင်သည် မိမိလက်၌ရှိသော အနည်းငယ်မျှသော ငွေကြေးနှင့် အလုပ်တစ်ခုခုကိုလုပ်ရန် ကြံစည်လေ၏။

သို့သော်လည်း ကြံစည်၍ အပေါက်အလမ်းမတည့်ချေ။

သူဌေးဖြစ်ရာမှ သိမ်ငယ်သော လခစားအလုပ်ကို လုပ်ဖို့ရန် ခက်၏။

ဈေးသည်လုပ်၍ ရောင်းချရန်မှာလည်း မသင့်မလျော်ချေ။

ဝင်းကြည်သည်ကား…

'ငါ အချက်ပေါ်ပြီ၊ သူ ငါ့ကို ဘယ်နည်းနှင့်မဆို ကဖို့ဆိုဖို့ အခွင့်ပေးရတော့မှာပဲ'

ဟု မျှော်ကိုးပြီး အခွင့်ကိုတောင်းလေရာ မြဒင်သည် ငြင်းပယ်၍သာ နေလေ၏။

လက်ဝယ်ရှိသော ငွေအနည်းငယ်မှာ ကုန်ခါနီးလေပြီ။

ကုန်လျှင် အဘယ်ပုံ အသက်မွေးရမည် မသိကြရချေ။

မြဒင်မှာ တစ်ဘဝတည်း တစ်ခဏချင်းတွင် ဘဝများစွာ

www.burmeseclassic.com

www.burmeseclassic.com

ပြောင်းလဲရသလို ဖြစ်လေ၏။

ရက်များမကြာမီ ငှင်းတို့မှာ ငွေကြေးပြတ်လပ်စ ပြုလေ၏။

ချမ်းသာစဉ်အခါက လာရောက်ပျော်ပါး စားသောက်ကြသော မိတ်ဆွေတို့နှင့် မတွေ့ရတော့ချေ။

တွေ့သည့်အခါ၌လည်း မြဒင်ကိုယ်တိုင်ကပင် လွှဲရှောင်၍ သွားလေ့ရှိ၏။

ထိုအခါ၌ အိမ်ထောင်ပစ္စည်း၊ အဝတ်အစားကလေးများကို ပေါင်နှံ၍စားရသောအဖြစ်သို့ ရောက်စပြုကြလေ၏။

အခါများစွာ ကလေး၏အတွက် နို့ဖိုးမရှိမှာစိုးသဖြင့် လင်မယားနှစ်ယောက်မှာ အငတ်ခံ၍ နေကြရရှာလေ၏။

ယခုမှ တကာလို့အကျဉ်၊ တကယ့်အငတ်၊ ရှေးအခါက ဝတ်တာနှင့်စာလျှင် များစွာပိုမို၍ ဆိုးနေလေ၏။

ကြီးမြင့်သော ပုဂ္ဂိုလ်တစ်ယောက် ပျက်စီးလိမ့်လဲ၍သွားသည့်အခါ သနားကြင်နာသူ နည်းပါး၊ ဝမ်းသာသူက များတတ်သလို မြဒင်ကို သတိရသူ နည်းပါးကြလေ၏။

အချို့က…

'အသုံးမကျတဲ့ နွားပဲ၊ ကမ္ဘာပေါ်မှာ မိန်းမရှားလို့လား ဒီလိုအကောင်မျိုးမို့ ဒီလိုဖြစ်တာပေါ့၊ မသကာ ကွာထားပြီး အဖေက ထောက်ပံ့ ဘာဖြစ်သလဲ'

စသည်ဖြင့် ပြောကြလေ၏။



ထိုကဲ့သို့ ပြောသူတို့သည် နက်နဲသော အချစ်၏ ထူးခြားပုံကို သိသူများမဟုတ်။ အဟုတ်တကယ် အချစ်၏လေးနက်ခြင်းကိုလည်း သိမည့်လူမျိုးတွေ မဟုတ်ကြချေ။

မြဒင်သည်ကား မည်သူ၏ ကဲ့ရဲ့ရှုတ်ချခြင်းကိုမျှ မလေးမစား၊ အချစ်၏ ညွှန်းဆောင်ရာသို့ ဖြောင့်ဖြောင့်ကြီးသွားသူ ဖြစ်လေ၏။

အကြောင်းမူကား ဤလောက၌ အချစ်ထက်မြတ်သော အရာ မရှိချေ။

လောက၌ ချစ်စရာအကောင်းဆုံးသော အရာသည် အချစ်ဖြစ်၏။

အချစ်ထက်ပို၍ ချစ်စရာကောင်းသောအရာ မရှိချေ။

ရွှေငွေတို့မည်သည် သုံးနိုင်သည်ထက် ပိုလျှံနိုင်၏။

အချစ်မှာ ပိုလျှံသည်ဟု မရှိနိုင်ချေ။

မြဒင်နှင့် ဝင်းကြည်တို့မှာ အဆင့်အတန်း အားစွမ်းတူညီသော အချစ်ရှိသဖြင့် အချစ်အတွက် အများ၏စိတ်ထား အယူအဆနှင့်မတူ ကွဲပြားခြားနားသူများ ဖြစ်ကြလေသတည်း။

ညတစ်ညသ၌ ကလေးကို အလယ်မှာထား၍ အသက်မွေးမြူခြင်း၏ နည်းလမ်းကို ကြံကြလေ၏။

'နက်ဖြန်အတွက် နက်ဖြန်က ပူလိမ့်မည်'

ဟူသော စကားကို မယုံနိုင်ကြ။ ညကပင် တင်ကြို၍ ယူဆလျက်ရှိကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝင်းကြည်မှာ ကလေးကို မျက်ရည်များနှင့်ကြည့်လျက်…

'မေမေ့ကြောင့် ဆင်းရဲရတာပဲ သားကလေးရဲ့'

ဟု ပြောလေ၏။

'ဒါတွေကိုချည်း ထပ်ထပ်ပြောမနေစမ်းပါနဲ့ ဝင်းရယ်၊ နည်းလမ်းတစ်ခုခု ပေါ်လာပါလိမ့်မယ်၊ လူမသေ ငွေမရှား သူများနည်းတူ တစ်ခုခုတော့ ဖြစ်ရမှာပေါ့ကွယ် ဝင်းရဲ့၊ ပူစရာရှိရင် ငါပူပါရစေ၊ မင်းကလေးကိုသာ မင်း ဂရုစိုက်ပါ ဝင်းရယ်'

ဟု ပြောလေ၏။

* * *

## အခန်း(၂၁)

ထိုအခိုက်တွင် တံခါးခေါက်သံ ကြားရသဖြင့် ဖွင့်၍ပေးရာ လူတစ်ယောက် အရေးတကြီး ဝင်ရောက်လာပြီး…

'အောင်မယ်မင်း… ဖြစ်မှဖြစ်ရလေ လူရယ်၊ ရှာလိုက်ရတာ၊ ဘယ်မှာမှ မတွေ့ဘူး၊ ဖြစ်ပျက်ပုံတွေ ကြားကြားချင်း လိုက်ရှာတာပဲ၊ ဘာပြုလို့ မလာသလဲ မိတ်ဆွေရယ်၊ ဖြစ်ပုံနှယ် တော်ရော့သလား၊ မိတ်ဆွေ ဘာပြုလို့ ကျုပ်ဆီ ပြေးမလာတာတုံး'

ဟု ပြောလေ၏။

'ကျုပ် တွေးမိတယ် ကိုကျော်၊ သို့သော်လည်း ခင်တဲ့လူဖြင့် ရှာလာလိမ့်မယ်၊ ငါကတော့ ဘယ်သူ့ဆီမှ မျက်နှာသွားမပြတော့ဘူး၊ ဖြစ်လိုရာဖြစ်ဆိုပြီး နေတော့တာပဲ'

'ဘာအရေးကြီးလို့လဲ မိတ်ဆွေ၊ ဘယ်သူ့ပစ္စည်းလဲ၊ မိတ်ဆွေ ငွေရင်းထုတ်ပေးလို့ ဒီအလုပ်ဖြစ်ရတာ မဟုတ်လားဗျ၊ မိတ်ဆွေပစ္စည်းပေါ့၊ ကျုပ်က အထိန်းပဲ၊ အကုန် တစ်ပြားတစ်ချပ်

www.burmeseclassic.com

www.burmeseclassic.com



မလစ်ဟင်းရအောင် အော်ဒစ်နဲ့ လုပ်နေတာပါ၊ တိုက်ကိုလည်း လာကြည့်ဦးမှပေါ့ဗျာ၊ အားလုံးက ကျုပ်ကို သူဌေးခေါ်နေကြတယ်၊ ကျုပ် သူဌေးမဟုတ်ဘူး၊ သူဌေးရှိတယ်လို့ အမြဲပြောလျက်ပါ၊ မဟုတ်တာကို မလုပ်ပါဘူး၊ တစ်သက်လုံး လူဖြစ်အောင် လုပ်ပေးတဲ့ ကျေးဇူးရှင်တစ်ယောက်ကို ပြစ်မှားရင် အခု ဒုက္ခဖြစ်သွားမှာပေါ့ဗျာ'

'ထုတ်ပေးတဲ့ငွေက ကျုပ်ငွေမဟုတ်ဘူး ကိုကျော်၊ တိုးတိုးပြော လူကြားမယ်၊ သူတို့ပစ္စည်း၊ ကျုပ်က စာသိုက်ဝင်စော်ကားတဲ့ ပျံလွှားပါ၊ သူတို့က ဘာမှလာမပြောဘူးလား'

'ပွစိပွစိတော့ ကြားရတာပေါ့၊ သူတို့ရဲ့ငွေနဲ့ တည်ထောင်တဲ့အလုပ်လို့ ပြောချင်တာပေါ့၊ ပြောရင် ကျုပ်က တယ်ပီရိတယ်၊ ငွေရင်းဘယ်လောက် စိန်မြကြည်စာတ်ပြားအလုပ်နဲ့ အရင်းကျေပြီး အရင်းသုံးဆမကဘူး အမြတ်ပေါ်နေတယ်၊ လိုချင်ရင် အခု ပြန်ပေးလိုက်မှာပေါ့၊ ဒါထက် စိန်မြကြည်ဆိုတာ သူဌေးကတော်လို့ ကြားရပါလား'

ဟု ဝင်းကြည်ကိုကြည့်ကာ ပြောလေရာ ဝင်းကြည်က ပြုံး၍နေလေ၏။

ထိုအခိုက်တွင် တံခါး၌ ခေါက်သံကြားရပြန်လေ၏။ ရောက်လာသူမှာ ဝတ်လုံတော်ရမင်း ဖြစ်၍နေလေ၏။

မြဒင်က မျက်နှာတင်းတင်းနှင့်ကြည့်ကာ…

'ထိုင်ပါ ဝတ်လုံတော်ရမင်းရယ်၊ အင်မတန်တော်တဲ့



ဝတ်လုံတော်ရမင်းပဲ၊ အခု ဘာအလိုရှိပါသလဲ'

'ဟောဒီမှာ အသုံးစာရင်းတွေ၊ ခင်ဗျားမိန်းမ မမာတုန်းက ပြုစုပေးရတာတွေ'

ဟု ပြောပြီး စက္ကူတစ်ချပ်ကို ပေးလေရာ ငွေသုံးရာကျော်ခန့် ဖြစ်၍နေလေ၏။

'ကျွန်တော် အခု လူမွဲဖြစ်နေတယ်ဆိုတာ ဝတ်လုံတော်ရမင်း သတင်းမကြားလို့လား'

'ကြားတဲ့သတင်းတွေ မဟုတ်လို့ လာရတာပေါ့'

'ဘာဖြစ်လို့ မဟုတ်တာလဲ၊ ရုံးမှာ စီရင်ချက်ချပြီးပြီ မဟုတ်လား'

'စီရင်ချက်ချအောင် ကျုပ် တမင်စောင့်နေတယ်၊ ကျုပ်က ကျုပ်စရိတ်နဲ့ အယူခံပြီးပြီ၊ အဲဒီ စရိတ်တွေကလည်း တော်တော်များတယ်၊ စာရင်းမလုပ်ရသေးဘူး'

'ဘယ့်နှယ်… ဘယ်သူက အယူခံခိုင်းလို့လဲ'

'မူလကတည်းက မောင့်ကို ကျုပ် သူဌေးဖြစ်အောင် လုပ်တာ၊ မောင် နတ်ပြည်က ချန်ချတော့ ကျုပ် ပြန်တင်ရတာပေါ့၊ ဟော်ဒါ စီရင်ချက်ပဲ၊ အဲဒါ ဖြတ်စာရဲ့ကျေးဇူး'

ဟု ပြောလေရာ မြဒင်နှင့် ကိုကျော်မှာ စီရင်ချက်ကို ဖတ်ပြီး အံ့အားသင့်၍နေကြလေ၏။

အကြောင်းမူကား ထိုစီရင်ချက်၌ မြဒင်သည် ဝင်းကြည်အား ဖြတ်စာပေးသည့်နေ့ကစပြီး ပစ္စည်းများကို အကုန်ပိုင်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း။

သေတမ်းစာ၌ ကွာရှင်းဖို့သာပါကြောင်း၊ ကွာပြီး ပြန်မပေါင်းရဟူသော စကား မပါမရှိကြောင်း။

ယခု ပြန်၍ညားသော မိန်းမမှာ မူလဝင်းကြည် မဟုတ်။ နိုင်ငံကျော် အငြိမ့်မင်းသမီး စိန်မြကြည်ဖြစ်ကြောင်းများ ပါရှိ၍ နေလေသတည်း။

ဝတ်လုံက ဒေါမာန်ပါပါနှင့် ရင်ဘတ်ကိုပုတ်ကာ…

'ရှေ့နေ မောင်ရင်ရဲ့ ရှေ့နေဉာဏ် သိလား၊ ဒီယုန်မြင်လို့ ဒီချုံထွင်တာ၊ မရမက ကွာရအောင် မဟုတ်တာတွေ ပြောရတာ၊ မပြောရင် မောင် ကွာမှာမဟုတ်ဘူး၊ ဒီလောက်ကြီး မယားတရှူး ဖြစ်မှန်းသိလို့ ဒီလို မဟုတ်တာတွေပြောပြီး အဖြတ်ခိုင်းရတာ သိပါတယ်၊ မောင် ကျုပ်ကို တလွဲထင်တယ်ဆိုတာ မောင့်မိန်းမ လည်း အတူတူပါပဲ၊ ကိုင်း… လာ… လိုက်ခဲ့ကြ၊ ဒီအခန်းမှာ အသက်ရှူနိုင်ကြရဲ့လား'

ဟု ပြောပြီး ခေါ်လေ၏။

မကြာမီ အားလုံး မော်တော်ကားတစ်စီးနှင့် ခြံထဲရှိအိမ်ကြီးသို့ ပြန်၍ရောက်သွားကြလေရာ မိတ်ဆွေများထံမှ ပေးပို့သော ဝမ်းမြောက်သည့်စာ မြောက်မြားစွာတို့ကို စားပွဲပေါ်၌ တွေ့ရှိရလေ၏။

ပီမိုးနင်း

BURMESE CLASSIC .com

www.burmeseclassic.com